
www.burmeseclassic.com

ခိုင်သန့်ကျော်

ဖြစ်ရပ်မှန်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ခိုင်သန့်ကျော်

# ဖြစ်ရပ်မှန်ဟာသများ

ဖြန့်ချိရေး

❀ ပစ်တိုင်းထောင်စာပေ ❀

အမှတ် (၁)၊ စကြံန်စာအုပ်ဆိုင်၊ ရန်ကုန်ဘူတာကြီး

ရန်ကုန်မြို့။ ဖုန်း - ၂၇၉၀၂၄ ၂၄၃၅၂၂

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၆၁၃/၂၀၀၁ (၆)
အဖုံးခွင့်ပြုချက်အမှတ် - ၈၀၃/၂၀၀၁ (၉)

၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ် - အုပ်ရေ (၁၀၀၀)
တန်ဖိုး - ၃၅၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (မြ-၀၁၆၉၂) ချိုတေးသံစာပေ
ရွှေနှံ့သာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံမြို့နယ်။

မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်စိန် (မြ - ၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ် (၁၇)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

အတွင်းပုံနှိပ်သူ
ဒေါ်အေးအေးခိုင် (၀၃၀၀၅)
မိနိုကြယ်ပုံနှိပ်တိုက်
၇၂ လမ်း ၃၀၊ [illegible]မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၃၈၉၅၉၇
[illegible]

၁။ စာရေးသူ၏အမှာ
၂။ ကျွမ်းကျင်မှုဟူသည် - ၂၀
၃။ ပညာရှိအဆိုကို ကန့်ကွက်ခြင်း - ၂၀
၄။ စဉ်းစားတွေဝေမိခြင်း - ၂၁
၅။ ဆွေမျိုးပဲလား - ၂၁
၆။ ပြန်ကြားအပ်ပါသည် - ၂၂
၇။ သူ့ဖာသာသူရေချိုးတတ်ပါတယ် - ၂၃
၈။ မရက်ပါဘူး - ၂၃
၉။ လက်ရေးသည်းခံပါ - ၂၄
၁၀။ ကြွားလိုက်ပုံက - ၂၅
၁၁။ အိပ်ယာထချိန် - ၂၅
၁၂။ တွေ့လိုသူ - ၂၆
၁၃။ တစ်ခုတော့ခွင့်ပြုပါ - ၂၆
၁၄။ ဆင်တူရိုးမှား - ၂၇
၁၅။ မရှိတာမသိလို့ - ၂၇
၁၆။ ခိုးသွားမယ်မထင်မိလို့ပါ - ၂၇
၁၇။ ဖြစ်နိုင်ချေ - ၂၈
၁၈။ အငြင်းအခုန် - ၂၈
၁၉။ အသက်ရှင်နေရတာ - ၂၉
၂၀။ ခြားနားချက်မရှိပါဘူး - ၃၀

www.burmeseclassic.com

www.burmeseclassic.com




၂၁။ ဘာဖြစ်မယ်ထင်လဲ - ၃၀
၂၂။ အေးတာကြောက်သူ - ၃၁
၂၃။ အိမ်မက်ထဲမှာ - ၃၁
၂၄။ ခြောက်-ဝါသနာဆိုတာ - ၃၁
၂၅။ လူပြောင်း - ၃၂
၂၆။ ကျူပ်မှားသွားပါတယ် - ၃၃
၂၇။ ဒေါ်လာငါးရာတန်အလှ - ၃၃
၂၈။ စိန့်မှုနာမဖြစ်စေချင်ပါ - ၃၄
၂၉။ အဆင့်သုံးမှာတော့ - ၃၄
၃၀။ အလုပ်နှင့်အဆက်အသွယ်ပြတ်သူ - ၃၅
၃၁။ ဆုံးဖြတ်ချက် - ၃၅
၃၂။ အာပုတ်စော်နံတဲ့မင်းသား - ၃၆
၃၃။ တရားခံက - ၃၇
၃၄။ မေ့တတ်သူ - ၃၇
၃၅။ အကြံကောင်း - ၃၈
၃၆။ ကံစမ်းမဲ - ၃၈
၃၇။ အောက်ခြေကစချင်ပါတယ် - ၃၉
၃၈။ တီထွင်မှုကောင်းပါသည် - ၃၉
၃၉။ နေရာ - ၄၀
၄၀။ လူပြည့်အောင်မစောင့်နိုင်လို့ - ၄၁
၄၁။ သူ့အလှည့် - ၄၂





၄၂။ ဝေးလေကောင်းလေ - ၄၂
၄၃။ စကားဝှက် - ၄၃
၄၄။ မှတ်တမ်းတင်ပါ့မယ် - ၄၃
၄၅။ သုံးမှာ - ၄၄
၄၆။ ရှင်မှားနေပြီ - ၄၅
၄၇။ ချန်ပီယံ - ၄၆
၄၈။ နောက်ကျလို့ - ၄၇
၄၉။ ကြော်ငြာ - ၄၇
၅၀။ စိတ်ကျေနပ်အောင်ပြောပါ - ၄၈
၅၁။ အတွေးအခေါ် - ၄၈
၅၂။ မှားနေပြီ - ၄၉
၅၃။ အသက်ရှည်နည်း - ၄၉
၅၄။ မင်းအလှည့်ရောက်ပြီ - ၅၀
၅၅။ သက်သေ - ၅၁
၅၆။ မေးခွန်းနှစ်မျိုး - ၅၂
၅၇။ လွယ်ပါတယ် - ၅၂
၅၈။ မင်းကြောင့် - ၅၃
၅၉။ နောက်ဆုံးမျိုးဆက် - ၅၃
၆၀။ အနမ်း - ၅၄
၆၁။ ဉာဏ်စမ်း - ၅၄
၆၂။ လက်စားချေခြင်း - ၅၄


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၆၃။ | ကြံကြံဖန်ဖန် | - ၅၅ |
| ၆၄။ | အလိုအပ်ဆုံး | - ၅၆ |
| ၆၅။ | အကျင့်မပျောက်သေးလို့ | - ၅၇ |
| ၆၆။ | ကွာဖို့မကွာဖို့ | - ၅၇ |
| ၆၇။ | ပုံပြောကောင်းသူ | - ၅၈ |
| ၆၈။ | အမှန်အတိုင်းရေးတာ | - ၅၈ |
| ၆၉။ | အိပ်မက်ထဲမှာ | - ၅၉ |
| ၇၀။ | ကလေးအငိုတိတ်အောင် | - ၅၉ |
| ၇၁။ | ဒီလိုပါ | - ၆၀ |
| ၇၂။ | ဦးနှောက်စားသူ | - ၆၁ |
| ၇၃။ | ဟုတ်သားပဲ | - ၆၁ |
| ၇၄။ | ဒါကြောင့် | - ၆၂ |
| ၇၅။ | အနုပညာ | - ၆၂ |
| ၇၆။ | ကွန်ပျူတာ | - ၆၃ |
| ၇၇။ | စဉ်းစားပေါ့ | - ၆၃ |
| ၇၈။ | စိတ်ဝင်စားစေချင်လို့ပါ | - ၆၄ |
| ၇၉။ | ခြေထောက်မရှိဘဲပြေးသတဲ့ | - ၆၄ |
| ၈၀။ | ဖြစ်မှဖြစ်ရလေ | - ၆၅ |
| ၈၁။ | အမွေဆက်ခံသူ | - ၆၆ |
| ၈၂။ | ပေါင်းခြောက်ယောက် | - ၆၇ |
| ၈၃။ | ဒဿန | - ၆၇ |
| ၈၄။ | အဆိုအမိန့် | ၆၈ |
| ၈၅။ | ယုံပါတယ် | ၆၈ |
| ၈၆။ | ရင့်ကျက်တည်ငြိမ်သူ | - ၆၉ |
| ၈၇။ | အဆင်ပြေပါတယ် - ဒါပေမယ့် | - ၇၀ |
| ၈၈။ | လှေခါးသုံးထစ် | - ၇၀ |
| ၈၉။ | ကလေးဘဝနဲ့ လူကြီးဘဝ | - ၇၁ |
| ၉၀။ | ဥညြမဆွဲပါနဲ့ | - ၇၁ |
| ၉၁။ | အမေးနဲ့အဖြေ | - ၇၂ |
| ၉၂။ | ပန်းကန်ကြောင့် | - ၇၃ |
| ၉၃။ | ရေငတ်တယ် | - ၇၃ |
| ၉၄။ | လူတတ် | - ၇၃ |
| ၉၅။ | ပြင်ဆင်ပါရစေ | - ၇၄ |
| ၉၆။ | လေထဲမှတို့နှစ်ယောက် | - ၇၅ |
| ၉၇။ | သားနဲ့အမေ | - ၇၅ |
| ၉၈။ | အပိုပစ္စည်း | - ၇၆ |
| ၉၉။ | အခက်ဆုံး | - ၇၆ |
| ၁၀၀။ | ဘယ်သူပိုပျော်သလဲ | - ၇၇ |
| ၁၀၁။ | ချို့ယွင်းချက် | - ၇၇ |
| ၁၀၂။ | ကလေးလူလည် | - ၇၈ |
| ၁၀၃။ | စာမှန်မှန်ရေးပါ | - ၇၉ |
| ၁၀၄။ | အပြစ်ချည်းပဲ | - ၇၉ |


www.burmeseclassic.com

www.burmeseclassic.com




| | | | |
|---|---|---|---|
| ၁၀၅။ | အကြံပေးခ | — | ၈၀ |
| ၁၀၆။ | ခရာသံ | — | ၈၀ |
| ၁၀၇။ | ဖြေပါ | — | ၈၃ |
| ၁၀၈။ | ဩော် ‥ မိန်းမ | — | ၈၁ |
| ၁၀၉။ | တစ်ပြန်တစ်လှည့် | — | ၈၁ |
| ၁၁၀။ | မတူပါဘူး | — | ၈၂ |
| ၁၁။ | ငါမထင်မိလို့ | — | ၈၃ |
| ၁၁၂။ | ဘောက်ဆူး | — | ၈၄ |
| ၁၁၃။ | တာတာန်းလေးများ | — | ၈၅ |
| ၁၁၄။ | ဆောရီးဗျာ | — | ၈၅ |
| ၁၁၅။ | သုံးလအာမခံ | — | ၈၆ |
| ၁၁၆။ | တစ်ဂူထဲ လူသုံးယောက် | — | ၈၇ |
| ၁၁၇။ | အိမ်ရှင်ရဲ့ဟင်းလျာ | — | ၈၇ |
| ၁၁၈။ | အိုဘယ့်ဖန်ဆင်းရှင် | — | ၈၈ |
| ၁၁၉။ | အပြောင်းအလဲ | — | ၈၉ |
| ၁၂၀။ | အာမခံ | — | ၉၀ |
| ၁၂၁။ | ဒဏ် | — | ၉၀ |
| ၁၂၂။ | ဈေးဝယ်ကောင်းသူ | — | ၉၁ |
| ၁၂၃။ | သွားဖွားဆောင်မှုဟာသ | — | ၉၂ |
| ၁၂၄။ | ဘယ်သူရှုံးသလဲ | — | ၉၃ |
| ၁၂၅။ | အဆိုအမိန့် | — | ၉၄ |





| | | | |
|---|---|---|---|
| ၁၂၆။ | အတိအကျ | — | ၉၅ |
| ၁၂၇။ | ဘယ်ကရမှာလဲ | — | ၉၅ |
| ၁၂၈။ | ဒီလိုမျိုးလည်းရှိပါတယ် | — | ၉၆ |
| ၁၂၉။ | နာနာပုတ် | — | ၉၆ |
| ၁၃၀။ | လက်မှတ်စစ် | — | ၉၇ |
| ၁၃၁။ | ကိစ္စမရှိပါဘူး | — | ၉၇ |
| ၁၃၂။ | စောင့်ပါ | — | ၉၈ |
| ၁၃၃။ | အဖြစ်ချင်းတူလိုက်ပုံက | — | ၉၉ |
| ၁၃၄။ | လုံခြုံစိတ်ချရတဲ့ | — | ၁၀၀ |
| ၁၃၅။ | ခဏခဏပြန်လာလို့ | — | ၁၀၀ |
| ၁၃၆။ | ကျွန်တော့်အမေအစစ်ပါ | — | ၁၀၁ |
| ၁၃၇။ | ဖြေလည်းဖို့ | — | ၁၀၂ |
| ၁၃၈။ | သိပ်မှန်တာပေါ့ | — | ၁၀ |
| ၁၃၉။ | ဆိုင်မှားနေပြီ | — | ၁၀၃ |
| ၁၄၀။ | မှတ်ဉာဏ်ကောင်းတဲ့သူ | — | ၁၀၃ |
| ၁၄၁။ | ကျွန်မလုပ်တာ | — | ၁၀၄ |
| ၁၄၂။ | မိုခို | — | ၁၀၅ |
| ၁၄၃။ | ဘာလို့လဲ | — | ၁၀၆ |
| ၁၄၄။ | ရယ်နှင့်ဦးပေါ့ | — | ၁၀၆ |
| ၁၄၅။ | တယ်လီဖုန်းအော်ပရေတာ | — | ၁၀၇ |
| ၁၄၆။ | ကောင်းလိုက်တဲ့အကြံ | — | ၁၀၇ |


www.burmeseclassic.com

www.burmeseclassic.com




၁၄၇။ အဖေ့ခြေရာ - ၁၀၈
၁၄၈။ အထင်နဲ့အမြင် - ၁၀၈
၁၄၉။ လိုချင်လိုက်ခဲ့ - ၁၀၉
၁၅၀။ အသိ - ၁၁၀
၁၅၁။ သင်တန်း - ၁၁၀
၁၅၂။ သုံးနှစ်နဲ့သုံးရက် - ၁၁၁
၁၅၃။ အသက်လမ်းကြောင်း - ၁၁၁
၁၅၄။ မိုးလေဝသကြေညာချက် - ၁၁၂
၁၅၅။ ကြက်တူရွေးသုံးကောင် - ၁၁၂
၁၅၆။ ဘာမှရေးမထားတဲ့မော်ဒယ် - ၁၁၃
၁၅၇။ မိန်းမစွယ်စုံကျမ်း - ၁၁၃
၁၅၈။ ယောက်ျားရမယ်ဆိုလို့ - ၁၁၄
၁၅၉။ မသိလိုက်ကြဘူးမဟုတ်လား - ၁၁၅
၁၆၀။ မော်ဒယ်ခေတ် - ၁၁၆
၁၆၁။ အခုဘယ်က ဖုန်းဆက်တာလဲ - ၁၁၆
၁၆၂။ လွယ်ပါတယ် - ၁၁၇
၁၆၃။ လူကြိုက်များတဲ့ဓာတ်ပြား - ၁၁၇
၁၆၄။ ပွဲတင်သံ - ၁၁၈
၁၆၅။ တော်ပါသေးရဲ့ - ၁၁၈
၁၆၆။ ဒီလိုလုပ်မယ် - ၁၁၉
၁၆၇။ သဘာဝမကျတဲ့ပန်းချီကား - ၁၁၉





၁၆၈။ သမီးနဲ့မကစားရဘူး - ၁၂၀
၁၆၉။ လက်ရေးမဖတ်တတ်လို့ - ၁၂၀
၁၇၀။ အထင်နဲ့တလွဲ - ၁၂၁
၁၇၁။ လေးယောက်မြောက် - ၁၂၁
၁၇၂။ သိပ္ပံအိပ်မက် - ၁၂၂
၁၇၃။ ကြိုပြောပါ - ၁၂၂
၁၇၄။ တစ်ည တစ်နေရာ တစ်အိပ်မက် - ၁၂၃
၁၇၅။ E.Tအဓိပ္ပာယ် - ၁၂၅
၁၇၆။ ဆိုင်မစုံသေးပါဘူး - ၁၂၅
၁၇၇။ လက်ဖျားနဲ့အတို့ခံချင်တာ - ၁၂၅
၁၇၈။ လင်နဲ့မယား - ၁၂၆
၁၇၉။ ပိုလေးသွားတာပါ - ၁၂၆
၁၈၀။ ခံစားခြင်း - ၁၂၇
၁၈၁။ ရေနှင့်အကျိုးပေးတဲ့ယောက်ျား - ၁၂၈
၁၈၂။ ငွေထုပ်ကိစ္စ - ၁၂၈
၁၈၃။ လောကကြီးနဲ့ဆန့်ကျင်ဘက် - ၁၂၉
၁၈၄။ အရမ်းကိုဈေးကြီးလို့ပါ - ၁၂၉
၁၈၅။ စိတ်ညို့ပညာသည် - ၁၃၀
၁၈၆။ တကယ်ပေးမှာပါ - ၁၃၀
၁၈၇။ အားရစရာကြီးပဲ - ၁၃၁
၁၈၈။ လက်စားချေလိုက်ပုံက - ၁၃၂


www.burmeseclassic.com

www.burmeseclassic.com




၁၈၉။ နားထောင်ချင်တဲ့အသံ — ၁၃၃
၁၉၀။ ဟင်းရွက်ကန်စွန်းမဟုတ်ပါ — ၁၃၃
၁၉၁။ ထပ်စိုက်ရန်မရှိလို့ပါ — ၁၃၄
၁၉၂။ ပထမဆုံးလုပ်ရမည့်အလုပ် — ၁၃၅
၁၉၃။ အဖြစ်ချင်ဆုံးဆန္ဒ — ၁၃၅
၁၉၄။ တရားခံဘယ်သူလဲ — ၁၃၆
၁၉၅။ မတဲ့အတူနေ — ၁၃၇
၁၉၆။ ကဗျာဆရာနဲ့ဝေဖန်ရေးသမား — ၁၃၇
၁၉၇။ ဆရာမလေးနဲ့တပည့် — ၁၃၈
၁၉၈။ ဆယ်လူလာနဲ့ဒုက္ခ — ၁၃၉
၁၉၉။ နည်းပေးလမ်းပြ — ၁၃၉
၂၀၀။ ခြေထောက်မပါတဲ့အရာ — ၁၄၀
၂၀၁။ သီလ — ၁၄၀
၂၀၂။ ကျေးဇူးပါပဲ — ၁၄၂
၂၀၃။ ခွေးသေးပန်းရွက် — ၁၄၂
၂၀၄။ စိတ်ညစ်နေတာလား — ၁၄၃
၂၀၅။ တောင်းပန်ပါရစေ — ၁၄၃
၂၀၆။ စမ်းသပ်တာပါ — ၁၄၄
၂၀၇။ ထူးခြားချက် — ၁၄၄
၂၀၈။ မရှင်းပါနဲ့တော့ — ၁၄၆
၂၀၉။ မေတ္တာအကျဉ်းသား — ၁၄၇





၂၁၀။ ခမ်းသွားဖို့ပါ — ၁၄၇
၂၁၁။ ကြားလိုက်ပုံက — ၁၄၇
၂၁၂။ ဖတ်တတ်အောင်ဖတ်ပါ — ၁၄၈
၂၁၃။ ဆုတောင်း — ၁၄၈
၂၁၄။ ငရဲပြန် — ၁၄၉
၂၁၅။ အရူး — ၁၄၉
၂၁၆။ အပြိုင်အဆိုင်အနိုင် — ၁၅၁
၂၁၇။ လက်ဆောင် — ၁၅၂
၂၁၈။ ဝမ်းနည်းပါတယ် — ၁၅၃
၂၁၉။ စိတ်ကျဝေဒနာရှင် — ၁၅၄
၂၂၀။ ကလေးငါးယောက် — ၁၅၄
၂၂၁။ နှင်းဆီတိုက်ပွဲ — ၁၅၅
၂၂၂။ ဈေးဝယ်ကောင်းသူ — ၁၅၆
၂၂၃။ A.I.D.S နဲ့ ငရဲ — ၁၅၇
၂၂၄။ ရှေးလူကြီးစကားကြောင့်ပါ — ၁၅၇
၂၂၅။ ကျွန်ခြေမပျက်စမ်းနဲ့ လူအထင်သေးတယ် — ၁၅၈
၂၂၆။ အားနာတတ်သူ — ၁၅၉
၂၂၇။ အင်္ဂလိပ်နဲ့အမေရိကန်တို့မင်္ဂလာဆောင်
အယူအဆ — ၁၅၉
၂၂၈။ သံတူကြောင်းကွဲ — ၁၆၀
၂၂၉။ ဘာစားရင်ကောင်းမလဲ — ၁၆၀


www.burmeseclassic.com

www.burmeseclassic.com




| | | | |
|---|---|---|---|
| ၂၃၀။ | နောက်ဆုံးပေါ်ဆံပင် | – | |
| ၂၃၁။ | ဖောက်သည် | – | ၁၆၂ |
| ၂၃၂။ | ချို့ယွင်းနေလို့ပြင်ပါဦး | – | ၁၆၂ |
| ၂၃၃။ | ပူပန်ကြောင့်ကျရမယ့်ကိစ္စ | – | ၁၆၃ |
| ၂၃၄။ | လွယ်လိုက်ပုံများ | – | ၁၆၄ |
| ၂၃၅။ | သူတီထွင်မှု | – | ၁၆၅ |
| ၂၃၆။ | အကြွေးအကျန် | – | ၁၆၅ |
| ၂၃၇။ | အိမ်မက်ထဲကချစ်သူ | – | ၁၆၇ |
| ၂၃၈။ | ကျောက်ပွဲစား | – | ၁၆၈ |
| ၂၃၉။ | လမင်း | – | ၁၆၈ |
| ၂၄၀။ | ယတြာ | – | ၁၆၉ |
| ၂၄၁။ | အမှုးသမားနှစ်ယောက် | – | ၁၆၉ |
| ၂၄၂။ | အနံ့မခံနိုင်လို့ | – | ၁၇၀ |
| ၂၄၃။ | ကားသစ် | – | ၁၇၀ |
| ၂၄၄။ | ညကြီးပိုင်းမို့ပါ | – | ၁၇၀ |
| ၂၄၅။ | ရန်ကုန်သား | – | ၁၇၂ |
| ၂၄၆။ | ပါဏာတိပါတာ | – | ၁၇၂ |
| ၂၄၇။ | ဟောက်နိန်းထုတ်မိခြင်း | – | ၁၇၃ |
| ၂၄၈။ | စွန့်စားသူ | – | ၁၇၃ |
| ၂၄၉။ | ငယ်ချင်ငယ်ပါစေ | – | ၁၇၄ |
| ၂၅၀။ | ဒီလိုလုပ်လိုက်ပါ | – | ၁၇၄ |





| | | | |
|---|---|---|---|
| ၂၅၁။ | ဓားကြော်ငြာ | – | ၁၇၅ |
| ၂၅၂။ | ရှစ်ပုံတစ်ပုံ | – | ၁၇၆ |
| ၂၅၃။ | ဖြစ်နိုင်ပါတယ် | – | ၁၇၆ |
| ၂၅၄။ | ဒီကောင့်တွေမပါနိုင်ဘူး | – | ၁၇၇ |
| ၂၅၅။ | မယားငယ်လစာတောင်းသလို | – | ၁၇၇ |
| ၂၅၆။ | စိုးရိမ်လို့ပါ | – | ၁၇၇ |
| ၂၅၇။ | ဆွေးမျိုးချင်းမို့ခွင့်လွှတ်တယ် | – | ၁၇၈ |
| ၂၅၈။ | ဆိုင်းဘုတ်ကြောင့်ပါ | – | ၁၇၉ |
| ၂၅၉။ | ကမ္ဘာကြီးပြဿနာ | – | ၁၇၉ |
| ၂၆၀။ | ပျင်းတာဘယ်တတ်နိုင်မလဲ | – | ၁၈၀ |
| ၂၆၁။ | ဆက်ကပ် | – | ၁၈၁ |
| ၂၆၂။ | ဘယ်သူခိုင်းသလဲ | – | ၁၈၂ |
| ၂၆၃။ | နှစ်ပါးသွားကရအောင် | – | ၁၈၂ |
| ၂၆၄။ | လူထူးလူဆန်း | – | ၁၈၃ |
| ၂၆၅။ | အမှားအယွင်းရှိနေပြီ | – | ၁၈၃ |
| ၂၆၆။ | ဆေးစာရေးမပေးပါနဲ့ | – | ၁၈၄ |
| ၂၆၇။ | ကလေးဆိုးဘယ်လိုနေမလဲ | – | ၁၈၄ |
| ၂၆၈။ | ကွာခြားချက် | – | ၁၈၅ |
| ၂၆၉။ | အသန့်ရှင်းဆုံးဆု | – | ၁၈၆ |
| ၂၇၀။ | အမှန်အကိုင်း | – | ၁၈၆ |
| ၂၇၁။ | မျက်စိ | – | ၁၈၇ |


www.burmeseclassic.com

www.burmeseclassic.com




| | | | |
|---|---|---|---|
| ၂၇၂။ | စစ်ဆေးပါ | - | ၁၈၈ |
| ၂၇၃။ | အသစ်ဖြစ်နိုင်တယ် | - | ၁၈၉ |
| ၂၇၄။ | ဇေါ်ရင်ဂျိုကုလားမင်္ဂလာဆောင် | - | ၁၈၉ |
| ၂၇၅။ | သချို | - | ၁၈၉ |
| ၂၇၆။ | ပျောက်သွားတာက | - | ၁၉၀ |
| ၂၇၇။ | နောက်ဆုံးပေါ် လုံခြုံရေးဖက်ရှင် | - | ၁၉၁ |
| ၂၇၈။ | အဖိုးတန်ပစ္စည်း | - | ၁၉၁ |
| ၂၇၉။ | ကောင်းရော | - | ၁၉၂ |
| ၂၈၀။ | မျိုးရိုး | - | ၁၉၂ |
| ၂၈၁။ | ပါသွားပြန်ပြီ | - | ၁၉၃ |
| ၂၈၂။ | ကြုံကြုံဖန်ဖန် | - | ၁၉၄ |
| ၂၈၃။ | အာဒမ်နဲ့ဧဝ | - | ၁၉၄ |
| ၂၈၄။ | ဖြစ်နိုင်တယ် | - | ၁၉၅ |
| ၂၈၅။ | မသိလို့ပါ | - | ၁၉၆ |
| ၂၈၆။ | မေတ္တာပို့ | - | ၁၉၇ |
| ၂၈၇။ | ဂိတ်ဆုံး | - | ၁၉၇ |
| ၂၈၈။ | စာနဲ့လူနဲ့ | - | ၁၉၈ |
| ၂၈၉။ | ချုတ်ထားပေးလို့ပေါ့ | - | ၁၉၈ |
| ၂၉၀။ | ကြော်ငြာကောင်းလို့ | - | ၁၉၉ |
| ၂၉၁။ | အဆိုအမိန့် | - | ၂၀၀ |
| ၂၉၂။ | တွေးတဲ့အတိုင်း | - | ၂၀၀ |





| | | | |
|---|---|---|---|
| ၂၉၃။ | လုံးမိုက်နဲ့ငွေ | - | ၂၀၁ |
| ၂၉၄။ | ဖြတ်ဖို့ခက်တဲ့အရာ | - | ၂၀၁ |
| ၂၉၅။ | ရက်စက်မှု | - | ၂၀၂ |
| ၂၉၆။ | ငွေစကားမပြောတဲ့ကိစ္စ | - | ၂၀၂ |
| ၂၉၇။ | သူတို့မှမကြည့်ဘူးတာ | - | ၂၀၃ |
| ၂၉၈။ | မျက်မှန်နက်တစ်လက် | - | ၂၀၃ |
| ၂၉၉။ | ဘယ်သူနိုင်သလဲ | - | ၂၀၄ |
| ၃၀၀။ | စဉ်းစားနေတာ | - | ၂၀၄ |
| ၃၀၁။ | ကျိန်းသေပါတယ် | - | ၂၀၅ |
| ၃၀၂။ | မျက်နှာပျက်ရအောင် မလုပ်ပါနဲ့ | - | ၂၀၅ |
| ၃၀၃။ | စကားပုံဟာသ | - | ၂၀၆ |
| ၃၀၄။ | လက်ထပ်ရခြင်းအကျိုးအမြတ် | - | ၂၀၆ |


www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာ

မြန်မာလူမျိုးတိုင်း ရယ်သောသူ အသက်ရှည်၏ဟူသော စကားကို ကြားဖူးကြသည်။ လူတိုင်းလည်း ရယ်မော်ကြဖူး၏။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကြောင့် ဖြစ်ပေါ်လာသည့် ရယ်စရာ၊ မောစရာတို့သည် စိတ်ကို ရွှင်လန်းတက်ကြွစေသည်။

လူတစ်ဖက်သား စိတ်ဝင်စားအောင် စကားပြောကောင်းသူများ ထဲတွင် ဟာသမြောက်အောင် စကားပြောတတ်သူ ကိုးဆယ်ရာခိုင်နှုန်း ခန့်ရှိသည်။ ထိုသူများကို ပရိတ်သတ်ဆွဲဆောင်အား အကောင်းဆုံး ပုဂ္ဂိုလ်များဟု ဆိုနိုင်သည်။

ကမ္ဘာ့လူသားတိုင်းသည် ပြုံးသည့်အသွင်မျှရယ်ခြင်း (a slight smile)၊ သွားပေါ်ရုံမျှ၊ နှုတ်ခမ်းလှုပ်ရုံမျှရယ်ခြင်း (an open smile with bared tips of the teeth and,an amused movement of the tips)၊ ညင်သာသောအသံထွက်အောင် ရယ်ခြင်း (a chuckle)၊ ဦးခေါင်း၊ ပခုံး၊ လက်ရုံးများ လှုပ်အောင်ရယ်ခြင်း (laughter accompanied by movement of the head and the upper part of the body)၊ မျက်ရည်ထွက်အောင်ရယ်ခြင်း (laughter accompanied by shedding of tears)၊ ခြေရောလက်ပါ တစ်ကိုယ်လုံးလှုပ်ခါ ရယ်ခြင်း (Laughing with abandon accompanied by the rocking of the entire body) စသည့် ရယ်ခြင်း (၆) မျိုးဖြင့် ရယ်မောဖူးကြသည်။

ရယ်စရာတွေ့လျှင် ရယ်ရမည်။
ပြုံးစရာတွေ့လျှင် ပြုံးရမည်။

သို့မှသာ လူသားဆန်မည်။ မပြုံး မရယ်၊ မဲ့သူတုို့၏ လောက၌ မရှိ၊ ပြုံးရယ်မဲ့မှသာလျှင် လူသားနှင့်တူမည်။



စိတ်ညစ်နေသူကို စိတ်ညစ်ပြေစေသည်မှာ ဟာသ။
စိတ်ဆိုးနေသူကို စိတ်ဆိုးပြေစေသည်မှာ ဟာသ။
ပျင်းရိငြီးငွေ့နေသူကို အပျင်းပြေစေသည်မှာလည်း ဟာသ။
လူချစ်လူခင်ပေါစေသသည်မှာလည်း ဟာသ။
နိုင်ငံကျော်စေသည်မှာလည်း ဟာသ၊ ဟာသများ ကလူ့စိတ်ကို လွှမ်းမိုးစေ၏။ ချစ်ခင်မှုကို တုန့်ပြန် ဖဲ့စေ၏။

သို့အတွက် ဟာသများက အရာရာကို လွှမ်းမိုး ကားသည်။ ထိန်းချုပ်ထားသည်ဟု ဆိုနိုင်သည်။ ဟာသ စကားတွေပြောရင်း လူ့ပေါ်ကြီးဖြစ်မသွားဖို့သာ အရေးကြီးသည်။ ဘယ်စကားပြောပြော ဟာသလေး နှောသင့်သည်။ ဒသာဒိမ်တွင် ဟာသနှော၍ ပြောမိသဖြင့် ငိုရင်းရယ်မောမိသူများ ရှိသလို ပြေးပေါက်မှားသူများလည်း ရှိခဲ့သည်။ ယင်းအဖြစ်အပျက်များကပင် ရယ်စရာဖြစ်နေပေပြီ။

ရယ်စရာ၊ မောစရာ ဟာသစကားများကို ပြောတတ်ရန် ဖြစ်ရပ်မှန်ဟာသများကို ဖတ်ဖြစ်အောင် ဖတ်ဖို့လိုသည်။ ကိုယ်တိုင်ဖတ်ရင်း ရယ်ပါ၊ ပြုံးပါ။ တခြားလူများကိုလည်း ဟာသစကားများဖြင့် မျှဝေခံစားရယ်မောပါစေ၊ ပြုံးပါစေ။

ထိုအခါ သင်ကိုယ်တိုင် အသက်ရှည်ကာ လုပ်ဆောင်သမျှ ကိစ္စအရာရာမှန်သမျှ အောင်မြင်ပြီးမြောက်စေမည်မှာ သေချာပါသည်။

ရယ်မောခြင်းဖြင့် အသက်ရှည်နိုင်ကြပါစေ။

ဦးသန်းကျော်

www.burmeseclassic.com

www.burmeseclassic.com



## ကျွမ်းကျင်မှုဟူသည်

ကုမ္ပဏီ၌ ခန့်ထားသော စာရေးအသစ်နှင့် မန်နေဂျာတို့ ပြောဆိုဆွေးနွေးကြသည်။

"ကျွန်တော် စာရင်းတွေကို ဆယ်ကြိမ်တိတိပေါင်းပြီးပါပြီ"

"ကောင်းတာပေါ့ကွာ၊ ငါက အခုလို လုပ်ငန်းကို စေ့စပ်သေချာတဲ့လူမျိုးဆို သဘောကျပါတယ်၊ ဒါပေမယ့် အဖြေက ဆယ်မျိုးဖြစ်နေတယ်"

## ပညာရှိအဆိုကို ကန့်ကွက်ခြင်း

"ယောကျ်ားဆိုးရသော မိန်းမသည် ဘဝအတွက် အကောင်းဆုံး သင်ခန်းစာပေးစွမ်းနိုင်၏" ဆိုသော အဆိုအမိန့်ကို လုံးဝကန့်ကွက်ပါသည်။

စင်သီယာ

ခေတ္တစက်ာပူဆေးရုံ

အတွင်းလူနာဆောင်



## စဉ်းစားတွေဝေမိခြင်း

ရုရှနိုင်ငံရှိ စာသင်ခန်းမ၌ ဆရာမတ သမိုင်းဘာသာကို စိတ်ဝင်စားဖွယ်သင်ပြရင်း ကျောင်းသားတစ်ယောက်အား မေးခွန်းထုတ်လိုက်၏။

"ဒုတိယကမ္ဘာစစ် ဖြစ်ရတဲ့တရားခံဟာ ဘယ်သူလဲ"၊ ကျောင်းသားမှာ ချက်ခြင်းပင် ငိုင်တွေတွေဖြစ်ပြီး စဉ်းစားနေမိသည်။

"ဖြေလေ ဘာတွေစဉ်းစားနေတာလဲ"

"ကျွန်တော် စဉ်းစားတာက ကျွန်တော့်အဖေ လုံးဝမဖြစ်နိုင်ဘူးဆိုတဲ့ ကိစ္စပါပဲ"

## ဆွေမျိုးပဲလား

အမေရိကန် ပေါ့ပန်းချီပညာရှင် ဂျက်စ်ပါးဂျွန်သည် အောင်မြင်လာပြီး မိမိဇာတိချက်မြေ၌ ပထမဆုံး ပန်းချီပြပွဲတစ်ခု ကျင်းပခဲ့သည်။

အမျိုးသမီးတစ်ဦးက သူ့ပန်းချီကားကို ကြည့်ရင်း အသံကျယ်ကျယ်ဖြင့် -

"အို . . သိပ်ကိုလှတဲ့ ပန်းချီကားလေးပါပဲ"

ထိုအသံကြောင့် နံဘေးနားမှ အမျိုးသမီးကလှည့်၍

www.burmeseclassic.com

www.burmeseclassic.com



"ရှင်လည်း သူ့ဆွေမျိုးပဲလား"
ဟု မေးလိုက်လေတော့သည်။

## ဖြန့်ကြားအပ်ပါသည်

လင်မယားနှစ်ယောက် လမ်းဘေးစားသောက်ဆိုင် တစ်ဆိုင်၌ ဝင်စားကြသည်။ အလွန်ညံ့ဖျင်းသော အစားအသောက်များပင် ဖြစ်၏။

ငွေတောင်းခံလွှာနောက်၌ စားသုံးသူဝေဖန်ရန် နေရာ လွတ်ပါသဖြင့်

"အစားအစာ တူးခါးပြီး အရသာမရှိ၊ နေရာထိုင်ခင်း မသန့်ပြန့်ဘဲ ညစ်ပတ်စုတ်ပဲ့လွန်းသည်။ စားပွဲထိုးများကလည်း ဆက်ဆံရေး ညံ့၏။ ဆိုင်ခန်းထဲ၌ရှိနေသော တိုင်ကပ်နာရီ ရပ်နေသည်။"

ဟု ရေးပေးလိုက်သည်။

တစ်လအကြာ ဖြန့်ကြားလွှာရောက်လာသည်။

"လူကြီးမင်းခင်ဗျား အကြံပြုချက်အရ တိုင်ကပ်နာရီကြီး အား ပြုပြင်ပြီးစီးပါပြီ။"

## သူ့ဖါသာရေချိုးတတ်ပါတယ်

"ကျွန်မ အိမ်ပြန်လာတိုင်း အဝတ်လျှော် ပန်းကန်တွေ အိုးတွေ ဆေးကြော၊ အိမ်ကြမ်းတိုက်၊ မနက်ဖြန်အတွက် စား သောက်ဖို့ စီစဉ်၊ အလုပ်တွေကို ဇယ်ဆက်သလို လုပ်နေရတာပါပဲ"

"ဒါနဲ့ မင်းအမျိုးသားက ဘယ်မှာလဲ"

"အော် . . သူလား၊ သူက သူ့ဖါသာရေချိုးတတ်ပါတယ်"

## မရှက်ပါဘူး

ညစ်ခံပွဲသို့ လင်မယားနှစ်ယောက် ရောက်လာကြသည်။ ခင်ပွန်းသည်က အစားအသောက်ကို ဖျာရာခတ်အောင် ယူနေသဖြင့် -

"ရှင် . လွန်နေပြီ၊ ရေခဲမုန့်နဲ့ ကိတ်မုန့်တွေသွားယူတာ လေးခါတောင် ရှိပြီ မရှက်ဘူးလား"

"ဟာ . . ဘာလို့ ရှက်ရမှာလဲအချစ်ရယ်၊ ငါက မင်းစားဖို့ဆိုပြီး ပြောပြောယူလာတာလေ"

www.burmeseclassic.com

www.burmeseclassic.com



## လက်ရေးသည်းခံပါ

စာတိုက်ကောင်တာ စာရေးမလေးထံသို့ လက်မသန့်သူ လူတစ်ယောက်ရောက်လာသည်။

"ဘာအကူအညီ ပေးရမလဲ"

"ကျေးဇူးပြုပြီး ပို့စကဒ်ပေါ်မှာ လိပ်စာနဲ့စာတန်းလေး ရေးပေးပါလား"

ပြောဆိုသည့်အတိုင်း လိပ်စာနှင့် စာတမ်းကိုရေးပေးပြီး လက်မှတ်ပါ ဖြည့်စွက်ထိုးပေးလိုက်၏။

"ရော့ . . ပြည့်စုံပါပြီ"

"ဟုတ်ကဲ့ ကူညီလက်စနဲ့ အောက်ဆုံးမှာ လက်ရေးသည်းခံပါလို့ ရေးပေးပါဦး"





## ကြွားလိုက်ပုံက . .

"ငါ့အဖေလုပ်ထားတဲ့ စာခြောက်ရုပ်က ဘယ်လောက်ကောင်းသလဲဆိုရင် တို့လယ်ရဲ့ သုံးမိုင်အတွင်းမှာ ငှက်တစ်ကောင်တစ်လေတောင် လာမနားဘူး"

"ဒါက ဘာဟုတ်သေးလို့လဲ၊ ငါ့ဦးလေး စာခြောက်ရုပ်ကမှ သည့်ထက်ကောင်းတာ၊ ငှက်တွေဆို မနှစ်ကချီသွားတဲ့ စပါးနှံတွေတောင် ပြန်လာပြီး ထားရတယ်လေ"

## အိပ်ယာထချိန်

ဘက်စ်ဆဲလား စာရေးဆရာမတစ်ယောက်အား တွေ့ဆုံမေးမြန်းလိုက်၏။

"ခင်ဗျား နွေရာသီဆို ဘယ်အချိန် အိပ်ယာထသလဲ"

"ကျွန်မ အိပ်ခန်းပြူတင်းပေါက်ကနေ နေရောင်ခြည်ဝင်လာတာနဲ့ အိပ်ယာထဖြစ်ပါတယ်"

"ဟာ . . . ဒီလိုဆို အစောကြီးထတာပေါ့နော်"

"ဟင့်အင်း . . ကျွန်မအိပ်ခန်းက ပြူတင်းပေါက်ကို အနောက်ဘက်အရပ် မျှော်နှာမူထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



## တွေ့လိုသူ

ကိန်းရှုပ်ရှင်ပွဲတော်၌ ရုပ်ရှင်ပြပြီး ညည့်ခံပွဲတစ်ခုလုပ်၏။ ညည့်သည်များအကြား အမျိုးသမီးတစ်ဦးက တစ်စုံတစ်ယောက်ကို ရှာရင်း -

"ဂျင်မီဝုဒ်ကို တွေ့မိသလား"

ဓာတ်ပုံဆရာအား မေးလိုက်၏။

"မတွေ့မိဘူးဗျ။ ရုပ်ရှင်မင်းသား မိုက်ကယ်ဒေါက်ကလပ်စ်တော့ ဟိုမှာရှိတယ်"

"အို . . . ကျွန်မ လက်ထပ်ထားတာ မိုက်ကယ်ဒေါက်ကလပ်မဟုတ်ဘူးရှင့်"

## တစ်ခုတော့ခွင့်ပြုပါ

ဥရောပနှင့် မြောက်အမေရိကတိုက်သွားသည့် လေယာဉ်ခရီးစဉ်၌ စက်ဘုပူလေကြောင်းဌာနမှ လေယာဉ်ပေါ် ဆေးလိပ်မသောက်ရန် ပိတ်ပင်တားမြစ်ထားသည်။

ခရီးသည်တစ်ဦးက စည်းကမ်းမဲ့သောက်မည်အပြု လေယာဉ်မယ်ရောက်လာပြီး -

"ဆေးလိပ်သောက်ဖို့ ခွင့်မပြုပါဘူးရှင်"

"ဒါဆို မသောက်တော့ပါဘူး၊ လေယာဉ်ပေါ်မှာ တစ်ယောက်ထဲသွားလာရတဲ့ ကျွန်တော့်ကို အပျင်းပြေရှည်းစားစကားတော့ ပြောခွင့်ပြုစေချင်ပါတယ်"



## ဆင်တူရိုးမှား

ကျောင်းဝင်းအတွင်းသို့ စက်ဘီးလှလှလေး စီးလာသောကောင်လေး၏ တီရှပ်၌ "ကျွန်တော်ဆရာဝန်လောင်း" ဟူသော စာတန်းကလေးပါရှိပြီး -

နောက်တစ်ခုက - သူစီးလာသော စက်ဘီးနောက်ခုံ၌ "ကျွန်တော်မာစီးဒီးလောင်း" ဟူသော စာတန်းကလေးပါရှိကြောင်း တွေ့လိုက်ရသည်။

## မရှိတာမသိလို့

အင်တာဗျူးတစ်ခု၌

မေးသူ - မင်းအမေ အိမ်ထောင်မပြုခင်က ဘာလုပ်သလဲ၊

ဖြေသူ - သူ အိမ်ထောင်မပြုခင် ကျွန်တော့်မှာ အမေမှမရှိဘဲ။

## ရိုးသွားမယ်မထင်မိပါလို့

သမင်ပစ်ရန် တောသို့ နှစ်ယောက်တစ်တွဲစီ ထွက်လာခဲ့ကြသည်။ ထို့နောက် လူစုခွဲပြီး နောက်တစ်နေ့ ပြန်ဆုံသောအခါ တစ်ဖွဲ့မှ သမင်ကြီးတစ်ကောင်ကို ထမ်း၍ပြန်လာကြောင်း တွေ့ရသည်။

"ဟယ်ရီရော ဘယ်မှာကျန်ခဲ့သလဲ" ဟယ်ရီအဖော် သမင်ထမ်းလာသူက -

www.burmeseclassic.com

www.burmeseclassic.com

"သူ ဟိုနား သုံးမိုင်လောက်မှာ သတိမေ့ကျန်ခဲ့တယ်"

"ဟင် ... မင်းက သူ့ကို ခေါ်မလာဘဲ ဘာကြောင့် သမင်ကြီးထမ်းပြီး ပြန်လာရတာလဲ"

"ခက်တာပဲ ဟယ်ရီ့ကို ဘယ်သူမှ ခိုးသွားမယ်လို့ မထင်ဘူးလေ"

## ဖြစ်နိုင်ခြေ

"ကြာသာပတေးနေ့ဟာ ဗုဒ္ဓဟူးနေ့ရှေ့မှာရှိတယ် ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တာပေါ့ အဘိဓာန်စာအုပ်ထဲမှာလေ"





## အခြင်းအစုန်

ဘီယာသောက်နေရင်း ကနေဒါအလံ ရင်ထိုးတပ်ဆင်ထားသော ဂျာမန်တစ်ဦးက -

"ကနေဒါ ဘင်ဂွန်ဆင် ကနေဒါမကောင်းဘူး" တာဝ အပြေးသမား ဘင်ဂွန်ဆင်အား ရည်ညွှန်းပြောလိုက်၏။

"မဟုတ်ဘူး မင်းမှားနေပြီ၊ ဘင်ဂွန်ဆင်ဟာ ဂျမေ ကျွန်းက ကနေဒါ မဟုတ်ဘူး" ထိုသူက ခပ်တိုးတိုးလေး

"ဟုတ်တယ် အဓေါ့ပါစ်တလာလည်း ဩစတီးယားက

## အသက်ရှင်နေရတာ

ကဗျာဆရာတစ်ဦးက "ကျွန်တော်ဘာကြောင့် အသက်ရှ နေလဲ" ဟူသော အမည်ဖြင့် ကဗျာတစ်ပုဒ်ကို မဂ္ဂဇင်းတိုက်သို့ လိုက်သည်။

ထိုကဗျာမှာ ညံ့လွန်းသဖြင့် အယ်ဒီတာက သည်းခံ ရှုရင်း မှတ်ချက်ရေးပို့ပေးလိုက်ရလေသည်။

"ခင်ဗျား အသက်ရှင်နေတာက ကဗျာကို ခင်ဗျားကို တိုင်မပို့ဘဲ စာတိုက်ကပို့နေလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



## ခြားနားချက်မရှိပါဘူး

စီးပွားရေးကျဆင်းနေသောမြို့သို့ နယ်လှည့်အရောင်းကိုယ်စားလှယ်မှာ တည်းခိုစရာလိုက်ရှာရင်း မြို့သားတစ်ဦးကို မေးမြန်းလိုက်မိသည်။

"သည်မြို့မှာရှိတဲ့ ဟိုတယ်နှစ်ခု ဘယ်မှာတည်းသင့်သလဲ ပြောစမ်းပါ"

"သိပ်မခြားနားပါဘူး၊ တစ်ခုမှာတည်းမိရင် နောက်တစ်ခုမှာလည်း ဒီအတိုင်းပဲ မှတ်လိုက်ပါ"

## ဘာဖြစ်မယ်ထင်သလဲ

"ခင်ဗျားနားရွက် ဘယ်ဘက်ကို ဖြတ်လိုက်ရင် ဘာဖြစ်မယ်ထင်သလဲ" စိတ်ရောဂါကု ဆရာဝန်က လူနာအား မေးလိုက်၏။

"ကျွန်တော် ဘယ်ကြားရတော့မလဲ ဆရာ"

"ဟုတ်ပြီ၊ ဒါဆို ညာဘက်ပါထပ်ဖြတ်လိုက်မယ်ဆိုရင်ကော ဗျာ"

"ကျွန်တော် မမြင်ရတော့ဘူး"

"ဘာလို့လဲ"

"ဆရာကလည်း ကျွန်တော့်မျက်မှန် ဘယ်မှာချိတ်လို့ရမှာလဲ"



## အေးတာကြောက်သူ

ပင်ဂွင်းငှက်သားအဖ စကားပြောဆိုမိကြသည်။

"ကျွန်တော် ပင်ဂွင်းငှက်မှ ဟုတ်ရဲ့လားအဖေ"

"ဘာလို့လဲ ငါ့သားဟာ ပင်ဂွင်းငှက်ပဲ၊ ငါတို့တစ်မျိုးလုံး ပင်ဂွင်းငှက်တွေကွ"

"သေချာရဲ့လား အဖေရယ်၊ ကျွန်တော်အအေးကို အရမ်းကြောက်တယ်"

## အိပ်မက်ထဲမှာ

"မင်းမိန်းမကို ငါအိပ်မက်မက်တယ်"

"ဟေ . . ဟုတ်လား၊ သူက ဘာပြောသလဲ"

"တစ်ခွန်းမှ မပြောဘူး"

"အဲဒါဆို မင်းမှားပြီ ငါ့မိန်းမလုံးဝမဖြစ်နိုင်ဘူး"

## အော် ဝါသနာဆိုတာ

ဂေါက်ကလပ်အဆောက်အအုံသို့ အဖော်တစ်ယောက်ရောက်လာရင်း -

"ခင်ဗျား အမူအရာကောင်းတယ်ဗျာ"

"ဘာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အသုဘဖြတ်သွားတော့ ဦးထုပ်ချွတ်ပြီး လေးစားသမှုနဲ့ ရပ်နေလို့လေ"

"ဩော် . . ဒါလား ရှေ့လဆို အသုဘချသွားတဲ့ မိန်းမဟာ ကျွန်တော်နဲ့ အိမ်ထောင်သက် ၂၆ နှစ်ပြည့်ပြီ"

## လူပြောင်

မာတင်နှင့် လူးဝစ်ရှေ့မှ လျှောက်လာသောလူမှာ အလွန်ထူးဆန်းသဖြင့် ငေးမောကြည့်လိုက်မိသည်။ ထိုလူအနားမှ ဖြတ်ကျော်သွားသောအခါမှ -

"ဒီလူက တစ်မျိုးပဲ၊ လျှာထုတ်ပြီးလမ်းလျှောက်တယ်ဆိုတာမျိုးဟာ သူငယ်နာရှိသလားမသိဘူး"

"မဟုတ်ဘူးဗျ သူကစာတိုက်တံဆိပ်ခေါင်းကပ်တဲ့ ဌာနမှာ လုပ်နေတဲ့ အလုပ်သမားလေ"





## ကျပ်မှားသွားပါတယ်

စစ်တုရင်ကစားပွဲ၌ . .

လဘက်ရည်နှင့် ဘီစကစ်မုန့်ဖြင့် ဧည့်ခံသည်။ အရေးကြီးသော ပြိုင်ပွဲတစ်ခုဖြစ်နေသောကြောင့် ကစားပွဲကိုသာ ယှဉ်ပြိုင်သူနှစ်ယောက်က အာရုံစူးစိုက်ထားကြသည်။

တစ်ဦးက တတိယမြောက်ရွှေ့ကွက်ထဲ အာရုံစူးစိုက်ပြီး အမှတ်တမဲ့ ရထားရုပ်ကို ကောက်ယူ၍ လက်ဘက်ရည်ထဲနှစ်ကာ မျိုချလိုက်မိသဖြင့် အသက်ရှူကျပ်မတတ် ဖြစ်သွားခဲ့လေသတည်း။

## ဒေါ်လာငါးရာတန်တဲ့အလှ

အမျိုးသမီးတစ်ဦးသည် မောင်းနှင်လာသောကားနောက်သို့ မဆင်မခြင် လိုက်လာသော လူငယ်တစ်ယောက်အား ယာဉ်ထိန်းသို့ တိုင်ကြားလိုက်၏။

လမ်း၌ ယာဉ်ထိန်းရဲက ဖမ်းဆီးလိုက်လေသည်။

"မင်း ဘာကြောင့် ဒီလိုမဆင်မခြင် ပြုရတာလဲ"

"ရှေ့ကကားထဲမှာပါတဲ့ မိန်းခလေးက မျက်စပစ်ပြသွားလို့ပါ"

"ဒါဆို . . မင်းလိုင်စင်ပေး . . ဒေါ်လာ ၅၀၀ ဒဏ်ရိုက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



## စံနမူနာမဖြစ်စေချင်ပါ

အလွန်ပျင်းရိသော အလုပ်သမားအား အလုပ်ရှင်မှ ပြုပြင်စေလို၍ ပြောဆိုလိုက်သည်။

"အလုပ်လုပ်လို့ သေတဲ့ မသာမရှိအူးကွ မှတ်ထား"

"မှန်ပါတယ်ဆရာ၊ ကျွန်တော်လည်း အဲဒီလို အလုပ်လုပ်ပြီး သေခဲ့ရင် နောက်လူတွေ စံနမူနာမဖြစ်စေချင်ပါဘူး"

## အဆင့်သုံးမှာတော့

ကမ္ဘာကျော် ဂရင်းမာစတာဆာဗေလစ် ဆိုသူက

"စစ်တုရင်ကစားပွဲတစ်ခုမှာ အဆင့်သုံးဆင့် ရှိပါတယ်၊ ပထမအဆင့်အဖွင့်ဟာ ကိုယ်အခွင့်သာဖို့ မျှော်လင့်ချက်ပါပဲ၊ ဒုတိယအဆင့်က ကိုယ်အပေါ်စီးရနေပြီလို့ ဖြင်းထန်စွာခံစားရမယ်"

"ဒါဆို . . နောက်ဆုံးအဆင့်ကရောဗျာ"

"အဲ . . . တတိယပွဲသိမ်းပိုင်းရောက်တော့ ကိုယ်ရှုံးတော့မယ်ဆိုတာ သိသွားရော"



## အလုပ်နှင့်အဆက်အသွယ်ပြတ်သူ

"မင်းအမျိုးသားကို ကြည့်ရတာ မှိုင်လှချည်းလား၊ ဘာဖြစ်နေတာလဲ"

"ဟုတ်တယ်၊ သူ စိတ်သောကအတော့်ကို ရောက်နေတယ်၊ အလုပ်နဲ့ အဆက်အသွယ်ပြတ်နေလို့လေ"

"သူ့ကုမ္ပဏီ ဖျက်သိမ်းလိုက်လို့လား"

"မဟုတ်ပါဘူး၊ ဘောလုံးပွဲရာသီကုန်ကတည်းက အလုပ်နဲ့ အဆက်အသွယ်ပြတ်သွားတာလေ"

## ဆုံးဖြတ်ချက်

ဆေးခန်းသို့ အမျိုးသမီးတစ်ဦးက ဆေးလိပ်သောက်လွန်းသည့် လင်ယောက်ျားအား စိုးရိမ်လွန်းသဖြင့် ဆရာဝန်နှင့် ဆွေးနွေးမိသည်။

"စစ်ဆေးကြည့်တော့ နီကိုတင်းတွေ ခန္ဓာကိုယ်မှာ အရမ်းများနေပါတယ်"

"သူ့ကို ဆေးလိပ်ပြတ်အောင် ဘယ်လိုလုပ်ရမလဲ ဒေါက်တာ"

"အာရုံပြောင်းသွားအောင် တစ်ခြားအလေ့အကျင့်တစ်ခုခု လုပ်ခိုင်းစေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ အတွေးလွဲချော်၍ မျက်နှာချက်ခြင်းပျက်သွားပြီး -


"ကျေးဇူးတင်ပါတယ် သို့ကို ဆေးလိပ်ပြန်သောက်ခိုင်းပါတော့မယ်"

## အာပွတ်စော်နံ့တဲ့မင်းသား

ကမ္ဘာကျော် "လေနှင့်အတူ" (Gone with the wind) ရုပ်ရှင်ဇာတ်ကားရိုက်စဉ် အမိက ဇာတ်ဆောင်မင်းသမီး ဗီဗီယန်လေးမှာ မင်းသား ကလပ်ဂေဘယ်မျက်နှာနှင့် လက်မအနည်းငယ်အလိုသို့ တိုးကပ်ရသော ဇာတ်ဝင်ခန်းရိုက်ရင်း သတိမေ့လဲကျသွားလေသည်။

သတိရ၍ မေးကြည့်သောအခါ

"သူ့ပါးစပ်က အာပုပ်စော်အရမ်းနံ့တာကို ကျွန်မ မခံနိုင်လွန်းလို့ပါ"





## တရားခံက . .

အမေရိကန်နိုင်ငံ၌ လူသတ်မှုတစ်ခုကို ကျူးလွန်မိသော တရားခံမိန်းကလေးအား ရဲအရာရှိက ခေါ်၍စစ်ဆေးလိုက်၏။

"ဘယ်လို နာကြည်းချက်နဲ့ ရက်စက်စွာ သတ်ရတာလဲ"

"ကျွန်မ မသတ်ဘူး"

မိန်းကလေးက တည်ငြိမ်စွာပင် ဖြေဆိုလိုက်၏။

"မဖြစ်နိုင်တာဘဲ သေနတ်ပေါ်က လက်ဗွေရာနဲ့ ပြီးတော့ မင်းကိုယ်တိုင်ပစ်သတ်ခဲ့တယ်ဆိုတာ မျက်မြင်သက်သေ ရှိနေတယ်"

"မှန်ပါတယ် ကျွန်မသေနတ်က သူ့အပေါ် နာကြည်းပြီး မျက်မုန်းကျိုးနေတာ ကြာပါပြီ၊ ဒါကြောင့် သေနတ်ကို စစ်ဆေးအရေးယူပေးပါ"

## မေ့တတ်သူ

ကမ္ဘာကျော်ကဗျာဆရာကြီး ဆာဝေါလ်တာစကော့မှာ အလွန်သတိမေ့တတ်၏။ တစ်ခါ သူကိုယ်တိုင်ရေးသော ကဗျာကို ဖတ်ရှုပြီး ဘိုင်ရွန်အား ချီးကျူးမိလေသည်။

"ဘိုင်ရွန်ရေးတာ မဟုတ်ပါဘူး၊ ဆရာကြီးကိုယ်တိုင် ရေးခဲ့တာပါ"

"ဟုတ်လား မသိပါဘူးဗျာ၊ ကျုပ်က အဲဒီလူရေးတယ်လို့ စိတ်မှာထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



## အကြံကောင်း

ရုံးတစ်ရုံး၌ ဂျူးဆိုသော အမျိုးသမီးစာရေးမ တစ်ယောက်မှာ သူ၏ကိုယ်ပိုင် ဘောပင်၊ စာအုပ်ချုပ်စက် အစရှိသော ပစ္စည်းများကို ငှါးငှါးသုံးပြီး ပြန်ပေးဖို့ မေ့တတ်သဖြင့် "ဂျူး" ဟု ထင်ထင်ရှားရှား ကဗျည်းထိုးထားလိုက်၏။

သို့ပေမယ့် ဝန်ထမ်းများက စည်းကမ်းမရှိ နေထိုင်သော အလေ့အကျင့်ကို မဖျောက်နိုင်သေး။

တစ်လကြာ၍ သူမပစ္စည်းများ စစ်ဆေးကြည့်သောအခါ "ဂျူး' ထံမှ ခိုးထားသည်" ဟူ၍ စာတန်းရေးထားလေတော့သည်။

## ကံစမ်းမဲ

စီးပွားရေးအရ အနောက်နိုင်ငံများ၌ လူသုံးကုန်ပစ္စည်းရောင်းချရာ၌ စံချိန်တင်နိုင်ရန် ကံစမ်းမဲထည့်တတ်ကြသည်။

ကုမ္ပဏီတစ်ခုမှာ အရောင်းစံချိန် ချိုးသွားသဖြင့် -

"ဘာကြောင့် စံချိန်ချိုးရတာလဲ"

"ကုမ္ပဏီပိုင်ရှင် အမျိုးသမီးကြီးရဲ့ ယောကျ်ားရွေးမယ့် ကံစမ်းမဲ တီထွင်လိုက်လို့ပါပဲ"



## အောက်ခြေကစချင်ပါတယ်

မိသားစု၌ ဖခင်ကြီးကိုယ်တိုင် သားသမီးများ ဘဝရှေ့ရေး တိုးတက်ဖို့ ဆိုဆုံးမပြောဆိုမိသည်။

"ဘယ်လိုပညာမဆို အောက်ခြေကစပြီး စနစ်တကျ တတ်မြောက်အောင် လေ့လာသင်ကြားဖို့ လိုအပ်ပါတယ်"

သားဖြစ်သူက နားထောင်ရင်း

"ဒါ့ဆို ကျွန်တော်ရေကူးချင်ပါတယ် ဘယ်လိုလုပ်ရမလဲ ဒက်ဒီ"

## တီထွင်မှုကောင်းပါသည်

ကြော်ငြာလောကမှာ စီးပွားရေးဈေးကွက်၌ အရေးပါဆုံး ပင် ဖြစ်သည်။ စာရေးဆရာတစ်ဦးက တီဗီထဲ၌ တွေ့ရသော ခေါင်းလျှော်ရည်ကြော်ငြာကို သဘောကျ၍ ကိုယ်တိုင်သုံးစွဲကြည့်ရာ နှစ်ချိုက်သဖြင့် မဂ္ဂဇင်းထဲ ဆောင်းပါးရေးထည့်လိုက်၏။

ရက်သတ္တပတ် နှစ်ပတ်အကြာ ထိုကုမ္ပဏီမှ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်နှင့် အခြား တီထွင်ထားသော ပစ္စည်းသစ်များ လက်ဆောင်ပေးရင်း စာတစ်စောင် ရောက်ရှိလာသည်။

စာရေးဆရာက မိန်းမအား ကြည့်ရင်း ဂုဏ်ယူစွာပြုံးပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ကိုင်း ဘယ်လိုသဘောရသလဲ"

"နောက်တစ်ခါဆို ငါကားကူမွှေဏီ ကြော်ငြာကြည့်ပြီး ဆောင်းပါးတစ်ပုဒ် ထပ်ရေးလိုက်ဦးမယ်"

## နေရာ

တစ်ခါက သင်္ဘောပျက်၍ ညားကာစဇနီးမောင်နှံမှာ ကျွန်းလေးတစ်ခုပေါ်သို့ ရောက်ရှိသွားကြသည်။ ဇနီးဖြစ်သူက လင်ယောကျ်ားကို အားတိုးတကြီးကြည့်ရင်း -

"ရှင်နဲ့ ကျွန်မ သည်လိုပဲ ထိုင်ပြီးအချိန်ဖြုန်းနေလို့ မဖြစ်ဘူး ဘယ်လိုလုပ်ကြမလဲ" - ဟု မေးလိုက်၏။

"သိပ်မှန်တာပေါ့ ငါစဉ်းစားပြီးပါပြီ"

ဇနီးသည်က ဝမ်းသာရွှင်ပြသွားပြီး,

"ဆိုစမ်းပါအုံး"

"သည်နေရာက နေပူလာလိမ့်မယ်၊ တို့နှစ်ယောက် ဟိုဘက်နားရွှေ့ထိုင်ကြရင် ကောင်းမလားလို့"



## လူပြည့်အောင်မစောင့်နိုင်လို့

ကုမ္ပဏီအရောင်းခန်းမ အပေါ် ဆုံးထပ်သို့ ဓာတ်လှေခါးလုံးဝမစီးဘဲ တက်လာသော သမီးဖြစ်သူအား ဖခင်က အံ့အားသင့်စွာ ကြည့်ရှုရင်း မေးလိုက်မိသည်။

"ဘာလို့ ဓာတ်လှေခါးမစီးဘဲ အပင်ပန်းခံ တက်ရတာလဲ သမီးရယ်"

"ဓာတ်လှေခါးမှာ ရေးထားတဲ့စာတန်းကို သဘောမကျလို့ပါ"

"ဘယ်လိုရေးထားလို့လဲ"

"ဆယ့်နှစ်ယောက်သာ စီးရန်တဲ့၊ သမီးလည်း လူဆယ့်တစ်ယောက်ပြည့်အောင် မစောင့်နိုင်လို့ စိတ်မရှည်တာနဲ့ ထွက်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



## သူ့အလှည့်

"သူနဲ့ကိုယ် ယူကာစတုန်းက လင်ယောကျ်ားအကြိုက် ကိုယ်တိုင်အပင်ပန်းခံ ချက်ပြုတ်ကျွေးရတာ မီးဖိုချောင်ထဲက မထွက်နိုင်ဘူး"

"အခုရော"

"အခုတော့ ဈေးဖိုးကုန်မှာစိုးလို့ သူကိုယ်တိုင်မီးဖိုချောင်ထဲမှာ စီစဉ်နေတယ်လေ"

## ဝေးလေကောင်းလေ

တစ်ခါက လူတစ်ယောက် ဘတ်စ်ကားစောင့်ရင်း ပြန်းခန် မိုးရွာချလိုက်သဖြင့် ဝယ်လာသည့် အသစ်ကျပ်ချွတ် ထီးကို ဖွင့်ဆောင်းရန် ကြိုးစားလိုက်၏။ ရုတ်တရက်လေကြမ်းသောကြောင့် ထီးရွက်ကျွတ်ပြီး လမ်းပေါ်ရောက်သွား၏။

ဒေါသတကြီး ထီးဝယ်သည့်ဆိုင်သို့ ရောက်လာသည်။ အရောင်းစာရေးမလေးက လန့်ဖြန့်နေ၏။

"ထီးတွေက မကောင်းဘူးဗျ၊ လေတိုးတာနဲ့ အရွက်ပါ လွင့်သွားတယ်"

"ရှင့်ကို အယ်လိုကူညီရမလဲ"

"ထီးအသစ်တစ်ချောင်းပေးဗျာ၊ ဒါပေမယ့် ဖွင့်ကြည့်ပြီးယူမှဖြစ်မယ်"

"ဟုတ်ကဲ့ ဖွင့်ပါ . . ဒါပေမယ့် ကျွန်မကို မထိခိုက်အောင် ဝေးဝေးမှာ ဖွင့်ရင်ပိုကောင်းပါလိမ့်မယ်"

## စကားဝှက်

ဂျပန်လူမျိုးများက စကားဝှက်နှင့် ပြောဆိုတတ်ကြသည်။

"ဆာကူရာဂျိ မီးတောင်မပေါက်ကွဲ"

ဆိုသော စကားကိုကြားလျှင် ကာရိုရှီးမှား တက္ကသိုလ်ဝင်ခွင့်မရ ဟူသော အဓိပ္ပါယ် . . .

"လှိုင်းတံပိုးထန်၍ ကမ်းမကပ်နိုင်" ဟူသော စကားမှာ ကိုဘေးကုန်သွယ်ရေကြောင်း တက်ခွင့်မရဆိုသော သဘော၊

အာကီတာတက္ကသိုလ်ဝင်ခွင့်မရသူတစ်ယောက်က မိန်းမချောလေးများနှင့် တွေ့ရမည်ဟု ကြေးနန်းပို့လိုက်ပုံမှာ -

"အာဇူးတောင်ပေါ်မှာ ယုန်ဖြူကလေးတွေ ခုန်နေပြီ" ဟူ၍ . .

## မှတ်တမ်းတင်ပါမယ်

တစ်ခါက မြို့တစ်မြို့ဆီသို့ ဦးတည်ပျံသန်းနေသော လေယာဉ်ပေါ်၌ ကလေးမွေးဖွားရန် အခြေအနေပေါ်ပေါက်လာသော အမျိုးသမီးကြောင့် အခက်တွေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်နာ၍ ရှုံ့မဲ့မဲ့ဖြစ်နေသော အမျိုးသမီးအား လေယာဉ်မောင်က ကြည့်ရှုရင်း -

"ကျေးဇူးပြုပြီး တဆိတ်လောက် အောင့်ထားပေးပါ။ အစ်မကြီးရဲ့ သည်းခံမှုကို လေယာဉ်ဆင်းတဲ့အခါ အသိမှတ်ပြု မှတ်တမ်းတင်ပါ့မယ်"

ဟူ၍ ပြောလိုက်သဖြင့် အခံရခက်သွားမိလေသည်။

## သုံးမွှာ

ကျွန်မ ကိုယ်ဝန်ရလာပြန်ပြီ . .

စိတ်ထဲ၌ အမြွှာပူးဖြစ်မည်ဟု ယူဆမိ၏။ ခင်ပွန်းသည်ကိုယ်တိုင်က ဆရာဝန်ဖြစ်နေ၍ -

"စွဲလန်းတာပါ အမွှာပူးမဖြစ်နိုင်ပါဘူး"

နောက်ဆုံး အာထရာဆောင်း ရိုက်ကြည့်သောအခါ အဖြေပေါ်လာသည်။ သုံးမွှာပူးဖြစ်နေသော ဓာတ်ပုံကို ကြည့်ရင်း ခင်ပွန်းသည်အား ပြလိုက်၏။

"ကိုယ်ပြောသားပဲ မင်းဟာ အမွှာမဟုတ်ပါဘူး၊ အခုဟာက သုံးမွှာပူးလေ"



## ရှင်မှားနေပြီ

တစ်ခါက သော့ပြင်ဆရာထံသို့ အမျိုးသမီးတစ်ယောက်လာ၍ သော့တုတစ်ချောင်းလုပ်ခိုင်းသည်။

"အေးဗျာ ဒီခိုးတွေက သောင်းကျန်းတာအရမ်းပဲ . . . မီးခံသေတ္တာသော့ဆိုတာ အနည်းဆုံးသုံးချောင်းလောက် လုပ်ထားမှ စိတ်ချရတာ"

အမျိုးသမီးက ပြုံးလိုက်ရင်း

"ရှင်တွေးတာ မှားနေပြီ၊ ကျွန်မ သော့တုလုပ်ချင်တာက ကျွန်မယောကျ်ားအတွက်ပါ"

## စေတနာပါ

တစ်ခါက အမျိုးသမီးနှစ်ဦး မြို့ထဲ အမှတ်မထင်ဆုံမိရင်း

"မင်းကို စေတနာနဲ့ သတိပေးချင်တယ် ရီစီ၊ မင်းယောကျ်ားကို မီးလောင်လွယ်တဲ့ ပစ္စည်းစက်ရုံမှာ အလုပ်လုပ်ခိုင်းတာ သူ့အတွက် အန္တရာယ်ရှိလာလိမ့်မယ် ထင်တယ်"

"ကိုယ်က စေတနာနဲ့ပါကွာ"

"ဘယ်လို"

"သူ့ကို လုပ်ခိုင်းတာ စီးကရက်စက်ရုံလေ၊ ဒါမှ ဆေးလိပ်ပြတ်သွားမှာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com




## ချန်ပီယံ

ကောင်လေးတစ်ယောက်က နေ့စဉ်နေ့တိုင်း လမ်းမှာ စောင့်၍ ကောင်မလေးကို ချစ်ရေးဆိုသည်။ ထိုကိစ္စအား စိတ်ရှုပ်လာသဖြင့် ကြံရာမရဖြစ်မိသောကြောင့်

"နင့်ကို တစ်ခုတော့ သတိပေးလိုက်မယ်၊ ငါ့အစ်ကိုက လက်ဝှေ့ချန်ပီယံတစ်ယောက်ပဲ"

ကောင်လေးက လန့်ဖြန့်မသွားဘဲ

"အခုလိုသတိပေးတာ ကျေးဇူးပါပဲ၊ ငါလည်း နင့်ကို ပြောဖို့ မေ့နေတယ်၊ ငါက အပြေးချန်ပီယံငှလေ"



## နောက်ကျလို့

ဂျူးလူမျိုးများသည် စပ်စေးနည်းခြင်း၊ တင်စီးခြင်း လွန်ကဲသူများ ဖြစ်သည်။ ဂျူးအလုပ်ရှင်နှင့် အလုပ်သမား သူတို့ခြင်း တွေ့ကြသည့်အခါ

"မင်း ဘာကြောင့်နောက်ကျတာလဲ"

"ခွင့်လွှတ်ပါဆရာ၊ ခြောက်ထပ်မှာရှိတဲ့ အခန်းက အဆင်း လှေခါးခြေချော်ကျလို့ပါ"

"ဘယ်အထိ ချော်ကျတာလဲ"

"ဒသိမ့်ကောက်ကွေးနဲ့ လှေခါးရင်းအထိ ကျတာပါပဲ"

"ဒါဆို ရိုးရိုးဆင်းတာထက် ပိုမြန်တယ်၊ မင်း အလုပ်နောက်ကျတာ ယုတ္တိမရှိဘူး"

## ကြော်ငြာ

"ဤဆိုင်တွင် ဘာသာစကားမျိုးစုံ ပြောနိုင်သည်"

ထိုကြော်ငြာစာသားကြောင့် အထင်ကြီးမိ၏။ တစ်နေ့ ကမ္ဘာလှည့် ခရီးသည်တစ်ဦး ရောက်လာပြီး မန်နေဂျာကို ခေါ်၍ . .

"ကြော်ငြာထားတဲ့အတိုင်း ဆိုင်ထဲမှာ စကားပြန်မျိုးစုံ ရှိလား"

"မရှိပါဘူး"

"ဒါဖြင့် ဘာသာစကားမျိုးစုံ ဘယ်သူပြန်ဆိုပေးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ ဖတ်ပါဦးဗျာ . . ကျွန်တော်က ဆိုင်ထဲ ဘာသာစကားမျိုးစုံ ပြောဆိုနိုင်သည်လို့ပဲ ရေးထားတာပါ၊ ပြန်ဆိုနိုင်သည်လို့ ရေးမထားပါဘူး"

## စိတ်ကျေနပ်အောင်ပြောပါ

"သွားနှုတ်ခ ဘယ်လောက်လဲ"

"ဒေါ်လာနှစ်ရာ"

"တစ်မိနစ်နဲ့ အဲဒီလောက်ပေးရသလား"

"ဒါဆို . . ခင်ဗျားက ဘယ်လောက်ကြာကြာနှုတ်ချင်လို့လဲ၊ စိတ်ကျေနပ်အောင် အချိန်ဆွဲနှုတ်ပေးပါ့မယ်"

## အတွေးအခေါ်

ပင်နယ်ဆလင် ဆေးဝါးရှာတွေ့သူ အလက်ဇန္ဒားဖလီးမင်းအား သတင်းထောက်များက တွေ့ဆုံမေးမြန်းကြသည်။

"သိပ္ပံပညာရှင်အနေနဲ့ နံနက်ခင်းမှာ ဘာများ တွေးခေါ်တတ်ပါသလဲ"

"သိပ်ကို အရေးကြီးတဲ့ကိစ္စ တွေးနေရတာပဲ"

"ဟုတ်ကဲ့ သိပါရစေ ဆရာ"



"ကျွပ်စဉ်းစားတာက နံနက်စာအတွက် ကြက်ဥတစ်လုံးကြော်စားရရင် ကောင်းမလား၊ နှစ်လုံးကြော်စားရရင် ကောင်းမလားလို့လေ"

## မှားနေပြီ

ဆရာဝန်တစ်ယောက်က လူနာအား စမ်းသပ်ကြည့်လိုက်ရင်း -

"ရောဂါဝေဒနာနဲ့ ပတ်သက်လို့ ထူးခြားချက်မရှိပါဘူး၊ ကျွန်တော့်စိတ်ထင်တော့ အရက်သောက်ထားလို့ ဖြစ်ပုံလိမ့်မယ်"

လူနာက ခေါင်းခါရင်း ပြန်ပြောလိုက်ပုံမှာ

"ဒါဆို . . ဆရာအမူးပြေလောက်မှ ကျွန်တော်တစ်ခေါက်လာပြပါဦးမယ်"

## အသက်ရှည်နည်း

အဘိုးအိုတစ်ယောက် အသက်တစ်ရာ မွေးနေ့ပွဲကို ကျင်းပ၏။ အသက်ရှည်နည်း လျှို့ဝှက်ချက်ကို သိချင်ကြသဖြင့် ပြောခိုင်းရာ၌ . .

"အသက်ရှည်ရခြင်းက လွန်ခဲ့တဲ့ ၇၅ နှစ်က ကျုပ်နဲ့ ကျုပ်ဇနီးတို့ လက်ထပ်ပြီး မင်္ဂလာဦးညမှာ တတိသစ္စာပြုခဲ့ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကတောက်ကဆ ဖြစ်တဲ့အခါတိုင်း အမှား မလုပ်မိအောင် အိမ် အပြင်ရှောင်ထွက်သွားဖို့ပါပဲ"

"အဲဒီလိုနဲ့ ၇၅ နှစ်လုံးလုံး ကျုပ်အမှားလုပ်မိတိုင်း လမ်းလျှောက်ထွက်နေရလို့ အခုလို အသက်ရှည်နေတာပါ"

## မင်းအလှည့်ရောက်ပြီ

အမျိုးသမီးတစ်ဦးသည် သူတောင်းစားနှစ်ယောက်အား သနား၍ အိမ်ခေါ်လာသည်။

"စွပ်ပြုတ်ဘယ်သူသောက်မလဲ"

"ကျွန်တော် သောက်မယ်"

တစ်ယောက်က သွက်လက်စွာ ပြောလိုက်၏။

"အသားဟင်းလည်းရှိတယ် ဘယ်သူစားမလဲ"

"ကျွန်တော်ပါ"

ထိုသူတောင်းစားကပင် သွက်လက်စွာဖြေလိုက်၏။

"ကိတ်မုန့်ရော ဘယ်သူစားမှာလဲ"

အနီးသူတောင်းစားကပင်

"ကျွန်တော်ပဲ စားလိုက်ပါ့မယ်"

အစားအသောက်များ ကုန်သွားပြီ။

"ထင်းတွေရှိတယ် ဘယ်သူခွဲပေးမလဲ"

အနီးသူတောင်းစားက



"ဟော့ကောင် မင်းလည်း တစ်လှည့်ပြောဦးမှပေါ့"

ဟု ပြောဆိုလိုက်လေသည်။

## သက်သေ

တရားရုံးတော်သို့ ဒေါသမထိန်းနိုင်ဘဲ လက်ရောက်ကျူးလွန်မှုဖြင့် ရောက်ရှိလာသော တရားခံအား စစ်ဆေးမိသည်။

တရားသူကြီး ။ ။ "မောင်မင်းမှာ အပြစ်ရှိသလား"

တရားခံ ။ ။ "ဒါကတော့ သက်သေထွက်ချက်မကြားရသေးဘဲ ကျွန်တော်မျိုး ဘယ်လိုမှ မပြောတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



## မေးခွန်းနှစ်မျိုး

ရှေ့ဖြစ်ဟောသည့် ဗေဒင်ဆရာမက ဆယ်ဒေါ်လာ တောင်းယူလိုက်ရင်း -

"ကြိုက်ရာမေးခွန်းနှစ်ခု မေးခွင့်ရှိပါတယ်"

မေးမြန်းသူက စိတ်ထဲသဘောမကျသလို ဖြစ်မိ၍ -

"မေးခွန်းနှစ်ခုကို ဆယ်ဒေါ်လာမေးရတယ်ဆိုတော့ မများဘူးလား"

"ကျေးဇူးပြုပြီး ဒုတိယမေးခွန်းကို ဆက်မေးနိုင်ပါပြီ"

## လွယ်ပါတယ်

မိလျံနာသူဌေးကြီးမှာ အသက် ၇၀ အရွယ်ရှိသော်လည်း အသက် ၂၀ သာရှိသော မိန်းမချောလေးကို လက်ထပ်ယူလိုက်သဖြင့် စိတ်ဝင်စားမိသွားကြသည်။

"တယ်စွံပါလား ငယ်ငယ်ချောချောမိန်းမကို ဘယ်လိုနည်းနဲ့ အရယူလိုက်တာလဲ"

"လွယ်ပါတယ်ဗျာ . . ကျုပ်အသက် ၉၅ နှစ်ရှိပြီလို့ တစ်ခွန်းထဲ ပြောလိုက်ရုံပါပဲ"



## မင်းကြောင့်

လေးရက်ခန့် အမဲလိုက်ပြီး ပြန်လာသည့် ခင်ပွန်းဖြစ်သူက သူ၏ လက်ထပ်လက်စွပ်ပျောက်သဖြင့် ညည်းညူပြောဆိုလိုက်၏။

"ဘယ်လိုဖြစ်လာလို့လဲ"

"အဲဒါ မင်းအပြစ်ပေါ့ ငါ့အကျႌအိတ်တွေ ပေါက်နေတယ်ဆိုတာ မင်းကိုပြောထားရက်နဲ့"

## နောက်ဆုံးမျိုးဆက်

တစ်နေ့ သားဖြစ်သူက ဆော့ကစားရင်း ရှေးဟောင်းပန်းအိုးကြီး တစ်လုံးကျကွဲသွားသဖြင့် အဆူခံရမှာစိုးသောကြောင့်

"မေမေရေ ညှော့ခန်းထဲက ဘိုးစဉ်ဘောင်ဆက် အမွေဆက်ထိန်းလာတဲ့ ပန်းအိုးကြီးအကြောင်းပြောမလို့"

"ဘာဖြစ်လို့လဲ"

"မျိုးရိုးစဉ်ဆက် နောက်ဆုံးမျိုးဆက်သစ်ကြောင့် မတော်တဆ ကျကွဲသွားလို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



## အနမ်း

"ဘယ်လိုဖြစ်တာလဲ မင်းမျက်နှာမှာ အညိုအမဲတွေနဲ့"

"သတို့သမီးကို နမ်းမိလို့ကွ"

"ဟာ . . မင်္ဂလာပွဲတိုင်း သတို့သမီးနမ်းပြီး နှုတ်ဆက်ကဲ့ မလေ့ဟာ ရိုးရာအစဉ်အလာတစ်ခုပဲ"

"မဟုတ်ဘူး၊ ငါက လက်ထပ်ပြီး ၃ နှစ်ကြာမှ နမ်းမိတာလေ"

## ဉာဏ်စမ်း

"အေဘီစီဒီလည်းမသိ ကကြီးခခွေးလည်း နားမလည်ဘဲ စာကို ဖြောင့်နေအောင် ရေးနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"သိပ်ဖြစ်နိုင်တာပေါ့ ဘောပင်လေ"

## လက်စားချေခြင်း

ပန်းချီဆရာကြီး ဗွစ်စလာက လည်ချောင်းအထူးကု ဆရာဝန်ကြီး သမားတော် မက္ကင်ဇီကို ပင့်၏။ အိမ်သို့ရောက်သည့်အခါ သူ၏ အမွေးပွခွေးလေးသည် လည်ချောင်းနာဖြစ်နေသောကြောင့် ပင့်ရခြင်းဖြစ်ကြောင်း သိရ၍ အောင့်သက်သက်ခံလိုက်ရလေသည်။



သမားတော်ကြီးက ဆေးစာကို ရေးပေးရင်း ပြန်လာခဲ့သည်။ နောက်တစ်နေ့ -

ပန်းချီဆရာကြီး ဗွစ်စလာအား အရေးကြီးသော အရောင်းကိစ္စတိုင်ပင်ရန် စာရေးပေးလိုက်၏။

ရောက်သွားသည့်အခါ -

"မစ္စတာဗွစ်စလာကို ဖိတ်ခေါ်ရခြင်းဟာ အိမ်ရှေ့တံခါး ဆေးသုတ်ဖို့ ကိစ္စအတွက်ပါပဲ"

ဟူ၍ . . .

## ကြဲကြဲဖန်ဖန်

သင်းချိုင်းတစ်ခုသို့ လူတစ်ယောက်ရောက်ရှိလာပြီး

"ဤနေရာ၌ ရှေ့နေတစ်ဦး ငြိမ်းချမ်းစွာ လှဲလျောင်းနေသည်၊ သူသည် သစ္စာရှိသူဖြစ်၏"

ဟူသော စာတန်းကိုကြည့်ရှုလိုက်ရင်း -

"အို . . ကြဲကြဲဖန်ဖန် ဂူတစ်လုံးထဲ ရှေ့နေတစ်ယောက်နဲ့ တစ်ခြားတစ်ယောက်ကို ထည့်မြှုပ်ရတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com





## အလိုအပ်ဆုံး

ဈေးရောင်းသမားတစ်ယောက်သည် ဆိုင်ထဲဝင်လာသော အမျိုးသမီးအား ပစ္စည်းများ တစ်ခုခြင်းလိုက်လံပြသပြီး -

"အစ်မကြီးတို့အိမ်မှာ ဘာပစ္စည်းလိုအပ်နေသလဲ ဆိုတာသာ ပြောပါ"

ဟူ၍ ဝတ္တရားအရ ချိုသာစွာ မေးလိုက်၏။

အမျိုးသမီးက တစ်ခွန်းထဲပြော၍ ဆိုင်ထဲမှ ထွက်ခွာသွားသည်။

"ကျွန်မအိမ်မှာ အမှန်တကယ်လိုအပ်နေတာ ငွေပါပဲ"



## အကျင့်မဖျောက်သေးလို့

လူတစ်ယောက်၏ အကျင့်ကား လုံးဝမဖျောက်နိုင်။ ဆရာဝန်တစ်ယောက်နှင့် လူနာတစ်ဦး သိကျွမ်းရင်းနှီးရာမှ မေတ္တာမျှပြီး လက်ထပ်ဖြစ်သွားကြသည်။

မင်္ဂလာဘိသိတ်ဆရာက လက်ချင်းယှက်ကိုင်၍ ထပ်နိုင်းလိုက်သောအခါ သတို့သားဆရာဝန်က လူနာအမျိုးသမီး၏ လက်ကောက်ဝတ်ကို သွေးတိုးစမ်းလိုက်မိပြီး . .

"ကဲ . . . လျှာထုတ်စမ်း"

ဟူ၍ ပြောလိုက်လေသတည်း။

## ကွာမို့မကွာမို့

"မင်းမိန်းမကို ဘာလို့ကွာရှင်းချင်ရတာလဲ"

"စကားမပြောတာ နှစ်လတိတိရှိပြီ"

"ဟာ . . . မင်းသိပ်ကံကောင်းတဲ့လူပဲ . . ငါက ဒီလိုစကားနှစ်လမပြောနဲ့ သုံးရက်လောက်မပြောဘဲ နေနိုင်တဲ့ မိန်းမမျိုးကို လိုချင်လို့ ရှာနေတာကြာလှပြီ"

www.burmeseclassic.com

www.burmeseclassic.com



## ပုံပြောကောင်းသူ

ကမ္ဘာကျော်ပုံပြင်ဝတ္ထုများကို ရေးသားသော စာရေးဆရာကြီး အာသာဟေလီမှာ လုပ်ငန်းခွင်ရှိ လူများ၏ဘဝကို တိကျသေချာစွာ လေ့လာပြီး ရေးသားလာခဲ့သော ဘက်ဆဲလားစာရေးဆရာ ပင် ဖြစ်သည်။ သူ့ဆန္ဒကား -

"ကျုပ် သေရင် သင်းချိုင်းဂူပေါ်မှာ သူသည် ပုံပြော ကောင်းသူဖြစ်သည်လို့ စာတန်းလေးတစ်ခုပဲ ထိုးပေးစေချင်ပါ တယ်"

## အမှန်အတိုင်းရေးတာ

ပင်လယ်ကူးသင်္ဘောတစ်စီး၌ ကပ္ပတိန်က သင်္ဘောသား အား "ယနေ့ သင်္ဘောသား အရက်မူးသည်" ဟု မှတ်ချက်ရေး လိုက်၏။ ထိုသင်္ဘောသားက အမူးပြေသောအခါ စိတ်ထဲ မခံမရပ် နိုင်ဖြစ်မိပြီး -

"ကျွန်တော် အရက်တစ်ကြိမ်ပဲသောက်ဖူးလို့ အရက် သမားဆိုတဲ့အမှား အဖြစ်မခံနိုင်ဘူး၊ မှတ်ချက်ကို ဖျက်ပေးစေချင် ပါတယ်"

"အမှန်ကို အမှန်အတိုင်းရေးတာကွ"

နောက်တစ်ပတ် ထိုသင်္ဘောသားတာဝန်ကျသောအခါ မှတ်တမ်းထဲ၌ အမှန်အတိုင်း ရေးသွင်းလိုက်၏။

"ယနေ့ ကပ္ပတိန်အရက်မမူးပါ"



## အိပ်မက်ထဲမှာ

"မင်း သည်မနက် အိပ်ယာထနောက်ကျလှချည်လား"

"ဘောလုံးပွဲအကြောင်း အိပ်မက်မက်နေလို့"

"ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့ ဘောလုံးပွဲက အချိန်ပိုတောင် ကစားနေရ တယ်လေ"

## ကလေးအငိုတိတ်အောင်

ကမ္ဘာကျော်တေးသံရှင် ဒင်နီကေးက ဖျော်ဖြေပွဲတစ်ခု၌ သီချင်းတစ်ပုဒ် သီဆိုဖြိုးစီးသွားသည်။ ရှေ့ဆုံးက ကလေးတစ်ဦးက အော်ငိုလေသည်။ မိခင်ဖြစ်သူက ချော့၍မရ။

ဒင်နီကေးမှာ ထိုကလေးကိုကောက်ချီရင်း စင်ပေါ်ထိတက် ကာ သီချင်းကို ထုံးစံအတိုင်း အသံမြှင့်ဆိုလိုက်၏။

ကလေးမှာ ကြောက်လွန်းလွန်းသဖြင့် ငိုသံတိုးတိမ်အိတ် ဆိတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒင်နီတေးက သူ၏အောင်မြင်မှုအား ဩဘာပေးနေသည့် ပရိသတ်ကို မြင်သာအောင်ပြသလိုက်ရင်း မိခင်ထံသို့ ပြန်လည် အပ်နှံလိုက်၏။

## ဒီလိုပါ . .

ဆိုင်တစ်ဆိုင်၌ ဆိုင်းဘုတ်ချိတ်ထား၏။

"မနက် ၉ နာရီနှင့် ၁၀ နာရီဝန်းကျင်ကြား ဆိုင်ဖွင့်တတ်၏ တစ်ချို့ရက်များ၌ ၁၂ နာရီဖြစ်တတ်၏။ တစ်ခါတစ်ရံ (၄) နာရီ၌လည်းကောင်း၊ (၅) နာရီ၌လည်းကောင်း ဖွင့်ပါသည်။ ဆိုင်ပိတ်ချိန်မှာ ၁၁ နာရီ ၁၂ နာရီဖြစ်ပြီး တစ်ချို့ရက်များ၌ ဤဆိုင်တွင် မရှိတတ်ပါ။ အလုပ်မများသောရက်၌ တစ်နေ့လုံးလိုလို ဆိုင်မှာရှိပါသည်"





## ဦးနှောက်စားသူ

လူတစ်ယောက် ရေးကြီးသုတ်ပျာနှင့် ဘူတာရုံပိုင်ကြီး ရုံးခန်းသို့ ရောက်လာသည်။

"အမြန်ရထား ထွက်သွားပြီလား"

"ဟုတ်ကဲ့ ထွက်သွားပါပြီ"

"ဒါဖြင့် လော်ကယ်ရထားရော"

"အဲဒါက ရှစ်နာရီခွဲကတည်းက ထွက်သွားတာပါ"

"စာပို့ရထားကရော"

"ည သန်းကောင်ထဲက ထွက်သွားပါပြီ"

"ဒါဆို လောလောဆယ် ရထားလုံးဝမရှိဘူးပေါ့"

"ဟုတ်ပါတယ်၊ ဒါနဲ့ ခင်ဗျားက ဘယ်ကိုခရီးသွားမှာလဲ"

"မဟုတ်ပါဘူးဗျာ၊ ရထားလမ်း ဖြတ်ကူးမလို့ မေးနေတာပါ"

## ဟုတ်သားပဲ

"သည်ဆေးခန်းက ငြိမ်ချက်သားကောင်းလှချည်လား"

"ဟုတ်ပါတယ်၊ အဲဒါ မေ့ဆေးဆရာဝန်ရဲ့ ဆေးခန်းလေ"

www.burmeseclassic.com

www.burmeseclassic.com



## ဒါကြောင့်

ကျောင်းတစ်ကျောင်းရှိ စာသင်ခန်းမတစ်ခု၌ ဆရာက ရှင်းပြသည်။

"လက်မှာဆိုတာ အကြီးမားဆုံးပဲ၊ လူသန်းပေါင်းများစွာ နေနိုင်လောက်အောင် ကျယ်ဝန်းတယ်"

နောက်ဆုံးခုံတန်းမှ တပည့်က ရယ်မောလျက်

"ဖြစ်နိုင်ပါတယ်ဆရာ၊ ဒါကြောင့် တစ်ခါတစ်လေ ကျွန်တော်တို့ လကို ဖစ်ခြမ်းပဲ မြင်ရတာပါ"

## အနုပညာ

ပန်းချီအရောင်းခန်းမတစ်ခု၌ ပန်းချီဆရာက ရောက်လာပြီး သူ၏ပန်းချီကားများကို ကြည့်ရှုရင်း ပိုင်ရှင်ကို မေးမြန်းဆွေးနွေးလိုက်မိသည်။

"ပန်းချီကားတွေ ရောင်းလို့ကောင်းရဲ့လား"

"လူတစ်ယောက်ရဲ့ အနုပညာလက်ရာကို အဲဒီလူ သေဆုံးသွားမှ တန်ဘိုးရှိလာမှာလို့ပြောပြီး ခင်ဗျားပန်းချီကားတွေ အကုန် ဝယ်သွားကြတယ်"

"ဟင် . . . ဟုတ်လား"

ပန်းချီဆရာ အထိတ်တလန့်ဖြစ်သွားသည်။ ပိုင်ရှင်က ဆက်လက်၍



"ဝယ်သွားတဲ့လူက ခင်ဗျားရောဂါကို ကုပေးနေတဲ့ ဆရာဝန်ပါပဲ"

## ကွန်ပျူတာ

ကွန်ပျူတာနှင့် ပတ်သက်သောအစည်းအဝေးတစ်ခု၌

"ပါမောက္ခခင်ဗျား ကွန်ပျူတာရဲ့ အကျိုးကျေးဇူးကို တဆိတ်လောက် ရှင်းပြစေချင်ပါတယ်"

"အင်း ပြောပါ့မယ်၊ နှစ်တစ်ထောင်လောက် ၂၄ နာရီလုံးလုံး မရပ်မနားဘဲ နှစ်ပေါင်း ၁၀၀ ကြာအောင် လုပ်ရတဲ့အမှားကို ကွန်ပျူတာက သုံးစက္ကန့်လောက်နဲ့ အဖြေထုတ်ပေးနိုင်ပါတယ်"

## စဉ်းစားပေါ့

နာမည်ကျော် ဟိုးရေးစ်မန်းကိုယ်တိုင် ဆိုးသွမ်းလူငယ်များ ပြုပြင်ရေးစခန်း၌ မိန့်ခွန်းပြောကြားခဲ့၏။

"ယခု ကုန်ကျငွေများနဲ့ လူငယ်တစ်ယောက်ဘဝကို ပြုပြင်နိုင်တာဟာ ကုန်ရကျိုးနပ်ပါတယ်"

"ဒေါက်တာမန်းခင်ဗျား ဒီလူငယ်ဟာ ဒီလောက်ငွေ ကုန်ကျခံရလောက်အောင် တန်ဘိုးရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . တန်တာပေါ့ဗျာ . . ကိုယ့်သားသမီး ဒီလိုမဖြစ်ခဲ့ရင် စဉ်းစားကြည့်ပေါ့"

## စိတ်ဝင်စားစေချင်လို့ပါ

ကြော်ငြာလုပ်ငန်းတစ်ခု၌ အစည်းအဝေးပြုလုပ်ရာ "သေလုဆဲဆဲ စီးပွားရေးလုပ်ငန်းရှင်အုပ်စုမှ"

"ကျုပ်ရဲ့ ဝန်ထမ်းတွေအတွက်လည်း သေတမ်းစာထည့်မှဖြစ်မယ်၊ အဲဒီလူတွေဟာ အနှစ်နှစ်ဆယ်လုပ်ခဲ့သူတိုင်းအတွက် ဒေါ်လာငါးသောင်းထားခဲ့တယ်တဲ့လေ"

"မဟုတ်တာဘဲ ခင်ဗျားစီးပွားရေးလုပ်တာ အနှစ် (၂၀)မှ မပြည့်သေးဘဲ ဥစ္စာ"

"ကျုပ်သိပါတယ် ဒီလိုကြော်ငြာကောင်းမှ ကျုပ်တို့လုပ်ငန်းကို စိတ်ဝင်စားပြီး နှလုံးထူနိုင်မှာလေ"

## ခြေထောက်မပါဘဲပြေးသတဲ့

"ခြေထောက်မရှိဘဲ လမ်းပေါ် မြေပေါ် ပြေးလွှားနိုင်တယ် ပြီးတော့ လူတွေကို ပျော်ရွှင်အောင်လုပ်နိုင်တဲ့အရာ လောကမှာရှိတယ်"



"မဖြစ်နိုင်တာဘဲကွာ"

"ဖြစ်နိုင်တာပေါ့ ဘောလုံးလေ"



## ဖြစ်မှဖြစ်ရလေ

"ခင်ဗျား ကားတိုက်ခံရတယ်ဆိုတာ ဆရာဝန်အိမ်ရှေ့ဆိုတော့ အင်မတန်ကံကောင်းတာပေါ့"

"ဟုတ်ပါတယ် ကျွန်တော်က အဲဒီအိမ်မှာနေတဲ့ဆရာဝန်တစ်ယောက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



## အမွေဆက်ခံသူ

ခြံပိုင်ရှင်ကြီးတစ်ဦး ကွယ်လွန်အနိစ္စရောက်သွားသဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ပီတာအား အမွေဆက်ခံစေသည်။ ၂၄ နာရီအကြာ ဘဏ်မှ ထိုလယ်ယာမြေများကို အကြွေးဖြင့် သိမ်းပိုက်ကြောင်း ကျေညာလိုက်သောအခါ၊ သားဖြစ်သူက အောက်ပါအတိုင်း မှတ်ချက်ချလိုက်သည်။

"အင်း အဖေပြောသားပဲ ခြံတွေမြေတွေကို မင်း တစ်နေ့ပိုင်ရမယ်လို့"

## ပေါင်းခြောက်ယောက်

မိခင်ဖြစ်သူက သားသမီးများကို ကြည့်လိုက်ရင်း သူ၏မွေးနေ့၌ ပျော်ရွှင်နေမိ၏။

"မေမေ ဘာလိုချင်သလဲ"

"သီမွာရေးခြားရှိတဲ့ ကလေးသုံးယောက်ပေါ့ကွယ်"

"ဒါဆို ပျော်စရာကြီး ကျွန်တော်တို့မောင်နှမခြောက်ယောက်တောင် ဖြစ်သွားမှာပေါ့နော်"



## အနိုင်အရှုံး

နိုင်ငံတကာ စစ်တုရင်ပြိုင်ပွဲတစ်ခု၌

"ဖရက်ဒရစ်ဒီယိတ်ဟာ သည်ပွဲမှာ အဆင့်အတန်းမီသူ မဟုတ်ပါဘူး၊ သာမန်ပွဲလေးတွေမှာတောင် နံပါတ်ဟာ နောက်ဆုံးချိတ်ခဲ့တာပဲ"

ဂရင်းမာစတာဆစ်ဂ်ဆာ့တ်က ပြင်းပြင်းထန်ထန်ကန့်ကွက်ပြောဆိုခဲ့၏။ သူထင်ထားသည့်အတိုင်းပင် ယိတ်စ်မှာ ပွဲအပြီး နောက်ဆုံးနံပါတ်ချိတ်ခဲ့သည်။ သို့သော် -

"ကျွန်တော်ဂရင်းမာစတာနဲ့ ယှဉ်ပြိုင်တဲ့ ပွဲတစ်ပွဲမှာ အနိုင်ရရှိခဲ့ခြင်းကို ဂုဏ်ယူမိပါတယ်"

ဟူ၍ ပြောဆိုလိုက်၏။

## ဒဿန

ကျောက်မျက်ရတနာဆိုင်သို့ ဒဿနပညာရှင်တစ်ယောက် ရောက်လာသည်။ ဆိုင်ရှင်နှင့် ရင်းရင်းနှီးနှီးရှိနေ၍ -

"ခင်ဗျား ဘာလုပ်သလဲ"

"ဒဿနပညာရှင်ပါ"

ရတနာပိုင်ရှင်က စိတ်ပျက်စွာဖြင့် -

"ခင်ဗျားကို ကျွေးမွေးတာက အသက်မွေးဝမ်းကျောင်းအတွက် ဘာလုပ်သလဲလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



## အဲဆီအမိန့်

လောကကြီး၌ လိုချင်တပ်မက်ဖွယ်ကောင်းသောအရာမှာ မိန်းကလေးမဟုတ်ဘဲ အဆီရွှဲရွှဲ ပူပူနွေးနွေး အမဲသားကင် တစ်တုံးဟု သင့်စိတ်ထဲ စွဲထင်ခံစားတတ်နေလျှင် အိုပြီလို့ မှတ်လိုက်ပါ။

## ယုံပါတယ်

မန်နေဂျာတစ်ဦးက ကုမ္ပဏီမှ ဝန်ထမ်းလူငယ်အား စာအုပ်တစ်အုပ်ဖတ်ရှုနေရင်း ခဏပိတ်၍ လှမ်းခေါ်လိုက်၏။

"ဘာခိုင်းမလို့လဲ ဆရာ"

"မင်းကို တစ်ခုမေးစရာရှိနေတယ်၊ လူသေပြီး လူပြန်ဖြစ်တယ်ဆိုတာ ယုံလား"

"ဟုတ်ကဲ့ ယုံပါတယ်"

"ကောင်းပြီ ဒါဆို မင်းနဲ့ငါ သဘောတူအဆင်ပြေသွားပြီ မှတ်လိုက် မင်း မနေ့က မင်းဦးလေး အသုဘသွားမယ်ဆိုပြီး ထွက်သွားတယ်နော်"

"ဟုတ်ပါတယ်"

"တစ်နာရီလောက်ကြာတော့ မင်းဦးလေး လမ်းကြုံရင်း မင်းရှိလားလို့ ငါ့ကို လာမေးသွားတယ်"

"ဗျာ"



## ရင့်ကျက်တည်ငြိမ်သူ

"ဒီလူက ကျွန်တော့်သူငယ်ချင်းပါ၊ စိတ်အလွန်တည်ငြိမ်တယ်၊ သူ့နောက်မှာ ဘာပဲဖြစ်နေနေ ဂရုစိုက်တတ်တာ မဟုတ်ဘူး"

"သူက အတွေးအခေါ်ပိုင်း ရင့်ကျက်တဲ့အလုပ်မျိုး လုပ်ကိုင်နေလို့လား"

"သူတက္ကစီ ဒရိုင်ဘာလုပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



## အမေးနဲ့အဖြေ

လူနာများအား ပါရဂူကြီးက လိုက်လံစစ်ဆေးကြည့်ရှုနေရင်း ဆေးကျောင်းသားတစ်ယောက်အား ပညာစမ်း၍ မေးမြန်းလိုက်သည်။

"လူနာဆီ ချဉ်းကပ်တဲ့အခါ ပထမဆုံး ဘာသိသင့်သလဲ"

"သူ့လိပ်စာပါ ဆရာကြီး"

## ပန်းကန်ကြောင်

ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ရှေ့သို့ လူတစ်ယောက်လျှောက်လာသည်။ အလွန်အဖိုးတန်သော ရှေးဟောင်းပုံပြား တစ်ချပ်နှင့်ကြောင်ကို အစာချကျွေးနေကြောင်း တွေ့နေသဖြင့် -

"ကြောင်ကို ရောင်းပါ ဆယ်ဒေါ်လာပေးပါ့မယ်"

"ဟုတ်ကဲ့ ရောင်းပါ့မယ်"

ဆိုင်ရှင်နှင့် အရောင်းအဝယ်အဆင်ပြေသွားမိသည်။

"သည်ပန်းကန်ပြား ခင်ဗျားကြောင်က ကြိုက်နှစ်သက်ပုံပဲ ဆယ်ဒေါ်လာနဲ့ ဝယ်ပါ့မယ်"

"ဝမ်းနည်းပါတယ် အဲဒီပန်းကန်ကြောင့် တစ်ပတ်အတွင်း ကျွန်မကြောင် ၆၈ ကောင် ရောင်းလိုက်ရပြီးပါပြီ"



## ရေငတ်တယ်

ခွဲစိပ်ကုသခန်းတစ်ခုမှ ထွက်လာသော လူနာခြင်း စကားပြောဆိုမိကြသည်။

"ငါ့ကို ခွဲစိပ်တုန်းက ဗိုက်ထဲမှာ ရေမြုပ်တစ်ခုတွေ့တယ်၊ အရင် ဆရာဝန်တွေ ကျန်ခဲ့တာကွ"

"ဟေ ဟုတ်လား မင်းဗိုက်မနာဘူးလား"

"ဟင့်အင်း မနာဘူး၊ ဒါပေမယ့် ရေတော့ ငတ်တယ်"

## လှူတာတ်

မြင်သစ်မြည် ပါရီသို့ ရောက်သွားသော အမေရိကန်ကမ္ဘာလှည့်တစ်ဦးက စားသောက်ဆိုင်သို့ဝင်ရင်း ပြင်သစ်လိုမတတ်သောကြောင့် စားသောက်စာရင်းကို ယူကြည့်၍

"သည်ဟာ တစ်ပွဲပေးဗျာ"

စားပွဲထိုးမှာ ထွက်မသွားဘဲ ကြောင်အမ်းအမ်းနှင့် ရပ်နေမိ၏။

"ဘာလဲ ကုန်နေလို့လား"

"မဟုတ်ပါဘူး လူကြီးမင်းပြတဲ့ စာကြောင်းက စားပွဲထိုးများ ဘောက်ဆူးပေးရန်မလို ဆိုတဲ့ စာကြောင်းဖြစ်နေလို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



## အဆင်ပြေပါတယ် ဒါပေမယ့်

"သူငယ်ချင်း ရော်ဂျာ မှိုင်လှချည်လား၊ နိုင်ငံခြားသွား အလုပ်လုပ်နေတာ အဆင်မပြေလို့လား"

"အဆင်ပြေပါတယ် ငါ့မိန်းမအတွက် ခံစားနေရလို့ပါ"

"ဘာဖြစ်လို့လဲ"

"မင်း စဉ်းစားကြည့်လေ၊ ငါက နိုင်ငံခြားရောက်ရင် နေ့တိုင်း စာရေးဖို့မှာထားခဲ့တာ သူကရေးတော့ရေးပါတယ်၊ ဒါပေမယ့် စာပို့သမားနဲ့ ယူလိုက်တယ်လေ"

## ဓလေ့စါးသုံးထစ်

ဇနီးသည်က လင်မယားနှစ်ယောက် ကတောက်ကဆ ဖြစ်ပြီး လှေကားပေါ်မှအဆင်း လှေကားရင်း၌လဲနေသော ခင်ပွန်းသည်ကို မြင်လိုက်ရသဖြင့်

"ရှင်က လှေကားထစ် တစ်ထစ်ကျော်ဆင်းလို့လား"

"အို . . မကျော်ပါဘူး . . ဒေါသဖြစ်ဖြစ်နဲ့ လှေခါးထစ်တိုင်း ဖနောက်နဲ့ ဆောင့်ခဲ့မိတာ"



## ကလေးဘဝနဲ့ လူကြီးဘဝ

စကော့တလန်ဘုရင် ရောဘတ်စ်ဘရှစ်၏ ဦးခေါင်းခွံအား ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေးဌာနသို့ လူတစ်ယောက်လာ ရောင်းချသည်။

"မနက်က ခင်ဗျားလာရောင်းတာလဲ သူ့ဦးခေါင်းခွံပဲ မဟုတ်လား"

"ဟုတ်ပါတယ် မနက်ကရောင်းတာက လူကြီးဘဝ ဦးခေါင်းခွံပါ၊ အခုဟာက ကလေးဘဝလေ"

## ဥဩမဆွဲပါနဲ့

မီးရထားလမ်းနဘေး၌ရှိသော မြို့တစ်မြို့၌ နေထိုင်သူ လူတစ်ယောက်သည် ရထားအရာရှိထံ ရောက်လာပြီး

"တနင်္ဂနွေနေ့ မနက်ဆယ်နာရီခွဲ အမြန်ရထားဖြတ်ရင် ကျုပ်တို့ မြို့နားမှာ ဥဩမဆွဲပါနဲ့လို့ တားမြစ်ပေးပါ"

"မဟုတ်တာဘဲဗျာ ဥဩဆွဲတော့ ခင်ဗျားအတွက် ဘာများ နစ်နာစရာရှိလို့လဲ"

"ဒီလိုပါ . . တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်းတက်ရင် သင်းအုပ်ဆရာတော်က အမြန်ရထား ဥဩသံမကြားမခြင်း တရားမရပ်ဘူး၊ ဟို တနင်္ဂနွေတုန်းက အမြန်ရထားက ၄၅ မိနစ်လောက် နောက်ကျတာလေ"

www.burmeseclassic.com

www.burmeseclassic.com





## ပြင်ဆင်ပါရစေ

တစ်ခါက ညေ့ခံပွဲတစ်ခု၌ စန္ဒယားတီး၍ သီချင်းဆိုနေသော အဆိုတော်အား ကြည့်ရှုရင်း လူနှစ်ယောက်ဝေဖန်ပြောဆိုနေမိကြသည်။

"အဲဒီ အမျိုးသမီးက အသံအရမ်းကောင်းတာ၊ ခင်ဗျားသူ့ကိုသိလား"

"အဲဒါ ကျုပ်မိန်းမလေ"

"ဟုတ်လား မသိလို့ဗျာ၊ အသံကောင်းပေမယ့် သူဆိုတဲ့ သီချင်းစာသားတွေက ညံ့တော့ မပေါ်လွင်ဘူးလေ"

"အဲဒါ ကျုပ်စပ်ထားတဲ့ သီချင်းဗျ"



## လေထဲမှတို့နှစ်ယောက်

လေထီးခုန်သမားတစ်ယောက်မှာ လေယာဉ်ပေါ်မှခုန်ချပြီး လေထီးဖွင့်မရဖြစ်နေမိ၏။

မြေပြင်မှ ပေ ၂၀၀၀ ခန့်အရောက် ကောင်းကင်ဆီသို့ မြင့်တက်လာသော အမျိုးသမီးနှင့် ဆုံမိကြရင်း -

"လေထီးဖွင့်မရရင် ဘယ်လိုလုပ်ရမလဲ မင်းသိလား"

"ဟင့်အင်း ရှင်ရော ဓာတ်ငွေ့မီးဖိုအကြောင်း နားလည်သလား"

ဟူ၍ တုန့်ပြန်မေးလိုက်လေသည်။

## သားနဲ့အမေ

"မေမေ . . . သားရဲ့ဖေဖေက မိန်းကလေးတစ်ယောက် ထိုင်ဖို့ သားထိုင်နေတဲ့ နေရာက ထပေးဖို့ပြောတယ်"

"လူမှုရေးအရလုပ်တာ ကုသိုလ်ရတာပေါ့ကွယ်"

"မဟုတ်ဘူး မေမေရဲ့ အဲဒီလိုလုပ်တဲ့အချိန်မှာ သားက အဖေ့ရဲ့ ပေါင်ပေါ်မှာထိုင်နေရတာ"

www.burmeseclassic.com

www.burmeseclassic.com



## အပိုပစ္စည်း

အမြန်ဆုံးနည်းနဲ့ သန်းကြွယ်သူဌေးဖြစ်လာသူတစ်ယောက်သည် ဈေးအကြီးဆုံး တယောတစ်လက်ကို လိုချင်သောကြောင့် ဆိုင်သို့ ဝင်မေးလိုက်၏။

"သည်တယောက ၁၇၃၀ ခုနှစ်က ထုတ်ခဲ့တာပါ"

"မင်းပြောတာ အမှန်ပဲနော်"

"အမှန်ပါပဲ"

"ဒါဆို တယောကုမ္ပဏီရော အခုထိစီးပွားဖြစ်နေတုန်းပဲလား"

"မဟုတ်တာပဲ ဘယ်ရှိတော့မှာလဲ"

"ဒါဆို ဒီပစ္စည်းဝယ်လို့ မဖြစ်ဘူး၊ အပိုပစ္စည်းဝယ်ရခက်ရင် ဘယ်နှယ့်လုပ်မလဲ"

## အခက်ဆုံး

"သား စက်ဘီးစီးသင်တာ အတော်လေးတတ်နေပြီဆို ဘယ်နေရာမှာ စက်ဘီးစီးရတာ အခက်ဆုံးလည်း အဖေ့ကို ပြောစမ်း"

"ပလက်ဖောင်းပေါ်မှာပါ ဖေဖေ"



## ဘယ်သူပိုပျော်သလဲ

ဂေါက်ကွင်းမှ ပြန်လာသော ဖခင်ဖြစ်သူအား ၄ နှစ်အရွယ် သမီးငယ် ဆာရာက တံခါးဝ၌ ဆီးကြိုရင်း မေးလိုက်၏။

"ဂေါက်သီးရိုက်တာ ဘယ်သူနိုင်သလဲဟင်"

"ဒက်ဒီတို့က အနိုင်ကြေးကစားတာ မဟုတ်ပါဘူး အပျော်သက်သက်ကစားတာ သမီးရဲ့"

ထိုအခါ သမီးငယ်က ဘဝင်မကျသလိုနှင့် -

"ဒါဆို ဘယ်သူက ပိုပြီး ပျော်သလဲ ဟင်"

## ချို့ယွင်းချက်

အမျိုးသမီးတစ်ဦးသည် ကျန်းမာရေးစစ်ဆေးရန် အခန်းထဲသို့ ဝင်သွားသည်။ အခန်းထဲထိုင်နေသူအား -

"ကျွန်မမှာ ဘာတွေချို့ယွင်းချက်ရှိသလဲ စစ်ဆေးပေးပါ"

အခန်းထဲရှိ အမျိုးသမီးက ခြေဆုံးခေါင်းဆုံးကြည့်ရင်း

"ပြောစရာအချက် သုံးချက်ရှိတယ်"

"နံပါတ်တစ် ပေါင်သုံးဆယ်လောက် လျှော့ပစ်လိုက်ပါ နံပါတ်နှစ် နှုတ်ခမ်းကို နီရဲနေအောင် မဆိုးပါနဲ့၊ နံပါတ်သုံးက ကျွန်မဟာ ဆရာဝန် မဟုတ်ပါဘူး ပန်းချီဆရာမဆိုတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



## ကလေးလူလည်

အလွန်စကားတတ်သော ကလေးတစ်ယောက်နှင့် ပြောဆိုမိသည်မှာ ပျော်စရာကောင်းလှသည်။

"မင်းဘယ်မှာနေသလဲ"

"အိမ်မှာပါ"

"ဘယ်လိုအိမ်မှာလဲ"

"အိပ်ယာ၊ ဧည့်ခန်း၊ ထမင်းစားစားပွဲ၊ ကုလားထိုင်ရှိတဲ့ အိမ်မှာပါ"

"ဒီလိုဆိုရင် မင်း အိမ်ပြူတင်းပေါက်က ကြည့်ရင် ဘာတွေ မြင်ရသလဲ"

"မော်တော်ကားနဲ့ လမ်းတွေပါပဲဗျာ"





## စာမှန်မှန်ရေးပါ

တစ်ခါက အစ်ကိုတစ်ယောက်ထံသွားရောက်၍ ဒေါ်လာ ၅၀ ချေးလာခဲ့သည်။ ထို့နောက် အိမ်ပြန်ရောက်သည့်အခါ တစ်ပတ်တစ်ခါ စာရေးပြီး ၅ ဒေါ်လာစီကို စာတိုက်မှပို့ပေးလိုက်၏။

နောက်ဆုံး ကျန်ငွေ ၅ ဒေါ်လာဆပ်ပြီး အစ်ကို့ထံမှ စာနှင့်ဒေါ်လာ ၅၀ ရောက်လာသည်။

"ညီလေး အစ်ကို့ဆီ စာမှန်မှန်ရေးကွာ"

## အပြစ်ချည့်ပဲ

စစ်တုရင်ပြိုင်ပွဲတစ်ခု၌ ချန်ပီယံတစ်ဦးက

"ကျုပ်သူနဲ့ မကစားနိုင်ဘူး၊ အိပ်မွေ့ချတယ်ဗျ"

ဒိုင်များက အိပ်မွေ့မချနိုင်အောင် မျက်မှန်အနက်များ ကစားသူနှစ်ဦးကို တပ်ခွင့်ပေးလိုက်၏။

ထိုပွဲ၌ ဂဂျီဂချောင်ကျသူ ချန်ပီယံပင် ရှုံးသောအခါ

"သည်စစ်တုရင်ခုံက ဘာမှန်းမသိဘူး"

ဟု ခုံကို အပြစ်တင်ပြောဆိုလိုက်ပြန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အကြံပေးခ

ဖေါက်ထွင်းဝိဇ္ဇာတစ်ယောက်နှင့် သူ့မိတ်ဆွေတို့ စကား ပြောဆိုနေမိကြသည်။

ဖေါက်ထွင်းသူခိုး ။ ။ ကံဆိုးတာကွာ ရှေ့နေအိမ်ကိုမှ သွားဖေါက်ထွင်းမိတယ်၊

မိတ်ဆွေ ။ ။ မင်းကိုမိရောလား၊

ဖေါက်ထွင်းသူခိုး ။ ။ အေး မိသွားတယ်၊ ဒီအလုပ်မျိုး မလုပ်ဖို့ ဒီနေရာကို ပြန်မလာဖို့ပြောလိုက်တယ်၊

မိတ်ဆွေ ။ ။ ဒါဆိုတော်သေးတာပေါ့၊

ဖေါက်ထွင်းသူခိုး ။ ။ ဘယ်တော်မလဲ ငါ့ကို အခုလိုအကြံပေးခအဖြစ် ဒေါ်လာ ၁၅၀ တောင်းတယ်လေ။

## "စရာသံ"

"လမ်းပေါ်မှာ ပြေးလွှားနေတဲ့ ကားတွေအားလုံးကို တစ်ပြိုင်တည်းရပ်သွားအောင် လုပ်နိုင်တဲ့လူကို သိလား"

"ဆူပါမင်းကို ပြောတာမဟုတ်လား"

"မှားတယ် ငါပြောတာက ယာဉ်ထိန်းရဲလေ"

"အမ်"



## မြေပါ

သင်သည် ၆၉၄၀ တွင် ၄၈၉၆ ပေါင်း၍ ၁၇ ဖြင့် စားကာ နှစ်ထပ်ကိန်းရင်းပြုပြီး ၆၉၄၀ နှုတ်လျှင် ရရှိနိုင်သော အဖြေကား အဘယ်နည်း?။

အဖြေ - ခေါင်းကိုက်ရောဂါ။

## အော် . . . မိန်းမ

စားသောက်ဆိုင်တစ်ဆိုင်၌ ထမင်းစားပွဲတစ်ခု ယောကျ်ားမွေးနေ့အတွက် စီစဉ်ပေးထားသည်။

အချိန်နီးကပ်လာမှ အမျိုးသမီးမှာ စားသောက်ဆိုင်သို့ ဖုန်းဆက်လိုက်၏။

"စောစောက အစီအစဉ်ဖျက်လိုက်ပါပြီ၊ ကျွန်မ ယောကျ်ား အကြွေးကတ်ပြား ရှာမတွေ့လို့ပါ"

## တစ်ပြန်တစ်လှည့်

"မင်းနဲ့ ဂျော့ဝါရှင်တန်နဲ့ တခြားစီပဲ"

"ဘာဆိုင်လို့လဲ"

"ငါသားအရွယ်တုန်းက ဂျော့ဝါရှင်တန်က မုသားစကား

www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး"

"ဒါဆို အဖေနဲ့လည်း မတူဘူး"

"ဘာလို့လဲ"

"အဖေ့အရွယ်မှာ ကျော့ဝါရှင်တန်က အမေရိကန်သမ္မတကြီး ဖြစ်နေပြီလေ"

## မတူပါဘူး

"ကျွန်တော် အရင်ကဆို အင်္ဂလန်နဲ့ ဗြိတိသျှ အတူတူထင်နေမိတာ၊ အခုမှ မတူဘူးဆိုတာ သိရတယ်"

"နေပါဦး၊ ဘယ်လိုမတူတာလဲ"

"ဗြိတိသျှက နိုင်ငံ၊ အင်္ဂလန်က မြို့တော်လေ"





## ငါမထင်မိလို့

ဂျော်ဂျီယားပြည်နယ် ဘီယာဘားတစ်ခု၌ ဂျင်မီနှင့် ဝင်စတန်တို့ အရက်အတူတူသောက်နေကြသည်။

ဝင်စတန်က စတင်၍ -

"ငါအခု ညကပွဲတစ်ခုသွားမယ် အပြန်မှာ မိန်းကလေးနှစ်ယောက် အရုပ်ဆိုးဆိုးခေါ်လာခဲ့မယ်၊ ရေချိန်ကိုက်လာလို့ သူတို့အလှကိုကြည့်ရင် အင်မတန်ချောတယ်လို့ ထင်မိမှာ အမှန်ပဲ"

"အေး မင်းအစီအစဉ်ကောင်းတယ်၊ ငါစောင့်နေမယ်"

တစ်နာရီခန့်အကြာ

ဝင်စတန်နှင့်အတူ ရုပ်ဆိုးသော မိန်းကလေးတစ်ယောက် ဘီယာဘားသို့ ပါလာသည်။

"မင်းပြောတုန်းက နှစ်ယောက်ဆို အခု တစ်ယောက်ထဲပါလား"

"မင်းမူးနေပြီ ဂျင်မီ၊ တစ်နာရီအတွင်း ဒီလောက်ထိအရက်များများ သောက်နိုင်မယ်လို့ ငါမထင်မိတာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



## ဘောက်ဆူး

အမေရိကန်နိုင်ငံ၌ သူဌေးကြီးမစ္စတာလူးဝပ်(စ်) နှင့်သူဌေးကတော်ကြီးတို့သည် အိမ်စေကောင်မလေးများနှင့်အတူနေထိုင်သည်။ သူဌေးကတော်ကြီးအခြားယောကျ်ားတစ်ယောက်နှင့်ပျော်ပါးနေကြောင်းမြင်လိုက်ရသော အိမ်ဖော်ကလေးအား။

"ရော့ . . နင့်အတွက်မုန့်ဖိုး . . သူဌေးကြီးကိုပြန်မပြောနဲ့နော်"

"ဟုတ်ကဲ့"

အိမ်ဖော်မလေးက ခေါင်းငြိတ်၍ ကျေနပ်စွာယူပြီးပြန်ခဲ့သည်။ နောက်ငါးလအကြာ သူဌေးကြီးကအိမ်သို့တစ်ခြား အမျိုးသမီးတစ်ယောက်ခေါ်လာ၍ ဖောက်ပြန်နေသည်ကိုအိမ်ဖော်ကောင်မလေးကတွေ့လိုက်ရပြန်သည်။

"ရော့ . . ဒေါ်လာငါးရာ . . သွားလေ . . ဘာလဲ
ငါပေးတာနည်းလို့လား"

"မ . . မဟုတ်ပါဘူး . . သခင်မကြီးကလည်းဒီလိုဒေါ်လာငါးရာပေးဘူးတယ် အခုသခင်ကြီးကပါ ပေးတယ်ဆိုတော့ ကျွန်မဝင်ငွေတိုးလာပြီလို့ တွေးပြီးဝမ်းသာနေတာပါ။





## စာတန်းလေးများ

တစ်ခါက အဖေနှင့်အမေစိတ်အခန့်မသင့်ဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦးစကားလုံးဝမပြောကြပေ။

တစ်ညသ၌ အဖေကစာတိုကလေးကိုရေး၍ အမေ့စာကြည့်စားပွဲပေါ်မြင်သာအောင် တင်ထားခဲ့သည်။

အမေကြီး

အရေးကြီးတဲ့ကိစ္စရှိလို့ မနက် (၇) နာရီနှိုးပါ။

အဖေကြီး

စိတ်ချလက်ချအိပ်ရင်း ကိုးနာရီမှ အိပ်ယာကနိုးသည်။ မည်သူမှ မနှိုး၊ စိတ်ပျက်ပျက်နှင့် ကုတင်ပေါ်ထထိုင်လိုက်စဉ် စာတစ် စောင်ထွက်လာသည်။

အဖေကြီး

ခုနှစ်နာရီထိုးပြီထတော့လေ

အမေကြီး

## ဆောရီးဗျာ

"အား . . နာတယ်ဆရာ . . နာတယ်"

သွား စိုက်ဆရာဝန်ကအော်လိုက်သော လူနာကိုကြည့်ရင်းဒေါသထွက်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ . . . ခင်ဗျားသွားကို နုတ်ဖို့မပြောနဲ့ ထိတောင်မထိရသေးဘူး ဘာလို့အော်နေတာလဲ။

"ဟို . . ဟို . . ဟုတ်ပါတယ် ဒေါက်တာကခြေထောက်တက်နင်းထားလို့ပါ"

## သုံးလအာမခံ

တစ်ခါက အာမခံနှင့်ရောင်းချသော ဘိနပ်ဆိုင်သို့အမျိုးသမီးတစ်ဦးရောက်လာသည်။ ဆိုင်ရှင်က

"စိတ်ချပါ အစ်မကြီးရယ် သုံးလအာမခံပါတယ်"

အမျိုးသမီးတစ်ဦးကြည့်ရင်းစိတ်ထဲ ကျေနပ်သွားသဖြင့်ဝယ်သွားလေတော့သည်။ နှစ်ရက်ခန့်အကြာ သုံးလအာမခံဘိနပ်ပြတ်သွား၍ ဒေါသထွက်ပြီးရောက်လာသည်။

"ရှင်ကျွန်မကိုသက်သက်ညာရောင်းတာပဲ"

"မညာပါဘူး . . အမကြီးဝယ်သွားတဲ့ဘိနပ်ဟာဆိုင်ပေါ်နှစ်လနဲ့နှစ်ဆယ့်ကိုးရက်တိတိ . . ဝယ်သူမရှိဘဲပစ်ထားပြီးသားပါ။ အစ်မကြီးဝယ်သွားတဲ့တစ်ရက်နဲ့ပေါင်းလိုက်ရင် သုံးလပြည့်ပါပြီ။



## တစ်ဂူထဲလူ သုံးယောက်

အလွန်စကားနည်းသော ပုဂ္ဂိုလ်သုံးဦးဂူထဲ၌စုပေါင်းနေထိုင်ကြသည်။ တစ်နေ့ဂူရှေ့သို့မြင်းတစ်ကောင်ရောက်လာသည်။

"သိပ်လှတဲ့မြင်းညိုကလေးပဲ"

ပထမလူကပြောလိုက်၏။

တစ်နှစ်ကျော်ကြာသည့်အခါ မြင်းအမွေးအဖြူရောင်ပါးသွားပြီးအညိုရောင် ထူထပ်စွာပေါက်လာသောကြောင့်ဒုတိယလူကကြည့်ရင်း-

"သည်မြင်းဟာ အဖြူရောင်လုံးဝမဟုတ်ပါဘူး"

"အညိုရောင်လို့လည်းမပြောနိုင်သေးဘူး။"

နှစ်နှစ်အကြာ-

တတိယလူကပြောလိုက်ပုံမှာ

"ဒီလိုသာ ငြင်းခုန်နေရင်ကျုပ်ဒီမှာမနေတော့ဘူး" ဟူ၍

## အိမ်ရှင်ရဲ့ဟင်းလျာ

ကျွန်တော် အိမ်ငှားအဖြစ်နေထိုင်စဉ် အိမ်ရှင်အဒေါ်ကြီးကနောက်ဖေး၌ တိရစ္ဆာန်များကိုမွေးမြူထားသည်။ အိမ်ရှင်မိန်းမကြီးမှာအတော့်ကို သဘောကောင်းလှသူဖြစ်၏။

တစ်နေ့ကြက်ငယ်တစ်ကောင် သေသွားသဖြင့် ကျွန်တော့်ထံကြက်စွပ်ပြုတ်လာပို့သည်။ နောက်တစ်နေ့ ဘဲတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



သေသွားသဖြင့် ဘဲကင်စားရပြန်သည်။နောက်တစ်နေ့ဝက်တစ်ကောင်သေဆုံးသွားပြန်ရာ ဝက်သားဟင်းစားရသည်။ နောက်တစ်နေ့အိမ်ရှင် အဒေါ်ကြီး၏ ယောက်ျားရုတ်တရက်သေဆုံးသွားခဲ့ရာကျွန်တော်အိမ်မှထွက်လာခဲ့ရတော့သည်။

## အို . .ဘယ်ဖန်ဆင်းရှင်

အလွန်ဆင်းရဲလှသူတစ်ယောက်စိတ်ညစ်၍ လမ်းလျှောက်လာသည်။ ရုတ်တရက် လိုတရဖန်ဆင်းရှင်နှင့်တွေ့၏။

ဖန်ဆင်းရှင် "မင်းလိုရာ အခွင့်အရေးသုံးခုတောင်းလော့"

ဆင်းရဲသူ "ကျွန်မတိုက်တစ်လုံးနဲ့ ကားလှလှတစ်စီး လိုချင်ပါတယ်"

ချက်ခြင်းဖန်ဆင်းပေးလိုက်၏။

ဆင်းရဲသူ " ကျွန်မရှင့်ကိုလိုပါတယ်"

ဖန်ဆင်းရှင်မှာခေါင်းကုတ်ရင်း

"ဒါလေးတစ်ခုတော့ ခွင့်လွှတ်ပါကွာ ငါ့အမေဆုံးသွားတာကြာပြီ"

ဟုပြောဆို၍ပျောက်သွားလေတော့သည်။



## အပြောင်းအလဲ

ဂျကာတာမြို့အစွန်၌ လင်မယားနှစ်ယောက်နေထိုင်ကြသည်။ အလုပ်သွားရမည့်အချိန်၌မိုးများ သည်းထန်စွာရွာနေသဖြင့်

"မိန်းမရေ . . ရာသီဥတုဖောက်ပြန်နေတယ်ငါရုံးမသွားတော့ဘူး" ထိုအချိန်၌ဇနီးသည်ကလည်း သူ့ကုမ္ပဏီသို့သွားရန်ပြင်ဆင်နေသည်။ ထိုအချိန်၌ ဖုန်းလာသည်။ဇနီးဖြစ်သူကယောက်ျားဖုန်းဆက်နေသည်ကို အကဲခတ်ကြည့်ရှုရင်း

"ကျွန်မလည်းမိုးအရမ်းရွာနေလို့ ကုမ္ပဏီမသွားချင်တော့ပါဘူး"

ထိုအခါ ယောက်ျားဖြစ်သူက အဝတ်အစားကိုကောက်ယူ၍ "အို . . ဘာပဲဖြစ်ဖြစ်ငါတော့ အလုပ်သွားမှဖြစ်မယ်" ဟုဆို၍ မိုးရေထဲထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အာမခံ

ကုမ္ပဏီပိုင်ရှင် တစ်ဦးသည်ဒေဝါလီခံလိုက်ရသောကြောင့် အလွန်စိတ်ပျက်၍ မီးအာမခံဌာနသို့ ရောက်လာသည်။ အာမခံ အကြွေးများကိုပေးရင်း

"မီးအာမခံ ဆက်ထားရင် အကျိုးအမြတ်ဘယ်လိုရှိသလဲ"

"ဒေါ်လာဆယ်သိန်းပါ"

"ဟာဒါဆို သည်ညပဲ ကျုပ်အိမ်ကိုမီးရှို့လိုက်ရင် ဒေါ်လာ ဆယ်သိန်းရမှာပေါ့နော်"

"အဲဒီလိုဆိုရင်တော့ ထောင်ဆယ်နှစ်အနည်းဆုံးကျနိုင်ပါတယ်"

## ဒဏ်

ဘုရင်မင်းမြတ် ရွှေတော်မှောက်သို့ လက်ဆောင်ပဏ္ဏာ ရတနာများဆက်သခိုက် အမတ်သုံးဦးမှာလောဘတက်နေကြောင်း သိသဖြင့် ဘုရင်ကြီးက

ဘုရင်ကြီး ။ ။ အမတ်ကြီး ဘာနှစ်သက်သလဲ

အမတ်ကြီး။ ။ စိန်လည်ဆွဲပါမင်းကြီး

ဘုရင်ကြီး ။ ။ သေဒဏ်ပေးစေ

ဒုတိယမှူးမတ်နှင့် တတိယမှူးမတ်ကြီးတို့ မျက်လုံးအဝိုင်း သားဖြစ်သွားမိကြသည်။



ဘုရင်ကြီးက ဒုတိယမှူးမတ်ကြီးကို -

ဘုရင်ကြီး ။ ။ မောင်မင်းရော ဘာအလိုရှိသလဲ

မှူးမတ်ကြီး ။ ။ တံဆိပ်တုံးပဲလိုပါတယ်။

ဘုရင်ကြီး ။ ။ သေဒဏ်ချမှတ်စေ

တတိယမှူးမတ်ကြီးအလှည့်သို့အရောက်

ဘုရင်ကြီး ။ ။ မောင်မင်းကရော

တတိယမှူးမတ် ။ ။ သေဒဏ်သာ ပေးတော်မူပါမင်းကြီး

## ဈေးဝယ်ကောင်းသူ

ဈေးသို့ အလွန်ကပ်စေးနည်းသော အမျိုးသမီးတစ်ဦးဈေး ဝယ်လာသည်။ ကြက်သား သည်ထံရောက်လာပြီး

"ကြက်သား ဘယ်ဈေးလဲ"

"ဖါးရာဈေးပါ"

"ဒီဘက်က အတိုအစအပုံကလေးတွေကရော"

"ဒါတွေမရောင်းပါဘူး . . . အပိုအဆစ်ထည့် ပေးတာပါ"

"ကောင်းပြီ . . အဲဒီအပုံထဲကပဲ တစ်ပိဿာပေးပါရှင်" သူပြသော အပုံမှာအပိုအဆစ်အလကားပေးသော အသားစုတ် လေးများပင် ဖြစ်လေတော့သည်။

www.burmeseclassic.com


www.burmeseclassic.com



## သားဖွားဆောင်မှဟာသ

သားဖွားဆောင်တစ်ခုထဲ၌ အသက်ငယ်ငယ်မိခင်တစ်ဦးကသူ၏ မွေးကင်းစရင်သွေးငယ်ကိုပြောလိုက်၏။

"ကြည့်စမ်း နှစ်ရက်သားပဲရှိသေးတယ် ဖအေနဲ့ တူလာပြီ မေမေ့စကားတောင်မဆုံးသေးဘူး သူကအိပ်နေပြီ"







## ဘယ်သူ့ရွှးဆလဲ

လော့အိန်ဂျ(လီ)စ်မြို့ အရှေ့ဆောင်၌ ဆေးရုံအုပ်ကြီးရုံးခန်း၌ရုတ်ရုတ်သဲသဲဖြစ်နေသည်။

"ဂျိန်းစိတ်ဖောက်ပြန်ပြီး ဆယ်ထပ်တိုက်ပေါ်ကခုန်ချမယ်လို့ပြောပါတယ်"

ဆေးရုံအုပ်ကြီးကပျာကရာ ထိုဝေဒနာရှင်ထံသို့ထွက်လာခဲ့သည်။

"ဂျိန်း . . မလုပ်နဲ့ . . ဆင်းခဲ့စမ်း"

"မဆင်းပါရစေနဲ့ဆရာ . . ခုန်ချချင်တယ်"

"ကောင်းပြီ ဒါဆိုမင်းအဖော်ရအောင် ငါပါလိုက်ခုန်ချပေးမယ် ခဏစောင့်"

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအုပ်ကြီးက ပြောဆိုလိုက်မှ ဂျိန်းအောက်ဆင်းလာပြီး "ကျွန်တော်ခုန်မချတော့ပါဘူးဆရာ . . ကျွန်တော်ဦးနှောက်ကောင်းပါတယ် ကျွန်တော့်ကြောင့်ဆရာအမှုမပတ်စေရပါဘူး"

## အဆိုအမိန့်

"ကိုယ်တို့လည်း အသက်မငယ်တော့ဘူး မောင်ရေ" ဟု ဇနီးသည်က စကားစလာပြီဆိုလျှင် အသင်သတိထားလော့။ တန်ဖိုးကြီးကြီးပေးရသော အလှကုန်ပစ္စည်းတစ်ခုကို သင့်အားပူဆာတော့မည်။





## အတိအကျ

တစ်ခါက ပါမောက္ခတစ်ဦး သချာၤဌာနသို့ရောက်လာပြီး ကျောင်းသားတစ်ဦးအား တွေ့ဆုံမေးမြန်းသည်။

"၁၇ ရာစုမှာ ကျော်ကြားလာတဲ့ သချာၤဗေဒပညာရှင်တွေအကြောင်းပြောနိုင်သလား"

"ဟုတ်ကဲ့ အတိအကျပြောနိုင်ပါတယ်ဆရာ ၁၈ ရာစုမရောက်ခင်သူတို့အားလုံး ကွယ်လွန်ခဲ့ကြတာပါ"

## ဘယ်ကာရမှာလဲ

သဘော်တစ်ခုပေါ်တွင် ရေတပ်ကပ္ပတိန်ကိုယ်တိုင်သင်တန်းပေးနေသည်။ ရေတပ်သားသစ်ကလေး တစ်ဦးအားသင်ခန်းစာအသစ်တွေအတွက် -

"မုန်တိုင်းမလာခင် လေပြင်းက သဘော်ဘက်ဦးတည့်တိုက်လာရင်ဘာလုပ်မလဲ"

"ကျောက်ချလိုက်ပါမယ်"

"ကောင်းပြီ . . လေပြင်းက ရှက်တိုင်ထိပ်ဖျားကနေနောက်ထပ်တစ်ချက် တိုက်မယ်ဆိုရင်ကော "

"နောက်ထပ်ကျောက်တစ်ခုထပ်ချရပါမယ်"

"ကောင်းပြီ ဒီတစ်ခါတော့ မုန်တိုင်းပါ ပါလာပြီဟွာဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်မလဲ"

"နောက်ထပ်ကျောက်တစ်ခုထပ်ချပါမယ်"

"ဟော့ကောင်တော်စမ်း . . ရှိုးမနေနဲ့ . . သည်လောက်ကျောက်တွေအများကြီး မင်းဘိုးအေဆီကရမှာလား"

"ဒီလောက်မုန့်တိုင်းတွေ အများကြီးရော ကပ္ပတိန်ဘိုးအေဆီတလာမှာလား"

## ဒီလိုမျိုးလည်းရှိပါတယ်

ကောင်လေး။ ။အချစ်ရယ် . . မင်းကိုတွေ့တဲ့အချိန်ကစပြီး ကိုယ့်မှာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် -

ကောင်မလေးမှာ မျက်လုံးအဝိုင်းသားဖြစ်သွားပြီး ချက်ခြင်း ကောက်မေးလိုက်၏။

ကောင်မလေး။ ။ဘာဖြစ်လို့လဲဟင်

ကောင်လေး ။ ။ဘိုင်ကျလို့လေ

## နာနာပုတ်

ကလေးများ ကစားနေရင်းလူကြီးများပြောဆိုသည့် စကားများကိုကြားဖူးနားဝ ပြန်ပြောနေကြသည်။



"ငါ့အဖေက ပြောတယ် စဉ့်အိုးကောင်းကောင်း လိုချင်ရင်နာနာရိုက်ပုတ်ရတယ်တဲ့"

"ဟုတ်လား ဒါဆိုနင့်အမေ ခဏခဏအရိုက်ခံနေရတာ နင့်အဖေစဉ့်အိုးကောင်းကောင်း လိုနေလို့ဖြစ်မှာပေါ့နော်"

## လက်မှတ်စစ်

ဘုရပ်ဆဲလ်ရှိ ရထားတစ်စီးပေါ်သို့ လက်မှတ်စစ်တစ်ဦးတက်လာသည်။ ခရီးသည်များအား လက်မှတ်စစ်စဉ် "ကျေးဇူးပြုပြီး ရှေ့ဘူတာရောက်ရင်ခရီးသည်များအားလုံးဆင်းပေးကြပါ လူကြီးမင်းတို့ ရထားမှားစီးမိနေပါတယ်" ထိုအခါခရီးသည်အားလုံးက အံ့အားသင့်စွာတစ်ယောက်နှင့် တစ်ယောက်ကြည့်ရှုနေမိကြသည်။ ရှေ့ဘူတာသို့ ရထားဆိုက်သည့်အခါ ထိုလက်မှတ်စစ်ကဦးစွာဆင်းသွားပြီး ပြောလိုက်ပုံမှာ -

"ခွင့်လွှတ်ပါဗျာ ကျွန်တော်ရထားမှားပြီး လက်မှတ်စစ်မိလို့ပါ" ဟူ၍

## ကိစ္စမရှိပါဘူး

တစ်ခါကအရက်အမူးလွန်၍ လူတစ်ယောက်ကန်ထဲသို့ပြုတ်ကျသည်။ မကြာမီဂျော်ကီတစ်ဦးကတွေ့ရှိသွားသဖြင့် ထိုနေ

www.burmeseclassic.com

www.burmeseclassic.com



ရာသို့ မြင်းတစ်ကောင်နှင့် ဒုန်းဆိုင်းရောက်လာပြီး ကယ်ဆယ်ဖို့ ပြင်လိုက်၏

ကန်ထဲကလူက

"မင်းမကယ်နဲ့ မင်းကကျော်ကီပဲ . . တော်ကြာဒုက္ခ ရောက်ကုန်မယ်"

"ဒါဆို ခင်ဗျားဘယ်လိုလုပ်မလဲ"

ကန်ထဲကလူက ကိုယ်ဖော့ရင်း

"ကိစ္စမရှိဘူး ငါကရေကူးချန်ပီယံကွ"

ဟူ၍ ပြောဆိုလိုက်လေသည်။

## စောင့်ပါ

ဘတ်စ်ကားတစ်စီး၌ အဲယားကွန်နေရှင်းတပ်ဆင်၍ထား၏အဝေးပြေးကားဂိတ်၌ ရပ်ထားစဉ်ခရီးသည်တစ်ဦးက ခံတွင်းချဉ်လာသဖြင့် စီးကရက်တစ်လိပ်ထုတ်သောက်လိုက်မိသည်။

"ဆေးလိပ်မသောက်ပါနဲ့ မိတ်ဆွေ ခရီးသည်တွေကအနံ့မခံနိုင်လို့ပါ သူတို့အားလုံးခွင့်ပြုမှ သောက်ပါ"

စပါယ်ရာကပြောဆိုလိုက်၏

"ဟာဗျာသည်မှာ ခရီးသည်ဆိုလို့ ကျုပ်တစ်ယောက်ထဲရှိတာပဲ"



"ဟုတ်ပါတယ် ဒါဆိုတစ်ခြားခရီးသည်တွေ ရောက်လာတဲ့အချိန်အထိစောင့်ပါ"

## အဖြစ်ခြင်းတူလိုက်ပုံက

"လွန်ခဲ့တဲ့ အပတ်က ငါ့မိန်းမမျက်စိထဲ သဲမှုန်ဝင်သွားလို့ဆရာဝန်သွားပြရတာ ပီဆို ၁၅၀ တောင်ကုန်သွားတယ်"

"မင်းဟာက . . ဘာဟုတ်သေးလို့လဲ ပြီးခဲ့တဲ့အပတ်ကပဲငါ့မိန်းမမျက်စိထဲနောက်ဆုံးပေါ် ဝတ်စုံလေးဝင်သွားတာငါ့မှာ ပီဆို ၁၅၀၀ တောင်ကုန်သွားတယ်ကွ"

ဟူ၍ပြောဆိုလိုက်သဖြင့် တစ်ဖက်လူအံ့အားသင့်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## လုံခြုံစိတ်ချရတဲ့

အိမ်ပွဲစားနှင့် ကျွန်ထော် အိမ်လွတ်တစ်လုံးကြည့်ရှုရန် မိုင် (၇၀) ကျော်ကျော် ကားမောင်းနှင်လာသည်။

ထိုအိမ်သို့အရောက် . . .

အိမ်အထဲဝင်ရန်ကြိုးစားသည်။ အိမ်ရှေ့တံခါးသော့ဖွင့်မရဖြစ်နေ၍ လှည့်ပတ်ကြည့်ရှုရင်း ပြူတင်းပေါက်မှကျော်တက်ရန် ပြင်ဆင်လိုက်၏။

"ဟေ့လူ ဘာလုပ်တာလဲ"

"ကျွန်တော်အိမ်ပွဲစားပါ"

"ဒါဆို ဘာလို့ကျော်တက်ရတာလဲ ကျုပ်ကတာဝန်ရှိလို့ မေးတာ"

ရဲအရာရှိက တံဆိပ်ကို ထုတ်ပြရင်း ပြောဆိုလိုက်၏။ အိမ်ဝယ်မည့်သူဘက်သို့ လှည့်၍

"ကိုင်း လုံခြုံစိတ်ချရတဲ့ ရပ်ကွက်ဆိုတာ ခင်ဗျားယုံပြီ မဟုတ်လား"

## စောစောပြန်လာလို့

တစ်နှစ်အရွယ်မှ ၁၄ နှစ်အရွယ်အထိ ကလေး ၁၄ ယောက်ရှိသော အမျိုးသမီးတစ်ဦးက ရုံးတော်၌ လင်ယောက်ျားအား



ကွာရှင်းခွင့်လျှောက်ထားသဖြင့် မေးမြန်း၏။

"ခင်ဗျားကို သူဘယ်တုန်းက စွန့်ပစ်ခဲ့တာလဲ"

"လွန်ခဲ့တဲ့ ၁၃ နှစ်ကပါ"

"ဒါဆို သည်ကလေးတွေက ဘယ်ကရောက်လာတာလဲ"

တရားသူကြီးက အံ့အားသင့်စွာ မေးမြန်းလိုက်လေသည်။ အမျိုးသမီးက တည်ငြိမ်အေးဆေးစွာဖြင့်

"ဒီလိုပါ ကျွန်မယောက်ျားက သူမှားပါတယ်ဆိုပြီး ပြန်ပြန်လာတတ်ပါတယ်"

## ကျွန်တော့်အမေအစစ်ပါ

ကျောင်း၌ စည်းပျက်ကမ်းပျက်နေသော ကျောင်းသားတစ်ဦးအား အတန်းပိုင်ဆရာမက မိဘနှင့်တွေ့လိုကြောင်း မှာလိုက်၏။

နောက်တစ်နေ့ ထိုကျောင်းသားမှာ သူ့မိခင်ဓာတ်ပုံကို ယူလာသည်။

"ငါက မင်းအမေနဲ့ တွေ့ချင်တာ ဘာလို့ဓာတ်ပုံယူလာရတာလဲ"

"အဲဒါ ကျွန်တော့်အမေပုံ အစစ်ပါ ဆရာမရယ်၊ မယုံရင် ပိုက်မေးကြည့်ပါ . . ."

www.burmeseclassic.com

www.burmeseclassic.com



## ပြေလည်ဖို့

အသက် ၆၀ နှစ်အရွယ် မိန်းမကြီးတစ်ယောက် ဦးထုပ်တစ်လုံးဝယ်ယူရန်အတွက် အခက်အခဲ တွေ့နေသည်။

အသက်အရွယ်ကြောင့် ကဲ့ရဲ့မှာစိုးနေသည်။ ဦးထုပ်ဆိုင်ရှေ့သို့ မယောင်မလည်သွားကြည့်၍ အရွယ်ကောင်းကောင်း ဈေးရောင်းသူကို တွေ့သဖြင့် အရဲစွန့်ဝင်လာခဲ့သည်။

"လူကြီးဆောင်း ဦးထုပ်တစ်လုံး လိုချင်ပါတယ်"

"အန်တီ့အမေအတွက်လား"

"ဟုတ်ပါတယ်"

"ဒါဆို သည်ဦးထုပ်ယူသွားလေ"

ဤသို့ဖြင့် ဦးထုပ်ဝယ်လိုမှု ပြဿနာပြေလည်သွားခဲ့လေသည်။

## သိပ်မှန်တာပေါ့

"မုန်လာဥစားရင် မျက်စိအားကောင်းတယ်ဆိုတာ အမှန်ပဲလား ဒေါက်တာ"

"သိပ်မှန်တာပေါ့ဗျာ၊ မုန်လာဥစားတဲ့ ယုန်တွေ ဘယ်မှာ မျက်မှန်တပ်တာ တွေ့ဖူးလို့လဲ"



## ဆိုင်မှာနေပြီ

စာအုပ်ဆိုင်တစ်ဆိုင်သို့ အမျိုးသမီးတစ်ယောက် ရောက်ရှိလာသည်။

"မိန်းမကိုအုပ်စိုးတဲ့ ယောကျ်ားဆိုတဲ့ စာအုပ်ထွက်ပြီဆို . . . ဆိုင်မှာရှိသလား"

ဆိုင်ရှင်အမျိုးသားက

"စိတ်ကူးယဉ်သိပ္ပံဝတ္ထုတွေဆိုရင် ကျွန်တော်တို့ဆိုင်မှာ မရှိတတ်ပါဘူး၊ တစ်ခြားဆိုင်မှာ မေးကြည့်ပါဗျာ"

## မှတ်ဉာဏ်ကောင်းတဲ့သူ

အားလပ်ရက်၌ စုံတွဲနှစ်တွဲ အမြဲတမ်းလစဉ် အပျော်တမ်းဖဲကစားလာကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။

ခဏနား၍ ဇနီးသည်များက မီးဖိုချောင်ထဲဝင်သွားခိုက်တွင် ဖရင့်ဆိုသူက

"ကျုပ်မှတ်ဉာဏ်ကောင်းနည်း ကျောင်းတက်ထားတာဗျ"

ထိုအခါ ဂျိုးက မေးလိုက်၏။

"နေဦး . . အော် . . . ဆူးတွေနဲ့ . . . အနီရောင်ပန်းဗျာ အဲဒါ ဘာခေါ်သလဲ"

"နှင်းဆီပေါ့"

"အဲ . . . ဟုတ်ပြီ . . နှင်းဆီ . . ရိုစီ"

ဖရင့်မှာ တစ်စုံတစ်ရာကို ချက်ခြင်းသတိရသလို ဖြစ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ရှိစီရော . . . အချစ် . . ကိုယ်တက်နေတဲ့ မှတ်ညာဏ်သင်တန်းကျောင်းနာမည်က ဘာလဲ"

မီးဖိုချောင်ဘက်သို့ လှမ်း၍ အော်ဟစ်မေးလိုက်လေတော့သည်။

## ကျွန်မလုပ်တာ

လူအပြည့်တင်လာသော ဓာတ်လှေခါးထဲ၌ လင်ယောကျ်ားက ချောမောလှပသူမိန်းကလေးကို ငေးကြည့်နေသဖြင့် ဇနီးဖြစ်သူက မနာလိုဂန်တို ဖြစ်နေသည်။

မကြာမီ ထိုမိန်းကလေးမှာ နောက်လှည့်၍ ယောကျ်ားဖြစ်သူ၏ပါးကို ဖြန်းခနဲ ရိုက်ချလိုက်၏။

"မှတ်ထား နောက်ကို မိန်းကလေးတွေအသားကို တို့ကနန်းဆိတ်ကနန်းလုပ်မယ် မကြံနဲ့"

ယောကျ်ားလုပ်သူက အရမ်းရှက်သွားသည်။ ဇနီးသည်က ဘာမှမပြောပဲ ငြိမ်သက်စွာရှိနေ၏။ စိတ်ထဲမလုံသဖြင့်

"အထင်မလွဲပါနဲ့ကွာ ငါသူ့ကို အမှန်တကယ် ဘာမှ မလုပ်ရပါဘူး"

"သိပါတယ် အဲဒါ ကျွန်မလုပ်လိုက်တာလေ"





## မှီခို

သန်းကောင်စာရင်းတစ်ခုပြုလုပ်ရန်အတွက် မေးမြန်းမှုပြုလုပ်သည်။

"ခင်ဗျားတို့ မိသားစုအကြောင်းပြောပါအုံး"

"ယောကျ္ာမအထီးကြီးကို ပင်စင်ပေးထားလို့ မှီခိုပါ၊ ယောက္ခမ အမကြီးကတော့ နာတာရှည်ရောဂါသည်မို့ မှီခိုပါပဲ"

"ကျွန်တော့်ရဲ့ မိန်းမက အခုထိအလုပ်မရသေးလို့ မှီခိုပါ"

"ဒါဆို စားဝတ်နေရေးကို ဘယ်သူတာဝန်ယူသလဲ"

"ကျွန်တော်ပါ . . ကျွန်တော်ကိုယ်တိုင်က ထုတ်ဝေသူအပေါ် မှီခိုနေရသူပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



## ဘာလို့လဲ

အဘွား ။ ။ ငါ့မြေး အချိုတွေ သိပ်မစားနဲ့လေ၊ တော်ကြာ သွားကိုက်လိမ့်မယ်၊

မြေးငယ် ။ ။ ဟာ မဟုတ်တာဘဲ အဘွားကလည်း ဒါဆို ပုရွက်ဆိတ်တွေ ပျားတွေကြတော့ ဘာလို့ သွားမကိုက်သလဲ။

## ရယ်နှင့်ဦးပေါ့

လင်မယားနှစ်ယောက် စကားများကြသည်။ ဇနီးသည်မှာ အပေါ်ထပ်မှာ ဒေါသဖြစ်၍ ကျန်ရစ်ခဲ့၏။ မကြာမီ လက်ဆွဲသေတ္တာသုံးလုံးကိုဆွဲ၍ မနိုင်မနင်း ဆင်းလာသည်။ ယောကျ်ားက ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။

"ရှင်အခု ရယ်ထားဦးပေါ့"

တအောင့်အကြာ ဇနီးသည်က

"ကျွန်မ အိမ်ပေါ်ကဆင်းလာတာ မဟုတ်ဘူး"

"ဒါဆို သည်သေတ္တာတွေက"

"အဲဒါ ကျွန်မအမေကို အတူတူနေရအောင် သွားခေါ်မလို့၊ ဒီသေတ္တာတွေကို အမေ့ အဝတ်အစားထည့်ဖို့ ယူသွားတာလေ"



## တယ်လီဖုန်းအော်ပရေတာ

တယ်လီဖုန်းအော်ပရေတာထံသို့ မိုင်ပေါင်းများစွာ ဝေးသောအရပ်မှ ဖုန်းလိုင်းတောင်း၏။

"အခုတောင်းနေတာ ဘယ်နံပါတ်လဲ"

"နံပါတ်မသိပါဘူး"

"ဘယ်လို မဟုတ်တာဘဲဗျာ၊ တယ်လီဖုန်းခုံမှာ နံပါတ်ရှိတယ်လေ"

နံပါတ်ကို ပြန်ကြည့်ခိုင်းလိုက်၏။ မကြာမီ ဖြေသံကြားရသည်။

"ဖုန်းနံပါတ်က ၀-၉-၈-၇-၆-၅-၄-၃-၂-၁ ပါပဲ"

## ကောင်းလိုက်တဲ့အကြံ

"မင်းမိန်းမကို ဖဲရိုက်သင်ပေးနေတယ်ဆို"

"အေး ဟုတ်တယ်၊ ပြီးခဲ့တဲ့ စနေနေ့တုန်းကတောင် ဖဲနိုင်လို့ ငါ့လုပ်ခ တစ်ဝက်လောက် ငါ့မိန်းမဆီက ပြန်ရသေးတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



## အဖေ့ခြေရာ

ကဗျာဆရာကြီး သောမတ်စ်မိုးနှင့် မှူးမတ်အမျိုးအနွယ်ဝင်တစ်ဦး လန်ဒန်ကလပ်၌ တွေ့ဆုံမိကြသည်။

"မစ္စတာမိုး ခင်ဗျားအဖေက ဈေးသည်ဆို"

"ဟုတ်ပါတယ် အင်မတန်ရိုးသားသူပါ"

"ဒါဆို ခင်ဗျားက ဖအေ့ခြေရာ ဘာလို့မနင်းတာလဲ"

"ကျွန်တော့်မှာ အရည်အချင်းမပြည့်ဝလို့ပါဘဲ၊ ဒါနဲ့ ခင်ဗျားအဖေကလည်း မှူးမတ်တစ်ယောက်ပဲ မဟုတ်လား၊ ခင်ဗျားကရော ဘာကြောင့် ဖအေ့ခြေရာ မနင်းရတာလဲ"

## အထင်နဲ့အမြင်

မင်္ဂလာဆောင်တစ်ခု၌ အလွန်စွဲမက်စရာကောင်းလှသော မိန်းကလေးတစ်ယောက်က အမျိုးသားတစ်ဦးအား မျက်စိကျွတ်ကျမတတ် စိုက်ကြည့်ရင်း ပြုံးလိုက်၏။

ထိုအမျိုးသားမှာ အသက်အရွယ်ကြီးရင့်သူ ဖြစ်သောကြောင့် စိတ်လှုပ်လှုပ်ရှားရှားဖြစ်သွားမိသည်။ မိန်းကလေးက စားပွဲဆီသို့ တစ်လှမ်းခြင်း ရင်သိမ့်တုန်လောက်အောင် လျှောက်လာရင်း

"ရှန်ပိန်ခွက်ထဲကို ရှင့်လည်စည်းကျနေပါတယ်"

ဟူ၍ ပြောဆိုသွားလေသည်။



## လိုက်ချင်လိုက်ခဲ့

ရေငုတ်သင်္ဘောတစ်စီးသည် ရေမျက်နှာပြင်ပေါ် တစ်နာရီ ရှစ်မိုင်နှုန်းဖြင့် မောင်းနှင်လျက်ရှိသည်။

ထိုအချိန်၌ ဖျက်သင်္ဘောတစ်စီးက မှီလာသည်။ တစ်စီးနှင့်တစ်စီး အချက်ပြဆက်သွယ်သတင်းပို့မှုများ ပြုလုပ်နေကြသည်။

"မြန်နှုန်း ၂၇ တင်တော့မယ် လိုက်မလား"

ဝါယာလက်စက်ဖြင့် မြန်နှုန်းပိုမိုကြီးမားသော ဖျက်သင်္ဘောက သတင်းပို့လိုက်သည်။ ရေငုတ်သင်္ဘောကလည်း အားကျမခံ

"ကောင်းပြီ ဒါဆိုရေအောက်ငုတ်မယ် မင်းလိုက်ချင် လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



## အသံ

ဘောလုံးပွဲတစ်ခု၌ လူအုပ်စုကြီး ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။

"ဘာဖြစ်တာလဲ ဆူဆူညံညံနဲ့"

"ထုံးစံအတိုင်း ဘောလုံးကစားရင်း ရန်ဖြစ်တာနေမှာပေါ့ဗျာ"

"မဟုတ်ဘူးဗျ ဒိုင်သူကြီးကို ခဲနဲ့ပစ်လိုက်လို့ဗျာ"

"မထိဘူး မဟုတ်လား"

"မထိလို့ ဆူဆူညံညံဖြစ်နေတာပေါ့"

## သင်တန်း

ဟိုတယ်မန်နေဂျာကိုယ်တိုင်က ဧည့်သည်များအပေါ် ဆက်ဆံရန် သင်တန်းပေးပြောဆိုလိုက်၏။

"ရောက်လာမယ့်ဧည့်သည်တွေကို နောက်ထပ်လုံးဝ မလာအောင် ဆက်ဆံဖို့ရယ်၊ အမြဲတမ်းဖောက်သည်ဖြစ်လာအောင် ဆက်ဆံဖို့ရယ် လိုအပ်ပါတယ်"

သင်တန်းသားများ ထိုစကားကို နားမလည်နိုင်အောင် ဖြစ်ရလေတော့သည်။



## သုံးနှစ်နဲ့သုံးရက်

"ကျုပ်ကို အရက်သောက်တာ သုံးနှစ်လုံးလုံးရှိပြီလို့ မိန်းမကပြောတယ်၊ သုံးရက်ပဲ ရှိသေးတယ်ဗျ"

အရက်အမူးလွန်၍ ပြောဆိုနေသော အရက်ကျိုးကပ်နေသူ၏ စကားကို တစ်ဖက်လူက သဘောကျ၍ ရယ်နေသည်။

"ဘာလဲ ခင်ဗျားက မယုံဘူးလား . . . မနေ့ကရယ်၊ ဒီကနေ့ရယ် . . . မနက်ဖြန်ရယ် . . . သည်သုံးရက်ထဲ ကျုပ်အရက်သောက်တာဗျ"

လက်ချိုးရေတွက်ပြပြန်တော့ ဟုတ်သလိုလိုပင်။

## အသက်လမ်းကြောင်း

အရှေ့တောင်အာရှနိုင်ငံ၌ တာဝန်ကျနေသော ဥရောပသားက ယာဉ်မောင်းနှင့် ထိုနိုင်ငံအတွင်း ဂျစ်ကားဖြင့် ခရီးထွက်ခဲ့၏။

"ခဏရပ်ပါအုံး"

မြို့ပြင်သို့အရောက် ယာဉ်မောင်းအာရှသားက ဂျစ်ကားကို ရပ်ခိုင်းလိုက်၏။

"ဟောဒီမှာကြည့်"

သူ၏လက်ကို ကြည့်ရှုရန် ပြလိုက်၏။ ဥရောပသား နားမလည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



"အသုပ်လမ်းကြောင်း ရှည်တယ်"

ထို့နောက် မော်တော်ကားကို တောင်ဆင်းလမ်းအတိုင်း အရှိန်နှင့် မောင်းလာခိုက် ခပ်အေးအေးပင် ပြောဆိုလိုက်၏။

"ဘရိတ်ပျက်နေတယ်" ဟူ၍။

## မိုးလေဝသကြေညာချက်

"သား . . . မိုးရေထဲမထွက်နဲ့လေ အအေးမိလိမ့်မယ်"

"အမေကလည်း မဟုတ်တာဘဲ မိုးလေဝသကြေညာချက်ကို ကျွန်တော် သေသေချာချာနားထောင်ပြီးသားပါ၊ အခါလွန်မိုးရွာမယ်လို့ပဲ ကြေညာထားတာ အအေးမိမယ်လို့ တစ်လုံးမှပြောမသွားဘူး"

## ကြက်တူရွေးသုံးကောင်

အိမ်မွေးတိရစ္ဆာန်အရောင်းဆိုင်၌-

ဆိုင်ရှင် ။ ။ ကျုပ်ဆီမှာ ကြက်တူရွေးသုံးကောင်ပဲ ကျန်တော့တယ်၊ အပြာရောင်ကြက်တူရွေးက ဘာသာစကားသုံးမျိုးပြောတတ်လို့ ဒေါ်လာတစ်ထောင်၊ အနီရောင်က ခြောက်မျိုးတတ်လို့ နှစ်



ထောင် . . လိမ္မော်ရောင်က ဘာမှမပြောတတ်လို့ ခြောက်ထောင်ရောင်းပါတယ်၊

ဝယ်သူ ။ ။ ဘာမှမပြောတတ်တဲ့ကောင်က ဘာလို့ ဈေးကြီးတာလဲ၊

ဆိုင်ရှင် ။ ။ သူ့ကို ဟိုနှစ်ကောင်က ဆရာကြီး ဆရာကြီးနဲ့ ခေါ်နေကြတာပဲလေ၊ ဒါကြောင့် ဈေးတင်ရောင်းရတာ။

## ဘာမှမရေးထားတဲ့ဓမ္မဝန်

ပန်းချီပြခန်းတစ်ခု၌ လူအများစိတ်ဝင်စားစွာ ကြည့်ရှုလျက်ရှိကြသည်။ ပန်းချီကားတစ်ချပ်မှာ အလွန်ထူးခြားနေသောကြောင့်

"သည်ပန်းချီကားနံမည်က ဘာကြောင့်ရေးထားတာလဲ"

"ဟုတ်ကဲ့ အဲဒါ ဘာမှရေးမထားရသေးတဲ့ နာမည်ကျော်ပန်းချီကားပါပဲ ဆေးပက်ထားတာကို ခံစားကြည့်နိုင်ပါတယ်"

## မိန်းမစွယ်စုံကျမ်း

ပထမလူ ။ "သည်စွယ်စုံကျမ်းက ဘယ်လို အသုံးကျတယ်ဆိုတာ ခင်ဗျားသိထားစေချင်တယ် သိလည်းသိသင့်တယ်"

ဒုတိယလူ ။ "ကျုပ်ကတော့ စွယ်စုံကျမ်းမလိုပါဘူး၊ ကျုပ်မှာ မိန်းမရှိသားပဲ"

www.burmeseclassic.com

www.burmeseclassic.com





## ● ယောက်ျားရမယ်ဆိုလို့

ခရီးသည်အပြည့် ငပိချဉ်သိပ်တင်ဆောင်လာသော ကား သည် မှတ်တိုင်သို့အရောက် ထပ်မံတင်လိုသောကြောင့် လက်ထောင်၍

"ယောက်ျားရမယ် . . . ယောက်ျားရမယ်"

ဟု ကျယ်ကျယ်အော်လိုက်၏။ ခရီးသည်အုပ်စုထဲမှ အခြောက်နှစ်ယောက် ကန့်ကရ ပြေးထွက်လာပြီး စပယ်ရာနားသို့ကပ်လာရင်း

"မီးတို့ကလည်း အဲဒါမျိုးအပြောကို စောင့်နေတာကြာပြီ"

"ဟိုက်"

## မသိလိုက်ကြဘူးမဟုတ်လား

ဟောလီးဝုဒ်၌ အမေရိကန်၊ တရုတ်၊ ဂျပန်တို့၏ ရိုက်ချက်များနှင့်ပါတ်သက်၍ သရုပ်ဖော်တင်ပြပြီး မည်သူက သာလွန်ကြောင်း ပြိုင်ပွဲဝင်ကြသည်။

ယင်ကောင်တစ်ကောင်ကို လေထဲထောင်ပစ်လိုက်၏။ အမေရိကန်ကောင်းဘွိုင်က သေနတ်ဖြင့်ပစ်လိုက်ရာ ထိမှန်လွင့်စင်သွားတော့သည်။

လက်ခုပ်သြဘာသံများ ဆူညံစွာပေါ်ထွက်လာသည်။ ထို့နောက် တရုတ်ပညာရှင်ကလည်း နံချပ်ကူနှင့် ရိုက်ပြလိုက်သည်။ ယင်ကောင် အတောင်တစ်ဖက်ပြတ်သွားသည်။ ဂျပန်ဆာမူရိုင်းဓါးသမားအလှည့်အရောက် ယင်ကောင်ကို မြှောက်ပစ်လိုက်ရာ ထပျံသွားသဖြင့် အားလုံးဝိုင်းဟားကြသည်။

ဆာမူရိုင်းကြီးက

"ဘာကိုရယ်ကြတာလဲ . . . ပျံသွားတဲ့ယင်ကောင်အဖိုမှာ သူ့ရဲ့ တန်ဆာပြတ်သွားတယ်ဆိုတာကို ခင်ဗျားတို့ လျှပ်တပြက်အတွင်း မသိလိုက်ကြဘူးမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



## မော်ဒယ်ခေတ်

မိခင်ဖြစ်သူက သမီးငယ်အား အာဟာရပြည့်အောင် နို့ထမင်းသောက်စေလိုသည်။

"နို့ထမင်းကုန်အောင်သောက်နော် နို့ထမင်းသောက်ရင် ဘယ်လိုပုံမျိုးရှိတယ်ဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ်မေမေရဲ့ နို့ထမင်းသောက်တော့ ပုံပျက်မန်း ပျက်ဝမလာတော့ဘူးပေါ့။ အခုခေတ်က သွယ်သွယ်သေးသေး မော်ဒယ်ခေတ်လေ"

"ဟင်"

## အခုဘယ်ကဖုန်းဆက်တာလဲ

တစ်ခါက ဟောလီဝုဒ်သတင်းစာတစ်စောင်တွင် ဟာသ မင်းသားကြီး ဒဗလျူစီဖီး ကွယ်လွန်ကြောင်း မှားယွင်းသောသတင်း ပါရှိသည်။

သတင်းစာအယ်ဒီတာအား မင်းသားကြီးက ဖုန်းဆက် လိုက်၏။

"သည်မနက်ထုတ်တဲ့ သတင်းစာထဲမှာ ကျုပ်ကွယ်လွန် ကြောင်း ဘာလို့မှားပါလာရတာလဲ"

အယ်ဒီတာက တည်ငြိမ်အေးဆေးစွာဖြင့်



"ဟုတ်ကဲ့ မှားသွားကြောင်း သတိပြုမိပါတယ်၊ ခင်ဗျား အခုဘယ်က ဖုန်းဆက်နေတာလဲ"

## လွယ်ပါတယ်

အလွန်အပေါက်ကျဉ်းမြောင်းလှသော ပုလင်းထဲ ထည့် ထားသော သကြားလုံးများကို အဘွားဖြစ်သူက ညွှန်ပြ၍ ..

"သည်ပုလင်းထဲကို လက်နှိုက်ပြီးယူရင် လက်ပြန်ထုတ်လို့ မရဘူး ကြားလား"

"အို ဘွားဘွားကလည်း လွယ်ပါတယ် သကြားလုံးစားချင် ရင် ပုလင်းကို ခွဲပစ်လိုက်မှာပေါ့"

## လူကြိုက်များတဲ့ခါတ်ပြား

အရက်ဆိုင်တစ်ဆိုင်၌ ခေတ်ပေါ်လူကြိုက်များသော ဓါတ်ပြားတစ်ချပ်ရှိ၏။

ထိုဓါတ်ပြားထဲ၌ တီးလုံးမပါဘဲ လက်နှိပ်စက်သံများသာ ဆူညံစွာပေါ်ထွက်နေသည်။ ယင်းဓာတ်ပြားကို ယောကျ်ားလုပ်သူ က အိမ်ရှင်မများထံအလွန်အလုပ်များနေ၍အိမ်ပြန်နောက်ကျမည် ဟုအရက်ဆိုင်မှဖုန်းဆက်ပြောလေ့ရှိသောအခါတိုင်း ဖွင့်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပွဲတင်သံ

"ဘယ်ကျောင်းမှာမှ ဘာသာစကားတွေကို မသင်ရဘဲ အားလုံးပြန်ပြောနိုင်တယ် မဖြစ်နိုင်ပါဘူး"

"ရှိပါတယ် ပွဲတင်သံလေ"

## စောာ်သေးပါရဲ့

ဇနီးမောင်နှံ အိမ်ခန်းသစ်တစ်ခုသို့ ပြောင်းရွှေ့လာကြသည်။ အခန်းသစ်တက်ပွဲအဖြစ် ဧည့်သည်များကို ဖိတ်၍ကျွေးမွေးသည်။

ထုံးစံအတိုင်း ငြင်းခုန်သံ၊ ကက်ဆက်သံ၊ တေးဂီတသံ ကျွတ်ကျွတ်ညံနေတော့သည်။ ထိုအချိန်၌ တယ်လီဖုန်းမြည်လာသည်။ အိမ်ရှင်မက ဖုန်းခွက်ကိုင်လိုက်ရင်း လင်တော်မောင်ဘက်သို့ လှည့်၍

"မောင်ရေ . . ကျွန်မတို့အောက်ထပ်အခန်းက ဆူညံနေတာပဲ အောက်ကလူက အစုပဲဖုန်းဆက်တယ်၊ အောက်ခန်းမှာ ကမ္ဘာပျက်မတတ် ဆူညံနေတာပဲတဲ့"







## ဝိလိုလုပ်မယ်

"အမေ သမီးခြေအိတ်ထိုးနေတယ် တစ်ဖက်ပဲပြီးသေးတယ်၊ သိုးမွေးကုန်သွားပြီ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"ဒါဆို ညည်းနောက်တစ်ဖက်ကို ဘာနဲ့ထိုးမှာလဲ"

"လွယ်ပါတယ် ထိုးပြီးသားကို ဖျက်ပြီး အဲဒီသိုးမွေးနဲ့ နောက်တစ်ဖက်ထိုးမှာပေါ့"

## သဘာဝမကျတဲ့ ပန်းချီကား

ရှေ့နေကြီးတစ်ဦး၏ ပုံတူပန်းချီကားကို ဧည့်ခန်း၌ ခန့်ညားစွာ ချိတ်ဆွဲထားလေသည်။

အလွန်ရိုးသားသော လူတစ်ဦးက ပန်းချီကားကိုကြည့်၍

"ရှေ့နေကြီးပုံက တူပါတယ်၊ ဒါပေမယ့် သူ့အိတ်ထဲလက်နှိုက်ထားတဲ့ ပုံစံမျိုးကတော့ သဘာဝမကျဘူး"

ဟူ၍ ပြောဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သမီးသူ့နဲ့မကစားရဘူး

"သမီး အဲဒီလိုမကောင်းတဲ့ စကားတွေသုံးတာ မေမေ နောက်မကြားချင်ဘူး"

"မေမေကလည်း ရှိတ်စပီးယားတောင် အဲဒီစကားတွေ သုံးတာပဲ"

"အဲဒီလိုဆို သမီး သူ့နဲ့မကစားရတော့ဘူး"

## လက်ရေးမဖတ်တတ်လို့

[redacted] အဖွဲ့အစည်းတစ်ခုထံသို့ အစီရင်ခံစာ တစ်စောင်ရေး၍ ပေးပို့ရလေသည်။ ရက်အနည်းငယ်ကြာသောအခါ ထိုအစီရင်ခံစာက ပြန်လည်ရောက်ရှိလာသည်။

မှတ်ချက်။ လက်ရေးမဖတ်တတ်ပါ

ဟု ရေးထားသဖြင့် ထိုအဖွဲ့အစည်းသို့ ဝင်ရောက်တောင်းပန်သော်လည်းမရပေ။

"လူကြီးမင်း ဘာရေးထားတယ်ဆိုတာ ဖတ်လို့မရလို့ပါ" ထိုအခါ ပုဂ္ဂိုလ်ကြီးက သူရေးထားသည်ကိုပြုံး၍ ကြည့်ရင်း

"လက်ရေးမဖတ်တတ်ပါဆိုတာ လက်နှိပ်စက်ရိုက်စေချင်တဲ့သဘောပါ"



## အထင်နဲ့တလွဲ

ကပွဲတစ်ခု၌ အလွန်ရုပ်ဆိုးပြီး ခေတ်ဆန်လွန်းလှသည့် ကောင်မလေးတစ်ယောက်က ကဖို့အဖော်လိုက်ရှာနေသည်။ အဖော်ကလည်း မတွေ့၊ ထိုအခိုက် ရုပ်ချောချောကောင်လေး ရှေ့မှောက်သို့ ရောက်လာသဖြင့် အားရဝမ်းသာထိုင်နေရာမှ ထလိုက်၏။

"ခင်ဗျား ကမလို့လား"

"ဟုတ်ပါတယ်"

"ဒါဆို ခင်ဗျားနေရာမှာ ကျုပ်ထိုင်ပါရစေ"

## လေးယောက်မြောက်

"ခင်ဗျားသမီးလက်ထပ်သွားပြီဆိုတော့ စိတ်ထဲမှာ ဘယ်လို ခံစားရသလဲ"

"ဘယ်လိုမှ မခံစားရပါဘူး"

"မဟုတ်တာဘဲဗျာ ဘာလဲ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်အောင် ပစ်ထားတဲ့သဘောလား"

"မဟုတ်ပါဘူး . . ကျုပ်သမီးက အခုလို ယောကျ်ားယူတာ လေးကြိမ်မြောက်ရှိပြီ"

www.burmeseclassic.com

www.burmeseclassic.com



## သိပ္ပံအိပ်မက်

"အောင်ပြီ . . အောင်ပြီကွ"

ဓါတုဗေဒစမ်းသပ်ခန်းမှ ပါမောက္ခတစ်ဦး ကျူးရင့်လိုက်သော အသံဖြစ်၏။

"ဘာတွေ အောင်မြင်သလဲ"

ဇနီးသည်က မေးလိုက်၏။

"ဆန်တစ်လုံးကို တစ်လတိတိစားသောက်နိုင်တဲ့ ဖော်မြူလာမျိုး ရှာတွေ့ပြီ"

ဇနီးသည် ကြောက်လန့်၍ ကပျာကရာတံခါးသွားပိတ်လိုက်မိသည်။

"ဒုက္ခပါပဲ ဆန်ကုန်သည်တွေကြားသွားရင် မိသားစု ဒုက္ခရောက်သွားလိမ့်မယ်"

"ဟေ"

အိပ်မက်က လန့်နိုးလာမှ ပြုံးလိုက်မိ၏။

## — ကြိုပြောပါ

"ဒါလေးယူသွားပါ"

"အို မယူနိုင်ပါဘူး"

"ဒါဆို မင်းစိတ်ကြောင့် ငါသေရလိမ့်မယ်"

"ကိစ္စမရှိပါဘူး ရှင်သေမယ့်ရက်ကိုသာ ကြိုပြောထားပါ"





## တစ်ညတစ်ခါနေရာ တစ်အိပ်မက်

လင်မယားနှစ်ယောက် အိပ်မက်မက်နေရင်း . . နှစ်ယောက်တစ်ပြိုင်နက် နိုးလာသည်။

"မင်း . . . မင်း"

"ဟင် . . ရှင် . . ရှင်"

"ဘာဖြစ်နေတာလဲ ပြောစမ်း။ အိပ်မက်ထဲမှာ ကျွန်မ နောက်ယောက်ျားရလို့တဲ့"

"ငါလည်း နောက်မိန်းမရတာဘဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိုကွာ အိပ်မက်ဆိုတာ ပြောင်းပြန်အတိတ်ကောက်ရတယ် မှတ်ထား" ဟူ၍

ပြောဆိုရင်း လင်မယားနှစ်ယောက် ဖက်အိပ်လိုက်ကြသည်။





## E.T အဓိပ္ပါယ်

ကျောင်းသားများ စုဝေး၍ ကျောက်သင်ပုန်း၌"E.T သင်ကြားမည်" ဟု ရေးလိုက်၏။ ဆရာမကမြင်၍ ဒေါသထွက်နေသည်။ ထိုဆရာမမှာ E.T နှင့်တူသည်ဟု တစ်ကျောင်းလုံးက ခေါ်ကြသည်မဟုတ်ပါလား။

"ဒါ ဘယ်သူရေးတာလဲ"

"ကျွန်တော်ပါ . . E.T ဆိုတာ English Teacher ရဲ့ အဓိပ္ပါယ်ကို အတိုကောက်ရေးထားတာပါ ဆရာမ"

## ဆိုင်မစုံသေးပါဘူး

"ဟင်းတွေ စုံလို့ပါလား"

"ဘယ်လိုလဲမောင် စားလို့ကောင်းရဲ့လား"

"အင်း မဆိုးပါဘူး"

"ဒါတောင် ဆိုင်စုံအောင်မဝယ်ရသေးဘူး"

"ဟင်"

## လက်ဖျားနဲ့အတို့စံချင်တာ

"ယောက်ျားဆရာဝန်ကို ဘာလို့ပြချင်ရတာလဲ"

"ငါက ယောက်ျားဆရာဝန်ပြချင်တာ အကြောင်းရှိတယ်၊ ငါ့ယောက်ျားက မင်းလိုလူမျိုး လက်ဖျားနဲ့တောင် မတို့ဖူးလို့

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်တုန်းက ပြောဖူးတယ်လေ ဒါကြောင့် သူ့ထက်သာတဲ့လူ တစ်ယောက်ကို လက်ဖျားနဲ့ အတို့ခံလိုက်ချင်တာပဲ"

## လင်နဲ့မယား

"ကျွန်မတို့ စီးပွားရေး အဆင်ပြေနေကြပြီပဲ. . . ကျွန်မ အနေနဲ့ အမေ့ကို ခေါ်ထားမှဖြစ်လိမ့်မယ်"

"လင်နဲ့မယားပဲကွာ ပြောစရာမလိုပါဘူး. . . ငါတောင်မှ ငါ့အဖေခေါ်ထားရင် ကောင်းမလားလို့ စိတ်ကူးနေတာ"

## ပိုလေးသွားတာပါ

တစ်ခါကဈေးထဲ၌ အလေးခိုးသည်ဟု ငါးသည်အားစွပ်စွဲသဖြင့် သမာဓိချိန်ခွင်၌ ချိန်ကြည့်ရင်း ဈေးဥက္ကဌက အဆုံးအဖြတ်ပေးရန် မေးလိုက်၏။

"သူပြောတဲ့အတိုင်း လျော့နေပါလား၊ ဘယ်လိုဖြစ်တာလဲ"

ငါးစိမ်းသည်က-

"ကျွန်မချိန်တုန်းကအမှန်ပါပဲ- သူကဈေးဝယ်ရင်း ကြာလိုက်လို့ အလေးဘက်မှာ သူ့စကားလုံးတွေပိသွားလို့ ပိုလေးသွားတာ ဖြစ်နိုင်ပါတယ်။"



## စံစားခြင်း

ပန်းချီပြခန်းထဲမှ အမျိုးသမီးနှစ်ယောက် ထွက်လာကြသည်။ ပန်းချီကားဝယ်လာသောအမျိုးသမီးအား အပေါ်က အထင်ကြီးစွာကြည့်ရင်း-

"မော်ဒန်ပန်းချီကားကို ဘယ်လိုနားလည်ခံစားပြီး မင်းကဝယ်လာရတာလဲ"

"ဟင့်အင်း. . . ဘယ်လိုမှနားမလည်လို့ သိရအောင် ဝယ်ရတာလေ"

"ဟောတော့"



www.burmeseclassic.com

www.burmeseclassic.com



## ရေနံ့အကျိုးပေးတဲ့ယောက်ျား

တစ်ခါက ရွှေ ငွေ လက်ဝတ်လက်စားများနှင့် ပြေလည်နေသော မငွေဆိုသည့် အမျိုးသမီးအားတွေ့သဖြင့် မေးမြန်းကြည့်မိသည်။

"ကိုယ့်ယောက်ျားကို ဗေဒင်ဆရာက ရေနံ့အကျိုးပေးမယ်လို့ ဟောထားတာ သိပ်မှန်တာပဲ"

"အံ့ဩစရာပဲ၊ ကိုယ့်အမျိုးသားကတော့ နိုင်ငံခြားသင်္ဘောလိုက်တာ အဆင်ပြေတယ်မရှိပါဘူး၊ ဒါနဲ့ မင်းအမျိုးသားက ဘယ်သင်္ဘောလိုင်းကလဲ"

"မဟုတ်ပါဘူး၊ ရပ်ကွက်ထဲမှာ ရေရောင်းစားတဲ့လူပါ"

"ဟင်"

## ငွေထုတ်ကိစ္စ

တစ်ခါက ရုပ်ရှင်ပြသ၍ပြီးသွားသော်လည်း ထိုင်နေသော အမျိုးသမီးတစ်ယောက်ကိုတွေ့သဖြင့် ရုံစောင့်က-

"ဘာအကူအညီပေးရမလဲ"

"ငွေထုတ်ကိစ္စကြောင့် စောင့်နေတာပါ"

"ရုံမှာပျောက်တာလား"

"မဟုတ်ပါဘူး၊ ရုပ်ရှင်ထဲမှာ လူဆိုးကဓားပြတိုက်ပြီး



ငွေထုတ်ပစ်ချသွားတာကို လူတွေသတိမထားမိဘူး၊ အဲဒါ လူလစ်ရင် ယူမလို့လေ၊ ရှင့်ကိုလည်း ပေးပါမယ်"

"ဗျာ"

## လောကကြီးနဲ့ ဆန့်ကျင်ဘက်

တစ်ခါက အိမ်တစ်အိမ်သို့ အလည်သွားရင်း

"ခင်ဗျားယောက်ျား မမြင်ပါလား"

"ဟုတ်တယ်၊ လောကကြီးနဲ့ ဆန့်ကျင်ဘက်နေရာကို သွားသွားတယ်လေ"

"ဘုရားရေ. . ဘယ်လိုမဟုတ်တာဘဲ၊ ဘာလို့ထွက်သွားရတာလဲ"

"စိတ်မပူပါနဲ့၊ လောကရဲ့ဆန့်ကျင်ဘက်ဆိုတာ ကလောလေ"

"အမ်"

## အရမ်းကို့ဈေးကြီးလို့ပါ

ရည်းစားစကား ပြောဆိုနေကြသည်။

"အချစ်ဆိုသောအရာကို ပန်းသီးနဲ့ မတင်စားချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လည်း"

"အရမ်းကိုဈေးကြီးတော့ မတတ်နိုင်တော့ဘူးလေ"

## စိတ်ညှို့ပညာသည်

ဂျက်နှင့် ရက်ဗလီတို့ စကားပြောနေကြသည်၊

"ဂျက်ရေ. . . စိတ်ညှို့ပညာဆိုတာ အတော့်ကိုထူးဆန်းပြီး တန်ခိုးရှင်တစ်ယောက်လို စွမ်းအားတွေရှိနေတယ်ကွ"

"ငါတော့မယုံကြည်ဘူး ရက်ဗလီရေ. . . အဲဒီစကားစုဟာ ပသီပုံပြင်လိုပဲ နားထောင်ကောင်းရုံ သက်သက်သာဖြစ်ပါလိမ့်မယ်"

ရက်ဗလီက အနည်းငယ်တွေဝေစွာ စဉ်းစားလိုက်ပြီးနောက်

"အဝေးကြီးတော့ မပြောလိုဘူးကွာ- ငါ့မိန်းမတောင် စိတ်ညှို့ပညာကို တတ်နေပြီကိုယ့်လူရေ၊ မနေ့က မစ္စတာ ဝိုက်(စ်)နဲ့ အတူလိုက်သွားပြီးပြန်အလာမှာ သူ့ရဲ့စိတ်ညှို့ပညာနဲ့ ဒေါ်လာ တစ်ထောင်တောင် ယူလာနိုင်ခဲ့သေးတယ်ကွ"

"အံ့ရော. . . အံ့ရော. . ."

## တကယ်ပေးမှာပါ

ဖိုးနီထံသို့ အကြွေးရှင်တစ်ယောက် အကြွေးလာတောင်းသည်။



"ဟော့ကောင်ဖိုးနီ၊ မင်းငါ့ရဲ့အကြွေးကို ဟိုနေ့ပေးမယ်၊ ဒီနေ့ ပေးမယ်နဲ့ချိန်းနေတာ အခုဘယ်လောက်ကြာပြီလည်း"

"ဟုတ်ပါတယ်အစ်ကိုရယ်၊ ကျွန်တော်လည်း မပြေလည်သေးလို့ပါ။ ဒါပေမယ့် အခုလာမဲ့ ဖေဖော်ဝါရီ ရက်(၃၀)မှာ အစ်ကိုရဲ့ အကြွေးတွေကို အကုန်ပေးပါ့မယ်"

"ဟေ. . . မင်းကတိတည်ပါတယ်နော်. . . ဒီတစ်ခါ တော့ငါစိတ်ချသွားပြီဟေ့၊ ဖေဖော်ဝါရီရက် (၃၀)ရောက်မှ ငါလာခဲ့မယ်"

ဟုပြောပြီး အားရဝမ်းသာစွာ ပြန်သွားတော့သည်။

## အားရစရာကြီးပါပဲ

ဗေဒင်ဆရာ။ ။"ခင်ဗျားအသက်(၂၀)မှာ အိမ်ထောင်ကျတာ"

အမျိုးသမီး ။ ။"မှန်လိုက်တာ ဆရာရယ်"

ဗေဒင်ဆရာ။ ။"အိမ်ထောင်ရေးဇာတာညံ့တဲ့အတွက်အခက်အခဲပေါင်းစုံရင်ဆိုင်ကြုံတွေ့နေရမယ်။ နောက်တော့. . ."

အမျိုးသမီး ။ ။"နောက်တော့ဘာဖြစ်မလဲဆရာ"

ဗေဒင်ဆရာက ဟောသင့်မဟောသင့် ချင့်ချိန်နေမိ၏။

အမျိုးသမီး ။ ။"ဟောပါဆရာ၊ ကျွန်မစိတ်ခိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ဆရာ။ ။"နောက်အိမ်ထောင်ကျကိန်းရှိတယ်"

အမျိုးသမီး ။ ။"ဟင်. . အားရစရာကြီးပါလား"

ဗေဒင်ဆရာ။ ။"အမ်"

## လက်စားချေလိုက်ပုံက

တစ်ခါက အလှူတစ်ခု၌ မိန်းမနှစ်ယောက် စကားပြောဆိုနေသည်။

"မင်းအစ်မယောကျ်ားစိတ်ဆိုးပြီး အိမ်ကထွက်သွားတာလေးလတောင်ဆို"

"ဟုတ်တယ် စိတ်ရှုပ်ပေါက်ပြီးထွက်သွားတာ ပြီးတော့ ပြန်လာတာပဲဟယ်၊ ငါ့အစ်မကလည်း သူ့ကိုလက်စားချေခြင်တာနဲ့ တစ်ယောက်ထဲစိတ်ဆိုးပြီး ထွက်သွားပြလိုက်တယ်လေ"

"ဟယ်. . ဘယ်ကိုထွက်သွားတာလည်း"

"မသိပါဘူးဟာ. . ထွက်သွားတုန်းကတော့ တစ်ယောက်ထဲ၊ ဒါပေမယ့်ပြန်လာတော့ ကလေးတန်းလန်းနဲ့လေ"

"အမ်"







## နားထောင်ချင်တဲ့အသံ

တစ်ခါက သီချင်းဆိုဝါသနာပါသော မိန်းမတစ်ယောက်ယူမိ၍ စိတ်ညစ်နေရသော ယောကျ်ားတစ်ယောက်ရှိသည်၊

ညဘက်. . အလုပ်ပင်ပန်းပြီး အလွန်ဆာလောင်၍ ပြန်လာခိုက် အဆိုတော်မိန်းမက. . .

"ကဲ. . . ဘယ်သူ့အသံနားထောင်မလည်း၊ ဇော်ဝင်းထွဋ်လား၊ ချစ်ကောင်းလား နားထောင်ချင်တာပြော ကျွန်မအားလုံးရနေပြီ"

"အင်း. . . ငါအမှန်တစ်ကယ်နားထောင်ချင်တာကတော့ ထမင်းခူးသံ၊ ဟင်းထည့်သံပဲ၊ နားမလည်တတ်သူရေ"

ဟူ၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟင်းရွက်ကန်စွန်းမဟုတ်ပါ

တစ်ခါက မြန်မာစာရေးဆရာကြီးတစ်ဦးနှင့် ကမ္ဘာလှည့်ခရီးသည်တစ်ဦး စကားပြောဆိုနေကြသည်။ စာအုပ်တန်းဘက်လျှောက်လာရင်း ခရီးသည်က-

"ကျွန်မတို့နိုင်ငံမှာဆို စာအုပ်တွေအားလုံး ဟင်းရွက်ကန်စွန်းလို အလုအယက် တိုးဝှေ့ဝယ်နေရတာ"

"ဟင်. . . ဟုတ်လား၊ ကျုပ်တို့နိုင်ငံကစာအုပ်တွေက လတ်ဆတ်ပါတယ်၊ အဲဒီလိုအလုအယက်ဝယ်စရာမလိုပါ၊ နှစ်ကြာကြာထားလည်းရပါတယ်"

"ဟင်"

## ထပ်စိုက်ရန်မရှိလို့ပါ

နွားရောင်းရန် လူရိုးလူအတစ်ယောက် ပွဲစားထံသို့ရောက်လာသည်။

"မင်းရောင်းမှာ သုံးထောင်တိတိနော်"

"ဟုတ်ပါတယ် ခင်ဗျာ"

"အလုပ်စကားစပြောမယ်၊ အပြစ်တစ်ခုတွေ့ရင် တစ်ထောင်လျှော့ပစ်မယ်၊ ဘယ်လိုလည်း"

"သဘောတူပါတယ်ခင်ဗျာ"

နွားပွဲစားက နွားကိုကြည့်လိုက်ပြီးနောက်. . .



"ဟာ. . . မင်းရဲ့နွားမှာ ဂျိုကြီးနဲ့ပါလား၊ ဟာ. . . အမြီးပါပေါက်နေတယ်၊ နှာခေါင်းမှာလည်းကြိုးကြီးနဲ့၊ ဟာ. . ."

နွားရောင်းသည့်သူက ချက်ချင်းလက်ကာပြလိုက်ပြီးနောက်-

"တော်ပါပြီခင်ဗျာ. . . ကျွန်တော့်မှာ ထပ်စိုက်ပေးစရာမရှိပါဘူး၊ နောင်ကြီးပဲ ဒီနွားကိုယူလိုက်ပါတော့"

ဟုဆိုကာ ခပ်မြန်မြန်ပင် ထွက်ခွာသွားတော့သည်။

## ပထမဆုံးလုပ်ရမည့်အလုပ်

အမေရိကန်နိုင်ငံရှိ ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးမှ နောက်ဆုံးနှစ် ဆေးကျောင်းသားများကို သင်ခန်းစာများပို့ချလျက်ရှိသည်။

"နောက်ဆုံးမေးခွန်းတစ်ခုပဲ မေးတော့မယ်။ အဲဒါက. . . လူနာတစ်ယောက်ကို ကုသတော့မယ်ဆိုရင် ပထမဆုံးဘာကို အရင်လုပ်ရမလဲ"

ကျောင်းသူတစ်ဦးက ချက်ချင်းထ၍-

"ဟုတ်ကဲ့ပါဆရာ. . . ပထမဆုံးလုပ်ရမှာက လူနာရဲ့ အိပ်ထဲမှာ ပိုက်ဆံဘယ်လောက်ပါသလဲဆိုတာ ကြည့်ဘို့ပါပဲ"

ဟုဖြေကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အဖြစ်ချင်ဆုံးဆန္ဒ

တစ်သက်တစ်ကျွန်း အကျခံရမည်ဟု သိနေပြီဖြစ်သော ရာဇဝတ်သားအား ရှေ့နေကြီးကားလို့(စ်)က စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

"ကဲ. . . မင်းဖြစ်ချင်တဲ့ဆန္ဒမှန်သမျှ ဖြစ်အောင်ငါလုပ်ပေးပါ့မယ်. . . အဲဒီတော့ မင်းဘာလုပ်ချင်သလဲ၊ ဘာပြောချင်သလဲ"

ရာဇဝတ်သားက အားရဝမ်းသာစွာဖြင့်-

"ဆရာ. . တကယ်ပြောနေတာလား၊ ဒါဆိုရင် ကျွန်တော့်ကို တစ်ခုပဲကူညီပေးပါဆရာ၊ ကျွန်တော်အခုဖြစ်ချင်တဲ့ဆန္ဒကတော့ အရည်အချင်းပြည့်ဝတဲ့ အမှုလိုက်ကောင်းတဲ့ ရှေ့နေတစ်ဦး အမြန်ဆုံးလိုချင်တာပါပဲဆရာ"

## တရားခံဘယ်သူလဲ

ဆေးခန်းတစ်ခုသို့ လူနာတစ်ဦးကိုပွေ့၍ ဝင်လာသည်။

"ဆရာ. . . ကူညီပါဦးဆရာရယ်. . . ကျွန်တော့်ရဲ့ ယောက်ဖ လေဖြတ်သွားလို့ ကောင်းအောင်ကုပေးပါဦး၊ ဆရာရဲ့ ကျေးဇူးကို သူလမ်းလျှောက်နိုင်တဲ့အခါကြရင် သူကိုယ်တိုင်ဆပ်ပါလိမ့်မယ်"

ဆရာဝန်က လူနာကိုစမ်းသပ်လိုက်ပြီးနောက်-



"ဒီလောက်လည်း စိတ်မပူနေပါနဲ့၊ ဆရာနဲ့တွေ့ရင် အားလုံးကောင်းသွားမှာပါ။ ဒါပေမယ့်တစ်ခုပြောချင်တာက သူပြန်ကောင်းသွားလည်း လမ်းပြန်လျှောက်နိုင်မှာတော့ မဟုတ်ဘူး"

လူနာရှင်မှာစိတ်ဓာတ်ကျလျက် ဆေးခန်းမှထွက်သွားသည်။

သူကဆရာဝန်ကိုအပြစ်မတင်မိ၊ သူ့ယောက်ဖ၏ နှစ်ဖက်စလုံးပြတ်နေသော ခြေထောက်များကိုသာ အပြစ်တင်နေမိတော့သည်။

## မတွေ့အတွေ့ခန

"မင်းသေသွားရင် နတ်ပြည်ရောက်ချင်လား၊ ငရဲပြည်သွားချင်လား"

အမြဲတမ်း တစ်ကျက်ကျက် ရန်ဖြစ်နေတတ်သော လင်မယားနှစ်ယောက် ဆွေးနွေးနေကြသည်။

"ရှင်ကရော ဘယ်ကိုသွားချင်သလဲ"

"ငါက သီလ၊ သမာဓိရှိတဲ့သူဆိုတော့ နတ်ပြည်ပဲသွားချင်တယ်"

"ဟင်. . . ဟုတ်လား. . . ဒါဆိုကျွန်မငရဲပြည်သွားဖို့ ချက်ချင်းဆုံးဖြတ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



## ကဗျာဆရာနဲ့ ဝေဖန်ရေးသမား

တစ်ခါက လေထန်ကုန်း လက်ဘက်ရည်ဆိုင်၌ ကဗျာဆရာ တစ်ဦးနှင့် ဝေဖန်ရေးဆရာမတစ်ဦး ဆုံဖြစ်ကြသည်။

"ကျွန်တော်က ကဗျာအတွက် အသက်ရှင်နေထိုင်သူ တစ်ယောက်ပါပဲ"

ကဗျာဆရာက ခပ်ကြွားကြွားလေး ပြောဆိုလိုက်သည်။ ဝေဖန်ရေးဆရာမကလည်း အားကျမခံပင်-

"ကျွန်မကလည်း ရှင့်လိုပါပဲ၊ ရှင်ရေးနေတဲ့ကဗျာတွေကို စုတ်ပြတ်သွားအောင် ဝေဖန်ပေးဖို့အတွက် အသက်ရှင်နေရတာပါပဲ" ဟူ၍။





## ဆရာမလေးနဲ့ တပည့်

ဆရာမ ။ ။ ဘီးလင်းမြို့က ဘာထွက်သလဲ။

တပည့် ။ ။ မသိပါဘူး ဆရာမ။

ဆရာမ ။ ။ သကြားဘယ်ကရသလဲ။

တပည့် ။ ။ လမ်းထိပ်ကုန်စုံဆိုင်မှာ ဝယ်လို့ရပါတယ် ဆရာမ။

## ဆယ်လူလာနဲ့ဒုက္ခ

တစ်ခါက ဘတ်စကားပေါ်၌ ဆယ်လူလာဖုန်းနှင့် အိုက်တင်ထုတ်၍ ပြောဆိုလိုက်ပါလာသော မိန်းကလေးတစ်ဦးကို အမြင်ကတ်စရာတွေ့ရသည်။

"ဒါလင်ရေ. . .အိမ်ကကား ဘာဖြစ်သွားသလဲမသိဘူး၊ အသစ်တစ်စီး ဆယ့်ငါးလောက်နဲ့ ရောင်းဘို့ရှိတယ်တဲ့၊ အဲဒါ အချစ်ဝယ်ဖို့သွားကြည့်မလို့ နည်းနည်းနောက်ကျမယ်နော်" ဟူ၍။

## နည်းပေးလမ်းပြ

ရုံးတစ်ရုံး၌ အလွန်နည်းပေးလမ်းပြကောင်းသော မနီဆိုသည့် မိန်းကလေးတစ်ဦးရှိ၏။ သူ့အား အကြီးအကဲတောင်းလျှင် ဘာမဆိုအကုန်ရသည်။

"နွား အမြီးကိုဝယ်ပြီး စွပ်ပြုတ်လုပ်သောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"နို့မထွက်လို့ အကြံပေးလိုက်ရတာလေ"

"ဟယ်"

သူငယ်ချင်းပါးစပ် အဟောင်းသားဖြစ်ရခြင်းမှာ နည်းပေးလမ်းပြပေးသူမနီမှာ အပျိုဖြစ်နေ၍ပင် ဖြစ်လေတော့သည်။

## ခြေထောက်မပါတဲ့အရာ

"ခြေထောက်မပါဘဲ ပြေးလွှားနိုင်တဲ့အရာကို လူတွေ ထောင်သောင်းချီပြီး ပိုက်ဆံကုန်ခံ ကြည့်ရှုကြတယ်။ အဲဒါ ဘာလည်းသိလား"

"မသိဘူး"

"ဘောလုံးပွဲလေ"

## သီလ

တစ်ခါက "ရွှေဝါစိန်"တစ်ယောက် ဘုန်းကြီးကျောင်း၌ သီလယူပြီး ပြန်လာခဲ့သည်။ ငါးပါးသီလကို အတတ်နိုင်ဆုံး ဆောက်တည်မည်ဟု ဆုံးဖြတ်ထားလိုက်သည်။

အိမ်သို့မရောက်မီ မျက်စိမျက်နှာပျက်လာသည်။



တစ်လမ်းလုံး ဥပသ်စောင့်လာရခြင်းမှာ အမြင်မတော်တာ တွေ့ရ၍ တစ်ပါးပြီးတစ်ပါး ကျိုးနေတော့သည်။

နောက်ဆုံး ယောကျ်ားဖြစ်သူမှာ မိန်းကလေး ချောချော တစ်ဦးနှင့် ရယ်ရယ်မောမော စကားပြောဆိုနေသည်ကို မြင်မိသောအခါ ဒေါသလုံးဝမထိန်းနိုင်တော့ဘဲ

"ဟင်. . . သေချင်းဆိုး. . . ဥပုသ်ကျိုးချင်ကျိုးပါစေ နင်နဲ့ငါ အပြတ်ရှင်းမယ်သိလား"

ဟူ၍ မောင်းတင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးပါပဲ

ကမ္ဘာလှည့်ခရီးသည်တစ်ယောက်အား TAXI သမားက မြို့ထဲမှ ရွှေတိဂုံသို့လိုက်ပို့ရင်း ငွေပိုတောင်းဖို့ စိတ်ကူးမိ၏။ ရွှေတိဂုံသို့အရောက် ကမ္ဘာလှည့်ခရီးသည်ကြီးက ဈေးမှန်အတိုင်းပေး၏။

"ကျေးဇူးပါပဲ ဗုဒ္ဓဘာသာဝင်အချင်းချင်း လျှော့ပေးလိုက်ခြင်းနဲ့ ကုသိုလ်ယူပါ"

ဟုပြောဆိုသွားသဖြင့် အံ့အားသင့်ရလေတော့သည်။

## ခွေးသေးပန်းရွက်

တစ်ခါကရွာ၌ ထုံလွှန်းအဲလွှန်းသူ မရွှေဝါတစ်ယောက်ရှိ၏။ တစ်နေ့မျှားနာနေသော ဝေဒနာခံစားရသူ ညီမအား ဘေးနီးနားခြင်း ဆေးမြီးတိုဖြင့် ကုတတ်သူကို ပြကြည့်လိုက်သည်။

"ဒါမျှားမိဝါရယ် ခွေးသေးပန်းရွက်ခူးပြီး သုံးခွက်တစ်ခွက်ကျိုသောက်လိုက်ပျောက်ရော. . . သွားခူးလိုက် ငါလုပ်ပေးမယ်"

ရွှေဝါတစ်ယောက် ခွေးသေးပန်းရွက် သွားခူး၏။ ညနေစောင်းမှ ပြန်လာသည်။

"ကြာလိုက်တာဟာ. . . သေမျှားနေပြီလားမှတ်ရတယ်"

"ကိုကြီးကံစိန်ကလည်း လူကိုအပြစ်တင်ဖို့စောင့်နေတာ ခွေးတွေက သေးလာမပန်းသေးလို့ ကျွန်မစောင့်နေရတာ သိရဲ့လား။"



## စိတ်ညစ်နေတာလား

"ခင်ဗျားစိတ်ညစ်နေတာဟာ ရောဂါဝေဒနာတစ်ခုပါပဲ. . . လူရွှင်တော်ပြက်လုံးတွေနားထောင် ဗွီဒီယိုကြည့် မဂ္ဂဇင်းကိုဖတ်ဗျာ စိတ်ရွှင်မှ လူရွှင်မယ်"

"ကျွန်တော်ကိုယ်တိုင် ဗွီဒီယိုရိုက်ဟာသတွေရေးနေတဲ့ လူရွှင်တော် တစ်ယောက်ပါဆရာ"

## တောင်းပန်ပါရစေ

တစ်ခါက

ဂမ္ဘီရဆရာကျော်သည် သူ့ထံသို့အားကိုးတကြီးရောက်လာသော ဧည့်သည်များအထင်ကြီးသွားစေရန်

"ကျုပ်လက်ညှိုးညွှန်လိုက်ရင် ရေဖြစ်သွားနိုင်တယ်"

ဧည့်သည်တစ်ယောက်က မျက်စိမျက်နှာပျက်၍

"ကျွန်တော်တောင်းပန်ပါရစေဆရာ ငယ်ငယ်လေးကတဲ့က ရေကူးမသင်ခဲ့မိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



## စမ်းသပ်တာပါ

အနောက်နိုင်ငံ၌ ကားမောင်းလိုင်စင်လာယူသူအား ကိုယ်တွေ့စစ်ဆေးသည်။

"ဟော့ကောင်ထစမ်း မင်းကိုဘယ်သူထိုင်ခိုင်းလို့လဲ"

"ဟုတ်ကဲ့"

မောက်မာစွာ ပြောဆိုလိုက်သဖြင့် လန့်ဖြန့်သွားသည်။

"မင်းဆဲတတ်လား"

"မဆဲတတ်ပါဘူး"

"ဒါဆို . . လက်သီးရောထိုးတတ်သလား"

"ဟင့်အင်း"

"ကောင်းပြီ ဒါဆိုလိုင်စင်ယူသွား"

ရန်စလိုတတ်သူများကြောင့် သုံးနာရီတစ်ယောက်ပြဿနာဖြစ်တတ်၍ စိတ်ဓာတ်စစ်ဆေးရေးလုပ်ပြီးမှ လိုင်စင်ထုတ်ပေးရလေသည်။

## ထူးခြားချက်

သိပ္ပံပညာရှင်တစ်ဦးက အနုကြည့်မှန်ပြောင်းနှင့် လေ့လာမှုကို ပြုလုပ်နေသည်။

"ဘာတွေကြည့်နေတာလဲ"



"ပုရွက်ဆိတ်နဲ့ခြင် ဘယ်လိုခြားနားသလဲ လေ့လာနေတာပါ"

"ဘာတွေထူးခြားချက်တွေ့လို့လဲ"

"ပုရွက်ဆိတ်နဲ့ခြင်က ကိုက်ရင်အဖုအပိမ့်ဖြစ်ပြီး ယားယံတတ်တာမျိုးပဲ ဒါပေမယ့် ပရွက်ဆိတ်ကချက်ခြင်း မိလွယ်တယ် ခြင်ကအရမ်းလျှင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



## မရှင်းပါနဲ့တော့

ရပ်ကွက်အစည်းအဝေးတစ်ခု၌ အတွင်းရေးမှူးက


"ကျုပ်ပြောတဲ့ကိစ္စနဲ့ ပတ်သက်လို့ ရှင်းပါတယ်နော်"

"ရှင်းပါတယ်"

"သဘောကျတယ်ဗျာ ကျုပ်ကရှင်းရှင်းပဲပြောတတ်တယ် ရှင်းရှင်းပြောမှ ချက်ချင်းသိတာ ရှင်းရှင်းလုပ်မှ ပြဿနာရှင်းတာ"

"ဆရာ ဆက်မပြောနဲ့တော့ . . . ရှင်းရှင်းတွေအချင်းချင်း ငြိပြီးရှုပ်ထွေးသွားနိုင်ပါတယ်"

ကော်မတီဝင်တစ်ယောက်က ဤသို့ထပြောလိုက်ရလေတော့သည်။





## မေတ္တာအကျဉ်းသား

"မောင်ဟာ မင်းရဲ့မေတ္တာအကျဉ်းသားတစ်ယောက်ပါ အချစ်ရယ်"

ရှေ့နေကောင်မလေးတစ်ယောက်အား ကောင်လေးက ဤသို့ ရည်းစားစကားလိုက်ပြောလိုက်၏။

"ရှင့်ကို ကျွန်မ ရက်အကန့်အသတ် နှစ်အကန့်အသတ် မရှိ စီရင်ချက်ချထားပြီးပြီဆိုတာကို မမေ့ပါနဲ့"

## ခမ်းသွားလို့ပါ

"အဲလစ် မင်းကိုနို့အကြောင်း စာငါးမျက်နှာရေးခိုင်းလိုက်တာ ဘာကြောင့်တစ်မျက်နှာပဲ ရေးခဲ့ရတာလဲ"

ဆရာမရေးခိုင်းတဲ့အတိုင်းရေးဖို့ နို့ကိုအရင်ကျိုလိုက်တဲ့ အခါ ခမ်းသွားလို့အခုလို ဖြစ်ရတာပါ။

## ကြွားသိုက်ပုံက

အိန္ဒိယနိုင်ငံသို့ရောက်လာသော အမေရိကန်နိုင်ငံသား တစ်ယောက်က သူနိုင်ငံကျယ်ဝန်းကြောင်းကြွားလို၍ -

"တက္ကဆပ်ပြည်က မီးရထားတစ်စီးကို အရှေ့ဖက်မှာ

www.burmeseclassic.com

www.burmeseclassic.com



စီးသွားရင် ၂၄ နာရီကြာတောင် အဲဒီနယ်ထဲကမထွက်
နိုင်သေးဘူးဗျ။

အိန္ဒိယလူမျိုးက နားထောင်ရင်း -

"ဟုတ်တယ်ဗျ. . . ကျုပ်တို့ဆီမှာလဲ ဒီလိုပဲခဏခဏမျက်
လိုက် ဆက်သွားလိုက်ဖြစ်တတ်တာပဲ"

ဟူ၍ ပြောလိုက်လေသတည်း။

## ဖတ်တတ်အောင်ဖတ်ပါ

တစ်ခါက ဆေးခန်းသို့ လူနာကောင်မလေးတစ်ယောက် ပြန်ဝင်လာ ပြီး ဆရာဝန်အား. . .

"ဆရာရေးပေးလိုက်တဲ့ဆေးတွေက မများလွန်းဘူးလား"

ဆရာဝန်ကလက်ထဲမှ စာရွက်ကိုကြည့်ရင်း -

"အဲဒါဆေးစာမဟုတ်ဘူး မင်းကိုပေးတဲ့ ရည်းစားစာ မဖတ်တတ်ရင် ဆေးဆိုင်မန်နေဂျာဆီယူသွား"

## ဆူတောင်း

နောက်ဆုံးပေါ်ကားလေးတစ်စီးပေါ်၌ အမွေးစုတ်ဖွား ခွေးလေးတစ်ကောင်ပါသွား၏။



လမ်းပေါ်လျှောက်လာသူနှစ်ယောက်က ကြည့်ရင်း. . . တစ်ယောက်က

"ခွေးဖြစ်ရတာတောင်မှ ကုသိုလ်ကံကောင်းရင် သိန်းကျော်
တန်ကားပေါ်မှာ ငြိမ့်ရသေးတယ်ကွ"

"ဒါဆို. . . မင်းက လူပြန်ဖြစ်ဖို့ ဘုရားမှာဆုတောင်းနေ
စရာမလိုတော့ပါဘူး"

## ငရဲပြန်

"ကျုပ်ငရဲပြည်က ပြန်လာတာဗျ"

"ဟင် ဟုတ်လား ဟိုမှာ ဆီဘယ်ဈေးလဲ၊ လူ့ပြည်နဲ့တော့ သိပ်ကွာလှမယ် မထင်ဘူး"

ဆီကုန်သည်တစ်ယောက်၏ စကားကြောင့် ဘာပြောရမှန်း မသိအောင် ဖြစ်သွားမိလေတော့သည်။

## အရှူး

လူနှစ်ယောက်လမ်းလျှောက်လာကြသည်။

တစ်ယောက်က ဒေါသထွက်၍ တောက်ခေါက်လိုက်သဖြင့် ကျန်တစ်ယောက်မှာ လန့်ဖျန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ သူငယ်ချင်း"

"ကျုပ်ကို ရပ်ကွက်ထဲကလူတွေ အရူးလို့ပြောကြလို့ဗျာ"

"သည်းခံစမ်းပါကွာ ကိုယ်အရူးမဟုတ်ရင်ပြီးတာဘဲ နာစရာ မှတ်လို့"

"နာတယ်ကော့ ဘယ်မဟုတ်မလဲ အမှန်ဆိုရင် တကယ် ရူးနေတဲ့ခင်ဗျားကိုပဲ ပြောသင့်တယ်"

"ဘာ. . . ဘာပြောတယ်ကွ"

တစ်ဖက်ကလူ ရူးရူးရှဲရှဲ ဖြစ်သွား၏။







## အပြိုင်အဆိုင်အနိုင်

ဒန်ပေါက်ဆိုင်သို့ မောင်လင်းဆိုသော သူငယ်ချင်းနှင့် အတူ ရောက်လာခဲ့မိသည်။ "နှစ်ယောက်သား ဒန်ပေါက်စားနေ ခိုက်"

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပွဲပေးပါအုံး"

တစ်ဖက်မှ အသံပေါ်ထွက်လာသည်။

မောင်လင်းက ထိုစားပွဲဆီသို့ လှမ်းကြည့်ရင်း

"ဒီကိုလဲတစ်ပွဲ"

ကျွန်တော်နားမလည်နိုင် ဖြစ်သွားသည်။ တစ်ဖက်စားပွဲမှ စုံတွဲက ကွန်ရေရရနှင့် ဆက်စားနေ၏။

"လိုက်ပွဲနှစ်ပွဲပေးပါဦး"

"ဒီကိုလည်းနစ်ပွဲချက္ကာ"

တစ်ဖက်ကမှာသံနှင့် မရှေးမနှောင်းလိုက်မှာရင်း. . .

ပြုံးနေသလိုထင်ရသည်။

တစ်ဖက်က ချိုးချိုးသားသား စားသောက်သည်ကို မောင်လင်းက အပြိုင်လိုက်နေမှန်း သိသာသည်။ မကြာမီ တစ်ဖက်စားပွဲမှ စုံတွဲငွေရှင်းကောင်တာသို့ ထသွား၏။

"ဒီကောင်နှုံးသွားပြီကွ ဟဲဟဲ ငါ့ရည်းစားကိုလုသွားလို့ ကြံုတုန်းလက်စားချေလိုက်တာလေ"

## လက်ဆောင်

မင်္ဂလာဆောင်လက်ဖွဲ့အဖြစ်. . .

ယောက္ခမကြီးက နပန်းသတ်ပုတ်နည်းစာအုပ်နှင့် ဇာဏ်ကြေးဆေးသုံးပုလင်းအား လက်ဖွဲ့ခဲ့သည်။



ကျွန်တော့်အဖေကတော့ -

မေတ္တာသုတ် စာအုပ်နှင့် ကွာရှင်းပြတ်စဲနည်း ဥပဒေကျမ်း တစ်စောင်ကို လက်ဖွဲ့ခဲ့သည်။

အမေက ချက်နည်းပြုတ်နည်းတစ်ထောင်နှင့် "နင်လားဟဲ့လောကဓံ" ဆိုသည့်စာအုပ်ကို လက်ဖွဲ့လိုက်လေသတည်း။

## ဝမ်းနည်းပါတယ်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌

တစ်ခါက မီးရထားတစ်စီးပေါ်၌ မိန်းမသားနှစ်ဦး အခန်းထဲဝင်လာ ပြီး အနုကြမ်းစီးသည်။

"ကျွန်မကိုယ်ပေါ်က အဝတ်အစားတွေ စုတ်ဖြဲပြီးအော် လိုက်ရင် ရှင်ဘာဖြစ်သွားမယ်ထင်သလဲ"

ဂုဏ်သရေရှိလူကြီးက -

"ဟင် မင်းဘာပြောတာလဲ"

နားမကြားဖူးထင်သဖြင့် စာရေး၍ပြောဆိုလိုက်၏။ ထိုစာရွက်ကို ဖတ်ရင်းပြုံးလိုက်၏။

"ဝမ်းနည်းပါတယ် ငါကရှေ့နေတစ်ဦးဟ"

ထိုလူကြီးက ရှေ့နေကဒ်ကို ထုတ်ပြလိုက်သောကြောင့် မိန်းမပျိုနှစ်ဦး ဘာပြောရမှန်းမသိအောင် ဖြစ်သွားမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကျဝေဒနာရှင်

"စိတ်ညစ်ပါတယ် ဆရာရယ် အဖေ့ဆီက စိတ်ကျရောဂါက အမေ့ ဆီကူးလာပြီ"

"ဟင် ဟုတ်လား ဒါဆို မင်းအမေပါဆေးခန်းပြပေါ့"

"ကျွန်မ အဲဒီလိုစိတ်ကူးနေတုန်း အစ်ကို့ဆီကူးလာတယ် ပြီးတော့ အမေဆီကူးလာတယ်"

"ဒီကွာပဲ ဒါဆိုမင်းတို့ မိသားစုအားလုံး စိတ်ကျရောဂါ ကူးစက်ကုန်ကြပြီပေါ့ ဟုတ်လား"

ဆေးခန်းလာပြသောလူနာက မိသားစုစိတ်ကျရောဂါ စွဲကပ်နေကြောင်းပြောဆိုနေရင်း လာသည့်ကိစ္စကိုမေ့လျော့လျက်

"လူကောင်းဆိုလို့ ကျွန်မတစ်ယောက်ထဲ ရှိပါတယ်"

"ဘယ်လို"

ဆရာဝန် နားမလည်နိုင်အောင်ပင် ဖြစ်သွားမိလေတော့သည်။

## ကလေးငါးယောက်

ကျွန်တော်နှင့် သူစကားပြောနေခိုက် မိန်းမချောလေး တစ်ယောက် ဖြတ်သွားသဖြင့် သူ့မျက်စိမှာ ထိုမိန်းကလေးနောက်သို့ ဆွဲငင်ကပ်ပါသွားလောက်အောင် ဖြစ်သွား၏။



"အရမ်းလှတယ်ကွာ"

"ကလေးငါးယောက်နဲ့"

"မဖြစ်နိုင်တာပဲကွာ သူ့ပုံစံက အပျိုစစ်စစ်ပါ"

"မင်းမှာကလေး ငါးယောက်ရှိတာကိုပြောတာ ရှင်းပြီလား"

## နှင်းဆီတိုက်ပွဲ

တစ်ခါက ရုပ်ရှင်ကွက်ဗွီဒီယိုရုံ၌ နှင်းဆီတိုက်ပွဲဆိုသည့် ခေတ်ဆန်ဆန် မော်ဒန်နာမည်ပေးထားသော အချစ်ဇာတ်ကားပြ၏။ အရက်မူးလာသူတစ်ယောက် ရုံထဲသို့ဝင်ကြည့်ပြီး ဇာတ်ကားတစ်ဝက် မကျိုးမိပြသနာလုပ်တော့သည်။

"ဘယ်မလဲတိုက်ပွဲ သေနတ်တစ်ချက်မှ မဖေါက်သေးဘူး. . . ရိုးရိုးသားသားလုပ်စားစမ်းပါကွာ စစ်ကားမဟုတ်ဘဲ ပိုက်ဆံညာယူတာမျိုး လုံးဝလက်မခံဘူး"

ဟူ၍ပြောလိုက်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com





## ဈေးဝယ်ကောင်းသူ

မငွေမှာ အလွန်ဈေးဝယ်ကောင်းလှသူပင် ဖြစ်သည်။ တစ်နေ့ မျှစ်ဆိုင်၌ဝယ်ရင်း

"အဆစ်ထည့်ပါဦး ဒါမှအလေးပြည့်မှာပေါ့"

"ထည့်ထားပါတယ်ညီမလေးရယ် အစ်မတို့က အလေးပြည့်ရောင်းတာ စိတ်ချ"

"အစ်မကိုစိတ်ချပါတယ် ဒါပေမယ့် အဆစ်ထည့်လိုက်တာ ကျွန်မမျက်စိနဲ့ မမြင်လိုက်ရလို့ နောက်တစ်ခါလောက် ပြပါဦးနော်"



## AIDS နဲ့ငရဲ

တစ်ခါက အပျော်အပါးလိုက်စားသူ တစ်ယောက် ငရဲပြည်သို့ ရောက်သွား၏။

မန်နေဂျာဆိုသောလူတစ်ယောက်ငရဲပြည်သို့ ရောက်သွား၏။

မန်နေဂျာဆိုသောလူက ယောင်တယ်မယ်ချောချောလေးနှင့် ပွေ့ဖက်ကြည်နူးနေသဖြင့်

"ငရဲမင်းကြီး မတရားဘူးထင်တယ် သူ့ကိုဘာကြောင့် အထူးအခွင့်အရေးပေးထားရသလဲ ရှင်းပါ"

"ဒါဟာ ကာမဂုဏ်လွန်ကျူးစွာ ခံစားခဲ့လို ငရဲကျတဲ့လူကို အပြစ်ဒဏ်ခတ်တာပဲ"

"ဒါဆို ကျွန်တော့်ကို ဒီလူနဲ့နေရာခြင်း လဲပေးပါ"

"ဗျာ"

"ကျွန်တော့်ကို ဆီပူအိုးထဲသာ ကန်ချလိုက်ပါတော့ဗျာ"

## ရှေးလူကြီးစကားကြောင့်ပါ

ရပ်ကွက်လူကြီးရှေ့မှောက်၌ တရားခံလင်ယောက်ျားမှာ အပြစ်ရှိသူမို့ ညှိုးငယ်စွာရောက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာကြောင့်ကြောင်တွေကို လိုက်သတ်တာလဲ ချက်စားဖို့လား"

"မဟုတ်ပါဘူး ရှေးလူကြီးတွေက မယားနေစ ကြောင်သေမှလို့ မှာခဲ့လို့ပါ"

"ဟော. . .မင်းမိန်းမက မတားဘူးလား"

"ကျွန်တော့်မိန်းမလည်း အဲဒီရှေးလူကြီးစကားကြောင့် လင်နေစဆင်သေမှ ဆိုရိုးကို မပယ်ရှားချင်လို့ တောထဲထွက်ပြီး ဆင် လိုက်ရှာနေပါပြီ"

"ဟိုက်"

## ဏ္ဍန္ဓေမပျက်စမ်းနဲ့ လူထင်သေးတယ်

အမူးသမားနှစ်ယောက် လမ်းပေါ် လျှောက်လာသည်။ တစ်ယောက်ကဘောင်းဘီတိုနှင့်၊ တစ်ဦးကလမ်းကိုပင် တည့်အောင် လျှောက်နိုင်ဘဲ ဘိနပ်ကျွဲတစ်ဖက်နွားတစ်ဖက်စီးလျက် -

လမ်းဖြတ်အကူး ကားတိုက်မှာစိုး၍ တစ်ဦးကလက်ကိုတွဲ ဆိုက်၏။

"ဟေ့ကောင် ရပ်ကွက်ထဲရောက်နေပြီ ဏ္ဍန္ဓေမပျက်စမ်း မင်းလုပ်ပုံက လူထင်သေးတယ်"



## အားနာတတ်သူ

တစ်ခါက ရပ်ကွက်၌အားနာတတ်သူ မောင်ရိုးရှိ၏။ တစ်နေ့ သူ့အိမ်သို့ နေ့ခင်းကြောင်တောင် သူခိုးဝင်ခိုးသည်။

မိန်းမပြန်လာသည့်အခါ -

"အိမ်ကိုသူခိုးဝင်ပြီး ပစ္စည်းတွေကို ယူနေတာငါမြင်သားပဲ"

"ဒါဆို ရှင်ကဘာလို့အော်ပြီး အကူအညီမတောင်းတာလဲ"

"မရှိဆင်းရဲလို့လာခိုးတာကို ငါသိသွားရင်အရမ်းကို ရှက်သွားမှာကွ၊ ဒါကြောင့်အားနာတာနဲ့ အိပ်ချင်ဟန်ဆောင်နေလိုက်တာလေ"

## အင်္ဂလိပ်နှင့် အမေရိကန်တို့၏ မင်္ဂလာဆောင်အယူအဆ

အင်္ဂလိပ်နှင့် အမေရိကန်လူမျိုးတို့သည် လင်မယား လက်ထပ်ပြီးသည်နှင့် သတို့သမီးသတို့သားစီးသည့် ဘိနပ်စုတ်များကို ကားနောက်မှာချည်၍ ဟမ်းနီးမွန်းထွက်လေ့ရှိသည်။

သူတို့အယူအဆအရ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ပြီး အိုအောင်မင်းအောင် ပေါင်းရသဖြင့် ဘိနပ်များတောင် စုတ်ပြတ်ကုန်ပြီဆိုသော သဘောပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သံတူကြောင်းကွဲ

မြို့တော်သန့်ရှင်းရေးဌာနသို့ မစ္စတာလူးဝပ်ဖုန်းကောက်လှည့်လိုက်၏။

"ကျွန်တော့်ကို အထပ်သုံးဆယ်တိုက်ပေါ်ကခုန်ချဖို့ အတွက် လူကြီးမင်းတို့ဌာနမှ ကူညီပါ"

ပြေဆိုရင်း ဖုန်းချလိုက်၏။

တစ်မြို့လုံးရှိ သက်ဆိုင်ရာဌာနအားလုံး ယောက်ယက်ခတ်နေကြသည်။ အောက်၌ မီးသတ်ရဲဘော်များကလည်း ပိုက်ခံထား၏။

အသက်တစ်ချောင်းအတွက် အရေးကြီးပြီးဟု ထင်နေမိသည်။ မစ္စတာလူးဝပ်စ်မှာ တည်ငြိမ်စွာဖြင့် ခြေတစ်ဖက်ကျိုးနေသော ခုံတစ်လုံးကို ပြူတင်းပေါက်မှ ပစ်ချလိုက်လေတော့သည်။

## ဘာစားရင်ကောင်းမလဲ

"မောင် ဒီနေ့ အားလပ်ရက်လေ စိတ်တိုင်းကျ အစားအသောက်ဖက်ရှင်ချက်ကျွေးမယ် ဘာစားရင်ကောင်းမလဲ"

"ပဲလင်းမြွေသီးနဲ့ ဗျိုင်းသား အဲဒါမရရင် ဘဲဥနဲ့ ဖရဲသီးချက်ကွာ"





## နောက်ဆုံးပေါ် ဆံပင်ပုံစံ

ကောင်မလေးတစ်ယောက်သည် အလွန်ပင်ပေါ်[illegible]ဖြစ်ချင်လှသူဖြစ်၏။ မြူတီပါလာသို့ တစ်ပတ်လျှင် ဖက်ရှင်[illegible] ဆံပင်ပုံစံပြင်နိုင်းလေ့ရှိ၏။

ဆိုင်ပိုင်ရှင် - ညီမလေးအတွက် ဆံပင်ပုံစံအမျိုးမျိုး ဖက်ရှင်ထွင်ပေးပြီးပြီနော် .. နောက်တစ်ပါတ်လာရင်တော့ နောက်ဆုံးပေါ် ထွန်းအိန္ဒြာဗိုဆံပင်မျိုးပဲ ကျန်တော့တယ်

ကောင်မလေး - ရှင်

နောက်ဆုံးပေါ် ထွန်းအိန္ဒြာဗိုဆံပင်ပုံစံမှာ ခေါင်းတုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ပေါက်သည်

လက်ထပ်မင်္ဂလာပွဲ၌ သတို့သမီးသတို့သားအား ဘိသိတ်ဆရာက -

"ယခုလို မင်္ဂလာအချိန်အခါမှာ သတို့သမီးကိုသာ မယား ဝတ္တရား (၅) ပါး သင်ကြားပေးဖို့ လိုပါလိမ့်မယ်"

သတို့သားမျက်နှာမဲ့လာသည်။ ဆက်၍. . .

"သတို့သားဟာ ဆုံးမဩဝါဒမှန်သမျှ အကုန်အလွတ်ရပြီး သားပါပဲ၊ ဘာကြောင့်လဲဆိုတော့ ဘိသိတ်ဆရာနဲ့ ပေါက်သည်ဖြစ်ခဲ့တာ ဒါပါနဲ့ဆို ငါးကြိမ်ရှိပါပြီဗျာ"

## ချို့ယွင်းနေလို့ မြင်ပါဦး

"အလေးမှန်ရဲ့လား"

"မယုံရင် သမာဓိချိန်ခွင် သွားချိန်ကြည့်"

ဝယ်သူက မသင်္ကာ၍ဈေးသည်ကိုခေါ်ကာ သမာဓိချိန်ခွင်သို့ သွားချိန်ကြည့်သည်။

"ကဲတွေ့လား တစ်ဆယ်သားနီးပါးလျော့နေတယ်"

"ဈေးခေါင်းကြီးရှင်. . သမာဓိချိန်ခွင်ကြီး အသစ်ဝယ်ဖို့ စဉ်းစားပါဦး. . . နည်းနည်းချို့ယွင်းနေတယ်လို့ ထင်ပါတယ်"



ဈေးခေါင်းကြီးအား ဈေးသည်ကထိုသို့ ပြောလိုက်လေသတည်း။



## ပွမန်ကြောင့် ကျရမယ့်ကိန်း

တစ်ခါက အလုပ်အားအလေးမထားဘဲ အမှုမဲ့အမှတ်မဲ့နေထိုင်သူများလာသဖြင့် လူတွေ့စစ်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အလုပ်ရှင်၏ မန်နေဂျာ | ကျွန်တော်လိုချင်တာက ပူပန်ကြောင့်ကျ တတ်သူပါပဲ။ |
| အလုပ်လျှောက်သူ | ဒါဆို ကျွန်တော်နဲ့ ကိုက်ညီပါတယ်။ |
| မန်နေဂျာ | နေ့တိုင်းပူပန်ကြောင့်ကျစိတ်ရှိရမယ် အလုပ်မှန်မှန်လာဆင်းရမယ်။ တစ်ပတ်ကို ဒေါ်လာ ၃၀၀ ရမယ် ဘယ့်နှယ့်လဲ။ |
| အလုပ်လျှောက်သူ | အဲဒီငွေက ဘယ်သူ့ကိုပေးမှာလဲ။ |
| မန်နေဂျာ | အို အဲဒါ ခင်ဗျားပထမဆုံး ပူပန်ကြောင့်ကျရမယ့် ကိစ္စပဲ။ |

## လွှယ်လိုက်မုံများ

"ဖေဖေ. . . ကျွန်တော် တယောတစ်လက် ကောင်းကောင်းလုပ် တတ်သွားပြီ အခုလုပ်ထားတာပဲ"

"ဟေ ဟုတ်လား နေစမ်းပါဦး တယောအတွက် ကြိုးကို သားဘယ်ကရမှာလဲ"

"ဘာခက်လို့လဲ ဖေဖေရယ်. . . ဖေဖေ့စန္ဒယားကြိုးထဲက ဖြုတ်တပ် လိုက်ရင် ပြီးတာပဲ"



## သစ္စာတိထွင်မှု

ဂျူဒစ်ဒေဗစ်ဆိုသူက မနှစ်ကယောက်ခွဆုံးသဖြင့် သတ္တုခေါင်းတစ်လုံးကို ဝယ်၍မြေမြှုပ်လိုက်၏။

"မလွယ်ပါဘူးဗျာ သတ္တုခေါင်းလည်း မြေဆွေးဖြစ်တာပဲ ဒါကြောင့် အခုထင်ရှူးသားနဲ့ ကိုယ်တိုင်အခေါင်းလုပ်ထားတယ် ကျုပ်ဇနီးကအရမ်းသဘောကျနေတာဗျ" ဟူ၍ ညေခ်ပွဲတစ်ခု၌ ကြွားဝါပြောဆိုလိုက်လေသည်။

## အကြွေးအကျန်

တစ်ခါက ခွေဘအား အလွှန်စွဲလန်းသည် တံငါရွာလေးတစ်ရွာသို့ ရုပ်ရှင်အဖွဲ့ ရောက်ရှိလာကြသည်။

"ချီးဗူးထုတ်ပေး"

မကြာမီ ရွာသားများမှာ တုတ်ကွေခေးတွေနဲ့ ဝိုင်းလာသည်။

"ချီးဗူးမင်းရွာထဲမှာ ဘာပြဿနာလုပ်ခဲ့သလဲ"

"ဟို. . ဟို. . ဘာမှမလုပ်ပါဘူး ဒါရိုက်တာ"

အကျိုးအကြောင်းမေးမြန်းကြည့်ရာ. .

"ကျုပ်တို့ရွာမှာပြတဲ့ ခတ်ရှင်တုန်းက ချီးဗူးဟာနွေဘကို

www.burmeseclassic.com

www.burmeseclassic.com



လေးချက်ထိုးခဲ့တယ်၊ ရုပ်ရှင်ပြီးသွားတဲ့တိုင်အောင် ရွှေဘာကနှစ်ချက်ပဲ ထိုးရတယ်။ နှစ်ချက်အကြွေးကျန်တာ ဒီရွာကမကျေနပ်ဘူး"

ဘယ်လိုမှ ရှင်းပြလို့မရသဖြင့် မင်းသားကြီးရွှေဘာက နှစ်ချက်ပြန်ထိုး၍ အကြွေးဆပ်မှ ကျေနပ်စွာပြန်သွားလေတော့သည်။





## အိပ်မက်ထဲကချစ်သူ

စိတ်မနှံ့သူ အမျိုးသမီးတစ်ယောက် ဆရာဝန်နှင့်လာရောက်ပြသည်။ သူမက လင်တရူးဖြစ်၏။

အမျိုးသမီး- အိပ်မက်ထဲမှာ ဖူးစာရှင်တွေ့တယ် ဒေါက်တာ။

ဆရာဝန် - အဲဒါမျိုးက ဖြစ်တတ်ပါတယ်။

အမျိုးသမီး- အဲဒီလူကို ကျွန်မချစ်တယ်လို့ မပြောရသေးဘူး။

ဆရာဝန် - နောက်တစ်ကြိမ် အိပ်မက်ထဲတွေ့ရင် ပြောပေါ့ဗျာ ဟဲဟဲ - - -

အမျိုးသမီး- သူကခန့်ချောကြီးဆရာရဲ့ ဟီးဟိ။

ဆရာဝန် - ဟုတ်လား ဒါဆိုဆရာပေးတဲ့ ဆေးကိုမှန်မှန်သောက် မကြာခင် မင်းသူနဲ့ပြန်တွေ့မှာပါ။

အမျိုးသမီး- သောက်စရာမလိုတော့ပါဘူး။

ဆရာဝန် - ဘာလို့လဲ ။

အမျိုးသမီး- အခုကျွန်မရှေ့မှာ မြင်နေရတဲ့လူက အိပ်မက်ထဲက ချစ်သူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ကျောက်ပွဲစား

"ပင်းမိန်းမက ကျောက်လုပ်ငန်း အကြီးအကျယ်လုပ်တယ် ဆိုတော့ ချမ်းသာကြွယ်ဝမှာပေါ့နော်"

"ငါလည်း အထင်ကြီးပြီး သူ့ကိုယူခဲ့မိတာပဲ. . .ဒါပေမယ့် သူတို့လုပ်တဲ့ ကျောက်လုပ်ငန်းဆိုတာ လမ်းခင်းကျောက် ရောင်းဝယ်ရေးကွ"

## လမင်း

လကို အမေရိကန်တစ်ယောက်အမြင်ဖြင့် လထဲ၌လူတစ်ယောက်တွေ့ရသည်။

အိန္ဒိယပိုင်းရင်းသားကမူ ယုန်တစ်ကောင်ကို တွေ့ရ၏။

ဆာမိုကျွန်းသားကျွန်းသူများက ယက်ကန်းခတ်သည့် အမျိုးသမီးကို တွေ့ရ၏။

တရုတ်လူမျိုးပညာရှိကကြည့်ရင်း

"အော်. . . ချန်အိုကလပေါ်အထိ ရောက်နေတာကိုး"

"ချန်အိုဆိုတာ ဘယ်သူလဲဗျ"

"လင်ဆိုး၊ လင်သောင်းကျန်းတဲ့ ဒဏ်ကိုမခံနိုင်ဖြစ်ပြီး တရုတ်ပြည်က လပေါ်ထွက်ပြေးတဲ့ မိန်းကလေး"



## ယကြွာ

စာကလေးတစ်ကောင်ကို လွှတ်လိုက်၏။

"ဘာလို့လဲ အစ်မကြီး"

"ကျွန်မယောက်ျားထောင်က မြန်မြန်လွတ်အောင် ယကြွာချေတာပါ"

"ဒါဆို သက်စေ့များများလွှတ်ရတယ်"

စာကလေးလှောင်အိမ်နှင့် လူကရောင်းရအောင်စည်းရုံးပြောဆိုလိုက်မိ၏။

"ကိုစွမရှိပါဘူးရှင် ကျွန်မယောက်ျားထောင်ကလွတ်ဖို့ တစ်ရက်ပဲ လိုတော့တာပဲ"

"ဗျာ"

## အမူးသမားနှစ်ယောက်

အရက်အမူးသမားနှစ်ယောက် မထွက်ရသေးသောကားတစ်စီးပေါ် တက်လာရင်း -

"အခုထိ ဥဩမဆွဲသေးပါလား"

"ကိစ္စမရှိပါဘူးကွာ သည်နေ့ မုန်တိုင်းမရှိဘူးဆိုတာ ငါသိထားတာပဲ. . . သည်းခံစောင့် ဟိုဘက်ကမ်းအမြန်ရောက်ဖို့ အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အနံ့မခံနိုင်လို့

"ခြင်ဆေးဖျန်းတဲ့စက်ကို ဘာလို့မသုံးတာလဲ"

"အနံ့မခံနိုင်လို့လေ"

"ကုမ္ပဏီကြော်ငြာထဲမှာ ခြင်တွေအနံ့မခံနိုင်ဘူးလို့ပါသားပဲ အဲဒီအတိုင်း မှန်နေတာပဲ"

"ခြင်တွေတင်မကပါဘူး၊ လူပါအနံ့မခံနိုင်လို့ အဲဒီခြင်ဆေး သုံးမိတိုင်း စောစောအိပ်ယာဝင်လိုက်ရတာပါပဲ"

## ကားသစ်

"မင်းတာလောက ကားတစ်စီးဝယ်မလို့ဆို"

"ဟုတ်တယ် ငါ့မိန်းမဘက်က အမျိုးတွေဝိုင်းကန့်ကွက်လို့ မဝယ်ဖြစ်တော့တာ"

"ဘာဆိုင်လို့လဲ"

"အဲဒီကားက အသုဘကားလေ"

## ညကြီးမိုင်းမို့ပါ

တစ်ခါက ညဘက်မှောင်စပြီးချိန်ကားစီးမိ၏။ မှတ်တိုင်တစ်ခုသို့အရောက် တောသားကြီးတစ်ယောက်



တက်လာသည်။

"ဘကြီးကားခလိုသေးတယ်၊ ဆယ့်ငါးကျပ်ပါ"

"ဘာကွ ဟိုနားသည်နား ဆယ့်ငါးကျပ်လား"

"ဟုတ်ပါတယ် ညကြီးမိုင်းမို့ပါ"

"နေအောင်မာ မင်းတို့က ငါ့ကိုတောသားဆိုပြီး လူလည်လုပ်လို့ တစ်လမ်းလုံးမီးတွေထိန်နေတာမြင်တယ် မဟုတ်လား"

ဘယ်လိုမှ ဖြေရှင်း၍ရနိုင်မည်မဟုတ်ပါ. . .။



www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်သား

ရန်ကုန်သားများလည်း စကားကြွယ်တတ်ပါသည်။

မြို့လည်ခေါင်လမ်းဘေး လဘက်ရည်ဆိုင်ထိုင်ရင်း ဖြတ်သွားသော ကောင်မလေးအား ဝိုင်းထဲကတစ်ယောက်က ငေးကြည့်မိသည်။

"ခေါတောတစ်ထောင်အား မျက်လုံးတွေက အဲဒီကောင်မလေးဆီကို ကပ်ပါသွားပြီ"

"ဟာ. . . ဒီလောက်တင် ဘယ်ကမလဲ ဟိုကလည်းဗိုအား ငါးထောင်ကွ. . နှစ်လိုင်းပူးမိရင်. . တစ်လမ်းလုံး ရှော့ဖြစ်သွားနိုင်တယ်"

## ပါဏာတိပါတာ

တရားထိုင်သူများအား ပါဏာတိပါတာကံမကျူးလွန်မိရန် ဆရာတော်ဘုန်းကြီးက သတိပေးထားသည်။

သည်ကြားထဲ ခြင်များက အမေရိကန်မှ ဂျက်လေယာဉ်များလို တဝီဝီပျံသန်းနေသည်။ အတတ်နိုင်ဆုံးသည်းခံနေရလေသည်။

ဒကာတစ်ဦးက ခြင်ကိုဖျတ်ခနဲ ရိုက်လိုက်မိသည်။

"ဘာလို့ခြင်ကို သတ်ရတာတုန်း ဒကာကြီး"



"တရားထိုင်တဲ့လူတွေ အများကြီးရှိပါရက်နဲ့ တပည့်တော်ကိုမှ မျက်မုန်းကျိုးရွေးကိုက်လို့ ရိုက်ဆုံးမမိတာပါဘုရား" ဟူ၍ ပြောလိုက်လေသတည်း။

## မောာကိန်းထွက်မိခြင်း

တစ်ခါက ကောင်းကင်ကြီးပေါ်မော့ကြည့်ရင်း မိုးရွာမရွာ ခန့်မှန်းကြ၏။

"ဟော့ကောင် ဖိုးအောင်မင်းမနေ့က မိုးမရွာဘူးဆိုပြီးတော့ ဘာလို့ရွာရတာလဲ"

"အဲဒါ ငါမှားတာမဟုတ်ဘူး၊ အိမ်မှာမွေးထားတဲ့ တောက်တဲ့မှားတာ"

"မင်းတို့ကို မိုးရွာမယ်မပြောခင် တောက်တဲ့ကိုမေးတော့ သူက ခေါင်းငြိတ်ပြတယ်လေ"

## စွန့် စားသူ

"သူရဲကောင်းဆိုတာ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ စွန့်စားရတယ်"

"ဒါဆို သားဟာသူရဲကောင်းပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"အမေဖမနက်က ဆွမ်းတော်ကပ်ထားတဲ့ ပန်းသီးကိုခိုင်မာတဲ့ ဆုံးဖြတ်ချက်ချပြီး စွန့်စားပစ်လိုက်လို့ပါ"

## ငယ်ချင်ငယ်ပါစေ

တစ်ခါက ချမ်းသာကြွယ်ဝသော တောသူဌေးလူပျိုကြီးအား မိန်းမရှာပေးသူတစ်ယောက် ရောက်လာသည်။

"ခင်ဗျားအတွက် ကျုပ်တွေ့ထားတယ် ဒါပေမယ့် ကောင်မလေးက အသက်ငယ်နေတော့"

"ခက်လိုက်တာဗျာ ငယ်တော့ဘာဖြစ်သလဲ နို့ဘူးပဲတိုက်မွေးချင်မွေးရပါစေ"

"ဒီလောက်လည်းမဟုတ်ပါဘူး သွားမရှိလို့ အသက်မေးကြည့်တော့ ရှစ်ဆယ့်သုံးနှစ်ရှိပြီတဲ့"

"ဟိုက်"

## ခိုလှို့လှုပ်လိုက်ပါ

တစ်ခါက မောင်ဒွေးဆိုသူ သူငယ်ချင်းလင်မယားအိမ်သို့ ရောက်လာသည်။ ကလေးက ငိုလွန်းသဖြင့် မေးကြည့်ရာ. .



"ဘာဖြစ်လို့လဲ"

"အလကားကျိတ်ကိုက်နေတာပါကွာ မျက်စိမှိတ်အိပ်ဆို မအိပ်ဘူး"

"ဒါဆို သည်ကလေးအိပ်အောင် နေရောင်အောက် ပက်လက်လှန်ထားလိုက်"

"ဟေ ဘာလို့လဲ"

"မနေထိုးရင် မျက်စိဖွင့်လို့မရတော့ဘူး မကြာခင်အိပ်သွားလိမ့်မယ် စိတ်ချ"

## ခါးကြော်ကြော

တစ်ခါက ရန်ကုန်မှ ဘုရားဖူးဧည့်သည်တစ်ယောက်ဈေးဝယ်ရန် ဈေးတန်းသို့ ရောက်လာသည်။ ဈေးသည်များမှာ အလွန်အပြောကောင်းလှသည်။

"ဟောဒါက ယိမ်းနွဲ့ပါးခါးရဲ့ မျိုးဆက်ပြတ်မသွားအောင် ထိန်းထားတဲ့ ခါးပဲ နိုင်ငံခြားတောင်မပို့ဘူး"

"ရေကိုမခုတ်မိအောင်ဘဲ သတိထား အသွားတွေလိပ်သွားတတ်တယ်"

"ဟောဟို ရွှေကျင်ခါးကတော့ အသားကို လှီးတာတောင် သွေးမထွက်ဘူးလို့ အာမခံတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘေးတိုင်က နားငြီးလာသောကြောင့်

"မြန်မြန်ဝယ်သွားစမ်းပါဗျာ၊ အိမ်ရောက်ရင် ကိုယ့်အစီမံကို အကြိုက်လိုးနေမှာ မြင်ယောင်ပါတယ်"

## ရှစ်ပုံတစ်ပုံ

အင်္ဂလိပ်လူမျိုးတို့ အုပ်စိုးသောခေတ်၌ အိန္ဒိယကပြားတစ်ဦး သွေးလျှဒါန်းရန်ရောက်လာသည်။

အင်္ဂလိပ်လူမျိုးက စိတ်ကသိကအောက်ဖြစ်မိသောကြောင့်

"ခင်ဗျား သွေးစစ်ပါတယ်နော်"

"ဟုတ်ကဲ့ ကျုပ်သွေးရဲ့ရှစ်ပုံတစ်ပုံလောက်တော့ လျော့နေပြီထင်ပါတယ်"

## ဖြစ်နိုင်ပါတယ်

ဆရာ။ ။သစ်ပင်တွေဟာ ညအချိန်မှာ ဘာလုပ်သလဲ။ ။

တပည့်။ ။သူတို့လူတွေလိုပဲ အိပ်ပါတယ်ဆရာ။ ။



## ဗီကောင်တွေမပါနိုင်ပါဘူး

"ရေအကျိုးဆယ်ပါးဟာ မတောင်းဘဲ ပြည့်တယ်တဲ့"

"အကြွင်းမဲ့ပြောဆိုတာမျိုး မဖြစ်နိုင်ပါဘူး"

"ဘာလို့လဲ"

"ဒီခေတ်မှာ နွားနို့ကုလား၊ ကြက်သားသည်နဲ့ အရက်ရောင်းတဲ့လူတွေကို ချန်ပြီးပြောတာနေမှာပါ"

## မယားငယ်လစာတောင်းသလို

တီဗီ၌ အပတ်စဉ်ပြသော ဇာတ်ကားများကြည့်လို့ကောင်းနေချိန်၌ အလွန်ပင်စိတ်ကသိကအောက်ဖြစ်မိ၏။

ကစ်နေ့ တောကလာသူ ဦးလေးကကြည့်ရင်း -

"ဟင်း. . . မင်းတို့ဇာတ်လမ်းကြည့်ရတာလဲကွာ မယားငယ်လစာပေးသလို ပြတ်တောင်းပြတ်တောင်းပါပဲလား"

ဟူ၍ ပြောလိုက်လေသတည်း။

## နိုးရိမ်လို့ပါ

မော်ဒန်ကဗျာဆရာများမှာ အလွန်အပြောကြီးတတ်၏။

တစ်နေ့ မြန်မာမှုကိုမြတ်နိုးသူနှင့် ဆုံမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"စကြာဝဠာတိုးမယ့် လက်ညှိုးကို ခေါက်ရိုးချိုးပြီး အိပ်ဆဲ ထည့်ထားလိုက်တယ်"

မေဒ်ဒန်ကဗျာဆရာက ဒသနဆန်စွာ ကြီးကြီးကျယ်ကျယ် ပင် ပြောဆိုလိုက်၏။

"အဲဒါ ကောင်းပါတယ်သူငယ်ချင်းရာ မင့်လက်ညှိုးက ဟို ထိုးသည်ထိုးလုပ်နေရင် ချေးပုံထိုးမိမှာ စိုးရတယ်"

ဟူ၍ ပြောဆိုလိုက်ရလေသည်။

## ဆွေမျိုးချင်းမို့ ခွင့်လွှတ်တယ်

အမေရိကန်နိုင်ငံ၌ လမ်းပေါ်တွင်ကားကြီးတစ်စီးက ရပ်ထားသော ကားစုတ်ကလေးကို ဝင်တိုက်၏။

အိုင်းရစ်လူမျိုးရဲက ကားမောင်းလာသူအား အရေးယူရန် ထွက်လာသည်။

ကားကြီးမောင်းလာသူများမှာ အိုင်းရစ်လူမျိုးဖြစ်ပြီး အထဲ၌ အိုင်းရစ်မြို့တော်ဝန်၊ အိုင်းရစ်တရားသူကြီး။ အိုင်းရစ် ရဲချုပ်။ အိုင်းရစ်ရှေ့နေကို့အား မြင်လိုက်သဖြင့် ကားစုတ်ထံသွားပြီး -

"ခင်ဗျားကြည့်မောင်းမှပေါ့၊ ဘယ်လိုစိတ်ကူးနဲ့ နောက် ဆုတ်ပြီး တိုက်ပစ်ရတာလဲ"



## ဆိုင်းဘုတ်ကြောင့်ပါ

တစ်ခါက ကျောင်းသားတစ်ယောက် ကျောင်းနောက်ကျ သဖြင့် ဆရာမကိုမေးမြန်းကြည့်ရာ -

"ကျွန်တော်အိမ်က စောစောထွက်ခဲ့ပါတယ်"

"ဒါဆို ဘာလို့ဒီအချိန်မှ ရောက်ရတာလဲ"

"ကျောင်းရှိသည်ဖြည်းဖြည်းဆိုတဲ့ဆိုင်းဘုတ်ကိုဖတ်ပြီး အေးအေးဆေးဆေး လျှောက်လာခဲ့လို့ပါ ဆရာမ"

## ကမ္ဘာကြီးပြဿနာ

သိပ္ပံပညာရှင်အဖွဲ့မှာ ကွန်ပျူတာသစ်တစ်လုံးကို တီထွင် ခဲ့သည်။ မေးခွန်းပေါင်းများစွာကို ငါးစက္ကန့်အတွင်း ဖြေဆိုနိုင်သည်။ ရာနှင့်ထောင်နှင့်ချီ၍ မေးသော်လည်း လုံးဝ မမှားပေ။

ကွန်ပျူတာလွှဲအပ်ပွဲကို အခမ်းအနားနှင့် ပြုလုပ်၏။ ထို အခမ်းအနားသို့ နိုင်ငံခေါင်းဆောင်တစ်ဦးက စက်ခလုတ်နှိပ်၍ -

"ကမ္ဘာကြီး ဘယ်လိုစတင်ဖြစ်ပေါ်လာသလဲ"

ဟုမေးလိုက်၏။ ကွန်ပျူတာ၏အဖြေမှာ -

"ကမ္ဘာဦးကျမ်းစာ၌ ဖတ်ရန်"

www.burmeseclassic.com

www.burmeseclassic.com



## ပျင်းတာဘယ်ဖတ်နိုင်မလဲ

လေမုန်တိုင်းမိပြီး သင်္ဘောသားသုံးဦး လူသူမနီးသောကျွန်းသို့ ရောက်သွားလေသည်။ အားလုံးမှာ ရောက်ရာအရပ်၌ ပျော်အောင်နေရလေတော့သည်။

တစ်နေ့ အလွန်ထူးဆန်းသည့် မီးအိမ်တစ်ခုမျောလာပြီး ပွတ်ကြည့်လိုက်ရာ မီးအိမ်စောင့်နတ်သား ဖြုန်းခနဲပေါ် လာသည်။

"အနှောင်အဖွဲ့အတွင်းမှ ကျွန်ုပ်အားလွတ်မြောက်အောင် ဆောင်ကြဉ်းပေးသည့် အသင်တို့ကို ကူညီမည် လိုရာဆု တောင်းလော့"

ပထမသင်္ဘောသား။ ။မိသားစုကို သတိရလို့ ပြန်ချင်ပါတယ်

မီးအိမ်စောင့်နတ်က ဟူးခနဲမှုတ်လိုက်ရာ ပျောက်သွား၏။

ဒုတိယသင်္ဘောသား။ ။ကျွန်တော်လည်း ညားခါစမိန်းမကို သတိရမိပါတယ်။

ပျောက်သွားရပြန်သည်။

တတိယသင်္ဘောသား။ ။သည်ကျွန်းမှာကျွန်တော်တစ်ယောက် တည်းပျင်းလို့. . . ကျွန်တော့်အဖော် နှစ်ယောက်ကို ပြန်ခေါ် ပေးပါ။

နောက်ဆုံးတွင် အဖော်နှစ်ယောက် ရောက်လေတော့သည်။





## ဆပ်ကပ်

ခြောက်နှစ်အရွယ် သမီးကလေးအား ဖခင်က ပထမဆုံး အကြိမ်ဆပ်ကပ်ပွဲလိုက်ပြ၏။ ကောင်းကင်ကြိုးတန်းပေါ် လမ်းလျှောက်ခန်းအား စိတ်ဝင်စားစွာ ကြည့်ရှုနေခိုက်။

"ကြိုးပေါ် လမ်းလျှောက်တာ သမီးအသည်းမယားဘူးလား"

သမီးမှာ အံ့အားသင့်သွား၏။

"ဘယ်လို ဖိုပေါ်မှာ ကြိုးတန်းရှိတယ်ဟုတ်လား [illegible] လေထဲမှာ လမ်းလျှောက်တယ်ထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



## ဘယ်သူနိုင်သလဲ

"လောင်းထားတဲ့အတိုင်းဆို ကိုယ်နိုင်ပြီ ကိုယ့်ယောကျ်ား ဆေးလိပ်လုံးဝပြတ်သွားပြီ သိရဲ့လား"

"ဟင် ဟုတ်လား ဒါဆို သူတော်တော်လေး စိတ်နိုင်သွားပြီပေါ့"

"အို . . . သူနဲ့မဆိုင်ပါဘူး . . . စိတ်ခိုင်တာက ငါ"

## နှစ်ပါးသွားကရအောင်

ဘတ်စ်ကားပေါ်တက်လိုက်မိ၏

ကျပ်ရသိပ်ရတဲ့အထဲ စပါယ်ရာကအထဲသို့ အတင်းတိုးခိုင်းနေသည်။

"အထဲမှာ ဆင်နှစ်ကောင်ဖင်ထောင်ကလို့ ရတယ်ဗျာ တိုးကြစမ်းပါ၊ အချောင်ကြီးပဲ"

လူကြီးတစ်ယောက်မှာ မခံချင်ဖြစ်လာ၍ -

"အဲဒါဆို နောက်နေ့မင့်ကျီးဒေါ်ပါ ခေါ်လာခဲ့ ငါကလည်း ဇာတ်ခေါင်းကွဲလာတာနဲ့ အတော်ပဲ နှစ်ပါးသွားကရအောင်လေ"

ဟူ၍ ပြောဆိုလိုက်လေသတည်း။



## လူထူးလူဆန်း

တစ်ခါက ဖိုးထိန်ဆိုသူတစ်ဦးအား အကြွေးရှင်က ပိတ်ဆို့၍ ရစရာတောင်းသည်။

"ကျုပ်မှာ ပိုက်ဆံဆို မှုးလို့တောင်ရှုစရာမရှိပါဘူးဗျာ"

"ဘယ်လို ခင်ဗျားကမှုးရင် ပိုက်ဆံရှုတယ်ဟုတ်လား အကော့်ကို ထူးဆန်းတဲ့လူပဲ"

ဟု ပြောဆိုမှတ်ချက်ချလိုက်လေတော့သည်။

## အမှားအယွင်းရှိခနေပြီ

တရားသူကြီးထံသို့ မိန်းမတစ်ယောက် ကွာရှင်းခွင့်လာတောင်းသည်။

"ဘာလို့ မင်းယောကျ်ားကို ကွာချင်ရတာလဲ"

"သစ္စာမရှိလို့ပါ"

"သူဖောက်ပြန်တယ်ဆိုတာ သက်သေရှိသလား"

"ရှိပါတယ် ကျွန်မသူနဲ့ ညားကတည်းက သားနှစ်ယောက်ယူမယ်လို့ ပြောခဲ့ပါတယ်၊ အခုတော့ သူကသမီးနှစ်ယောက် သားတစ်ယောက်မွေးခဲ့ပြီး တစ်ယောက်နဲ့ တစ်ယောက်လုံးမတူပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူ့မှာအပြစ်ရှိပါတယ်ရှင်"
"ဟင်"

## ဆေးစာရေးမပေးပါနဲ့

ဆေးခန်းသို့ ရောက်ရှိလာသော လူနာအား ဆရာဝန်က ဆေးစာတစ်စောင် ရေးပေးလိုက်လေသည်။

လူနာ။ ။ဆေးစာရေးမပေးပါနဲ့ဆရာ

ဆရာဝန်။ ။ဘာလို့လဲ

လူနာ။ ။သိကြားမင်းနှုတ်ခမ်းမွေး ရှာခိုင်းလိုက်တာက ဆေးရှာရတာထက် ပိုလွယ်ဦးမယ်။

## ကလေးဆို ဘယ်လိုနေမလဲ

စတိုးဆိုင်တစ်ဆိုင်သို့ ဝင်လာသောဝယ်သူအား အရောင်းစာရေးမ က မိန်းမကော်ပတ်ရုပ်ကလေးကို အမျိုးမျိုးကစားပြရင်း စည်းရုံး မြူဆွယ်လိုက်၏။

"ကြည့်ပါဦး ဘယ်လောက်ချစ်စရာကောင်းသလဲ၊ ပက်လက်လှန်လိုက်တာနဲ့ မျက်လုံးလေးတွေ ပိတ်သွားတာ တကယ့်ကလေးတွေကျနေတာပဲ"



"အင်း. . . တကယ့်ကလေးသာဆိုရင်လည်း ဘယ်လိုနေမယ်ဆိုတာ သေသေချာချာ စဉ်းစားကြည့်ဦးလေ"

## ကွာခြားချက်

"မင်းကအေးအေးဆေးဆေး မိန်းမရထားရဲ့သားနဲ့ ဘာကြောင့် ခပ်စွာစွာမိန်းမကို အခုထိစွဲလန်းနေရတာလဲ"

"မင်းမသိပါဘူးကွာ စွာကျယ်မနဲ့ရရင် သူ့အော်ကိုယ်အော် သူ့ချက်ကိုယ်ချနဲ့ အိမ်ထောင်ရေးအရသာ ဘယ်လောက်ရှိသလဲ"

"အခု အေးအေးလေးနဲ့ စိတ်ကောက်တတ်တော့ ချော့မရ ပြုမရ ထရိုက်ပြန်ရင်လည်း ငါ့အလွန်ဖြစ်ဦးမယ်လေ"

"ကောင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com





## အသန့်ရှင်းဆုံးဆု

တစ်ခါက ဘောလုံးပွဲအပြီး ဆုရရှိသော အသင်းများကို ဆုချီးမြှင့်သော အခမ်းအနားသို့ ကြည့်ရှုအားပေးနေမိသည်။

"အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုကို အမှတ် ၃ ရပ်ကွက် ဘောလုံးအသင်းမှ ရရှိပါတယ်"

အခမ်းအနားမှူးက ကြေငြာပြီး အသင်းခေါင်းဆောင်က ဆုတက်ယူသည်။

"အဲဒီအသင်းကို မပေးသင့်ဘူးဗျ"

"ဘာလို့လဲ"

"သူတို့ကစားတဲ့ နေ့တုန်းက မိုးရွာတယ်လေ၊ ဒါကြောင့် တစ်ကိုယ်လုံး ဗွက်တွေလူးပြီး လူရုပ်မပေါ်အောင် ပေရေနေတာဗျ၊ ဘယ်မှာသန့်ရှင်းလို့လဲ"



## အမှန်အတိုင်း

တရားရုံးတော်သို့ ခိုးမှုနှင့်ရောက်ရှိလာသော တရားခံအား တရားသူကြီးက မေးလိုက်၏။

"မောင်မင်းဘာကြောင့် တရားရုံးတော်ကို ရောက်လာတာလဲ"

"မှန်တာကိုပြောရရင် ရဲကဖမ်းခေါ်လာခဲ့လို့ပါပဲ"

## မျက်စိ

"မျက်စိဟာ ဘယ်လောက်အရေးကြီးသလဲ မင်းသိလား"

"သိပါတယ်ဆရာ၊ မြင်ရက်နဲ့မျက်စိမှိတ်ပြီး မသိချင်ဟန်ဆောင်ရတဲ့အခါရှိသလို မမြင်မြင်အောင်ပြူးပြဲ ကြည့်ရှုပြီးလိုက်လံဖမ်းဆီးရတဲ့အခါမျိုးလည်း ရှိတတ်ပါတယ်"

အမေရိကန်ရဲစခန်းမှ ရဲမှူးနှင့်တပ်သားပြောဆိုမေးခွန်းထုတ်နေကြသော အသံပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## စစ်ဆေးပါ

"စစ်ဆေးပါ" ဆိုသောစာတန်းကို အိမ်တစ်အိမ်၌ တွေ့သဖြင့် လန့်ဖျန့်သွားမိသည်"

"ဘာကိုစစ်ဆေးရမှာလဲ"

"ကျွန်မတို့ မိသားစုသုံးယောက်စလုံးက အင်မတန်စေ့စပ်သေချာကြပါတယ်၊ သမီးက အင်္ဂလိပ်စာအတွက် အဘိဓာန်စာအုပ်ဘေးချပြီး စစ်ဆေးလေ့ရှိပါတယ်၊ ကျွန်မကတော့ မီးခံသေတ္တာကို စစ်ဆေးတတ်တယ်၊ ကျွန်မယောက်ျားက အိမ်အသုံးစရိတ်ရှင်းတမ်းကို စစ်ဆေးလေ့ရှိပါတယ်"



## အသစ်ဖြစ်နိုင်တယ်

မော်တော်ကားတစ်စီး၏တံခါးကို ချစ်သူမိန်းကလေးအားဖွင့်ပေးနေသောသူကို အသင်တွေ့လျှင် ထိုမော်တော်ကားသည် အသစ်ဖြစ်မည် (သို့မဟုတ်) ထိုမိန်းကလေးသည် အသစ်ဖြစ်လိမ့်မည်။

## ဂေါ်ရင်ဂျီကုလားမင်္ဂလာဆောင်

အိန္ဒိယပြည် ဂေါ်ရင်ဂျီကုလားတို့၏ မင်္ဂလာဆောင်၌ သတို့သားလက်ထဲတွင် ထီးစုတ်ကြီးတစ်ခုကို ကိုင်ထားပါသည်။ အဘယ်ကြောင့်နည်းဟု မေးကြည့်သည့်အခါ သတို့သားက ခေသူမဟုတ် ဉာဏ်ပညာဗဟုသုတနှင့် ပြည့်စုံပြီး အိန္ဒိယတစ်ပြည်လုံးနှံ့စပ်အောင်မြင်လာသူဟု ပရိသတ်လူပုံအလည် ဝံ့ကြွားခြင်းဟူသော အယူအဆပင် ဖြစ်လေတော့သည်။

## သချ်ာ

ဆရာမ။ ။ဈေးသည်တစ်ယောက်က ပစ္စည်းကို ၄ ကျပ်
၁၅ ပြားနဲ့ဝယ်ပြီး ငါးကျပ် ၂ ပြားနဲ့ ပြန်ရောင်း

www.burmeseclassic.com

www.burmeseclassic.com



ရင် ရှုံးသလား မြတ်သလား။

တစ်ပည့်။ ။ကျပ်အနေနဲ့ တစ်ကျပ်မြတ်ပြီး ပြားအနေနဲ့ ၁၃ ပြား ရှုံးပါတယ်ဆရာမ။



## ပျောက်သွားတာက

ဖခင်နှင့်သားဆုံမိခိုက်. .

"မင်းလက်ထဲက လက်စွပ်မမြင်ပါလား"

သားကအပြစ်ရှိသူလို မျက်နှာငယ်လေးဖြင့် -

"ပျောက်သွားလို့ပါဖေဖေ"

"ဘာပြောတယ် ပျောက်သွားလို့ဟုတ်လား လက်ထဲစွပ်



ထားတဲ့ ပစ္စည်းပျောက်ရလောက်အောင် မင်းကအတော့်ကို နမော် နမဲ့နိုင်တဲ့ကောင်ပဲ"

"ကျွန်တော် ဒီလောက်ထိ အခြေအနေမဆိုးပါဘူးဖေဖေ ပျောက်သွားတာက အပေါင်လက်မှတ်ပါ"

## နောက်ဆုံးပေါ် လုံခြုံရေးဖက်ရှင်

ယခုခေတ်နောက်ဆုံးပေါ်ဖက်ရှင်တစ်မျိုးကို ကမ္ဘာ့စံချိန်မီထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးချင်ပါတယ်. . ထိုဖက်ရှင်မှာ ယောကျ်ားများအလှကို မြင်တွေ့ခံစားနိုင်သော်လည်း ကိုင်တွယ်ကြည့်ရှုစမ်းသပ်၍ မရနိုင်အောင် လျှပ်စစ်စီးကြောင်း လွှတ်ထားသည့် ဖက်ရှင်သာဖြစ်ပါကြောင်း။

## အမိုးတန်ပစ္စည်း

တစ်ခါက ညဥ့်နက်အထိလည်ပတ်တတ်သော သားကို ဖခင်ကစောင့်ရင်း ဆူပူကြိမ်းမောင်းလိုက်သည်။

"မင်းကို အချိန်ဟာတန်ဘိုးအရှိဆုံးလို့ ဘယ်နှစ်ခါပြော ရမလဲ"

"ဒီလိုဆို အဖေလက်တွေ့ပြလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဘယ်လို"

"အဖေ့မီးခံသေတ္တာထဲက တန်ဘိုးအရှိဆုံးအရာတွေအပြင် ထုတ်ပြီး အချိန်ကိုပဲ လုံခြုံအောင်သိမ်းထားလိုက်ပေါ့"

"ငါ. . .တယ်"

## ကောင်းရော

တစ်ခါက ဆရာဝန်အုပ်ကြီးတစ်ဦးက ဆေးကျောင်းသား နောက်ဆုံးနှစ်လူငယ်တစ်ဦးအား တွေ့ဆုံးမေးမြန်းလိုက်သည်။

"မင်းဆရာဝန်ဖြစ်လာပြီး လူနာဟာ ကုသလို့ ရောဂါ မပျောက်ပဲ အခြေအနေဆိုးလာရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော် ခြေကြွခတောင်းပြီး အိမ်ကိုအမြန်ဆုံးပြန် ပါ့မယ်"

## မျိုးရိုး

"ရှင့်ကို ကျွန်မဝေဖန်ရမယ်ဆိုရင် ရှင့်အပြောအဆို အမူ အရာတွေဟာ ယောက်ျားနဲ့တူပြီး ရှင့်အလုပ်အကိုင် အကျင့်စရိုက်က မိန်းမနဲ့တူနေတယ် အဲဒါဘာကြောင့်လဲ"

"ဒါက မျိုးရိုးပေါ့ကွာ အဖေနဲ့အမေပေါင်းပြီးမှ ငါ့ကိုမွေး လာရတာ မဟုတ်လား"



## ပါသွားပြန်ပြီ

"အစ်ကိုရေ ပါးပါးလေးလှိမ့်မနေနဲ့ နောက်မှာဇွန်းနော့စစ် ဖိုးလိုက်လာပြီ"

ထိုအသံမှာ ကြားနေကျစပါယ်ယာလေးများ အသံပင်ဖြစ် ပါတယ်။

"ပါသွားပြန်ပြီ အစ်ကိုရေ"

"ဟာ. . . မင်းဟာက. . . ကြိုပြောမှပေါ့ကွာ"

ယာဉ်မောင်းက စိတ်မရှည်သဖြင့် ဟောက်လိုက်၏။

"မှတ်တိုင်ပါရင် ကြိုပြောနော် မှတ်တိုင်ရွှတ်ပြနေတာ သီချင်းဆိုပြတာ မဟုတ်ဘူး"

ကားတစ်စီးနှင့်တစ်စီး အပြိုင်မောင်းလာရသဖြင့် အရှိန်က မနည်းလှ. . .

"ဟိုက်. . ပါသွားပြီ"

"လုပ်ပြန်ပြီလား မှတ်တိုင်ကြိုပြောခိုင်းလေ"

"မဟုတ်ဘူးအစ်ကိုရေ . . . ကလေးတစ်ယောက်ကားပေါ် မှာ အီးပါသွားတာဗျ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



## ကြဲကြဲမှန်မှန်

တစ်ခါက ရွာတစ်ရွာရှိ ပွဲဈေးတန်းသို့လျှောက်လာရင်း အရက်မသောက်ရ၊ လောင်းကစားမလုပ်ရ၊ မိန်းကလေးများကို နောက်ပြောင်ခြင်းမပြုရ၊ ဗျောက်အိုးမဖေါက်ရ၊ ဤနေရာ၌ သေးမပေါက်ရစသော စာတန်းများကို ဘုရားဂေါပကအဖွဲ့က နေရာအနှံ့ကပ်ထား၏။

"သည်ညကမယ့် ဇာတ်ထုပ်သိလား"

"ပညတ်တော်ဆယ်ပါးလေ"

## အာခမ်နဲ့ဇဝ

ဖခင်မှာမောကြီးပန်းကြီးနှင့် ရုံးကပြန်လာခိုက်ခြံထဲသို့အဝင် ဆူညံဆူညံဖြစ်နေသောကြောင့် ပြန်လှည့်လာခဲ့သည်။ သူ့သားငယ်က တစ်ဖက်ခြံမှ ကောင်မလေးကို လက်သီးနှင့် ထိုးနေကြောင်းတွေ့ရ၏။

"ဘာကြောင့် ဒီလိုလုပ်တာလဲ ပြောစမ်း"

"သူညာလို့ပါ"



"ဟင်.. ဘယ်လိုညာလို့လဲ"

"ကျွန်တော်နဲ့သူ အာဒမ်နဲ့ဧဝလုပ်တမ်းကစားပါတယ်၊ အဲဒါ သူ့မှာပန်းသီးရှိတော့သားကို တစ်ဝက်ကျွေးရမှာ မကျွေးဘဲ တစ်ယောက်ထဲစားပစ်လိုက်တယ်လေ"



## ဖြစ်နိုင်တယ်

ဆရာ။ ။မြောက်ဝန်ရိုးစွန်းလို အလွန်အေးတဲ့အရပ်မှာ နေနိုင်အောင် တိရစ္ဆာန်တွေမှာ ဘယ်လိုသဘာဝ ရှိကြသလဲ။

တပည့်။ ။သူတို့ကို နွေးထွေးတဲ့အဝတ်များ ဝတ်ဆင်ပေးထားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မသိလို့ပါ

တစ်ခါကမိဘများဆုံးပါးသွားပြီး လောကကြီးထဲ၌ တစ်ယောက်ထဲ ကျန်ရစ်ခဲ့သော ပန်းချီဆရာတစ်ယောက်၏အိမ်သို့ သူခိုးဝင်လာပြီး ဓားနှင့်ထောက်ရင်း. .

"လုံးဝမအော်နဲ့. . ရှိတဲ့ငွေအကုန်ပေးစမ်း"

"ဗျာ. . . ဘယ်လို. . . ငွေ ဟုတ်လား"

"ဘာတွေ အူကြောင်ကြောင်လုပ်နေတာလဲ မင်းမိဘတွေထားခဲ့တဲ့ငွေကိုပြောတာ"

"စိတ်မရှိပါနဲ့နောင်ကြီးရယ်. . . ကျုပ်ကိုယ်တိုင်အိမ်မှာငွေရှိမှန်းခင်ဗျားပြောမှ သိတာပါ. . ကဲလာအချိန်ရှိတုန်း ကျုပ်တို့နှစ်ယောက် ရှာဖွေကြည့်ကြရအောင်"

## မေတ္တာပို့

တစ်ခါက ဒေါ်သင်းဆိုသော မိန်းမကြီးမှာ ဘုရားရှိခိုးပြီးတိုင်း မေတ္တာပို့လေ့ရှိသည်။ တစ်နေ့ သားမက်လုပ်သူနှင့် အကြီးအကျယ်ရန်ဖြစ်ပြီး ခါတိုင်းလို ဘုရားရှိခိုးမေတ္တာ ပို့ရမည့်အချိန်သို့အရောက် အခက်တွေ့နေသည်။ တစ်အိမ်သားလုံးကိုမေတ္တာပို့စဉ်ကအခက်အခဲမရှိသေး၊ သားမက်အားမေတ္တာပို့ရမည်ကို



ချန်ထားလို့လည်း မဖြစ်သေး. . . နောက်ဆုံး

"ဒီကောင်-ကျန်းမာပါစေ. .

ဒီကောင်-ချမ်းသာပါစေ. .

ဒီကောင်-ဘေးရန်ကင်းပါစေ"

ဟုသားမက်နာမည်ကိုပင်မရွတ်နိုင်ဘဲ ဆောင့်ကြီးအောင့်ကြီး မေတ္တာပို့ရလေတော့သတည်း။

## ဂီတ်ဆုံး

လဘက်ရည်ဆိုင်သို့ တောသားကြီးတစ်ယောက် ဝင်လာခဲ့သည်။

"ဘယ်လိုသောက်မလဲ"

"ပုဏ္ဏားလား၊ ချိုစိမ့်လား၊ ချိုကျလား၊ ပေါ့ကျလား ကျောက်ပန်းတောင်းလား"

အခေါ်အဝေါ်တွေက နားရှုပ်ထွေးလာသဖြင့် -

"ငါ့ကို တောသားဆိုပြီး ဟိုမရောက်သည်မရောက်လုပ်မနေနဲ့. . . မိုင်ကုန်ဂီတ်ဆုံး ကောင်းအောင်ဖျော်လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



## စာနဲ့လူနဲ့

"အဲဒီလူက စာရေးဆရာလေ"

"ဟုတ်လား ဘာတွေရေးတာလဲ"

"လူကောင်းလူမွန်လေးတွေ ဖြစ်စေချင်ဆိုတဲ့ စာအုပ်လေ၊ အရမ်းကို ရောင်းကောင်းတာနာမည်ကြီးပဲ"

"အင်း ဒီလိုစာကောင်းပေကောင်းရေးတော့ လူငယ်တွေရဲ့ အနာဂတ်ခိုင်မာတာပေါ့"

"စာကတော့ ကောင်းပါတယ်၊ ဒါပေမယ့် သူ့သား နှစ်ယောက်စလုံးက ရပ်ကွက်မှာဆိုးသွမ်းပေတေနေလို့ ထောင်ထဲ ပို့ထားရတယ်လေ"

## ချွတ်ထားပေလို့ပေါ့

တစ်နေ့ရဲ့အရာရှိတစ်ယောက် အိပ်ပျော်ရင်းဆတ်ခနဲလန့်နိုးလာသည်။ မီးရောင်မှိန်မှိန်အောက်၌ လူရိပ်လိုလို တွေ့လိုက်ရသဖြင့် ခေါင်းအုံးအောက်မှ သေနတ်ကိုဆွဲထုတ်ရင်း လှမ်းပစ်လိုက်သည်။

မီးဖွင့်အကြည့် ကြိုးတန်းပေါ် ချိတ်လှမ်းထားသော သူ့ဘောင်းဘီရှည်ကိုသာ မြင်လိုက်ရသဖြင့် ငိုအားထက် ရယ်အားသန်ဖြစ်မိသည်။ ထိုအခိုက်ဇနီးဖြစ်သူ နိုးလာပြီး -



"တော်သေးတာပေါ့ရှင်. . . သူ့ဘောင်းဘီသာချွတ်မထားရင် ရှင့်ကိုသေနတ်မှန်မှာ သေချာတယ်"

## ကြော်ငြာကောင်းလို့

တစ်ခါက ဘုရားပွဲ၌ပေဒင်လက္ခဏာဆိုင်များ ရှိသည့်အနက် ချောင်အကျဆုံးနေရာ၌ရှိသော ဆိုင်ကလေး၏ ကြော်ငြာဆိုင်းဘုတ်မှာ ထူးခြားပေါ်လွင်ဆုံးပင် ဖြစ်နေ သည်။

အသင်ဒုက္ခတွေ ဗလပွေနှင့် ချွတ်ခြုံကျနေသောအခါ ဆရာလှရွှေနှင့် လာတွေ့ဖို့သတိရပါ။

နောက်တစ်ရက် နှစ်ရက်အကြာ ထိုဆိုင်ပိတ်ထားသည်ကို မြင်ရသဖြင့် -

"ဘာဖြစ်လို့ ပေဒင်ခန်းပိတ်ထားတာလဲ"

"ဆရာလှရွှေဆိုတဲ့လူကိုရိုက်ပြီး အကုန်လုံးချွတ်လုသွားလို့လေ"

"ဟာင်"

သူရေးထားသည့် ကြော်ငြာလေးကို ပြေးသတိရမိ၏။

www.burmeseclassic.com

www.burmeseclassic.com



## အဆို့အမိန့်

မိန်းမဟူသည် တို့ရှည်မသိ
အလိုရှိတိုင်း ထင်မိထင်ရာပြုတတ်၏။

မှန်လည်ဆရာတော်

အိမ်ထောင်ပြုခြင်းသည် မိန်းမနှင့်ယောကျ်ား
တစ်ယောက်နှင့်တစ်ယောက် တိုက်ပွဲကျင်းပခြင်းပင် ဖြစ်
ချေသတည်း။

မြန်မာ့လက်ဝှေ့အကျော်အမော်တစ်ဦး

## တွေးတဲ့အတိုင်း

တစ်ခါက သမီးဖြစ်သူက သူရည်ရွယ်ထားသော အိမ်ထောင်ဖက်ကောင်လေးကို ဖခင်နှင့်ပေးတွေ့ရန် နေ့လည်ဘက် အိမ်သို့ခေါ်လာသည်။

သမက်တော်ရမည့်သူကို အကဲခတ်ရင်း မသင်္ကာသလို ရှိသဖြင့် -

"မောင်ရင် အရက်သောက်တတ်လား"

"ဟာ . . အန်ကယ်ကလည်း . . ညနေမှအတူတူ သောက်



ကြတာပေါ့၊ လာရင်းကိစ္စလေးပဲ ဖြစ်သွားအောင် ပြောပါရစေ"

ဟုပြောလိုက်လေတော့သည်။

## လူမိုက်နဲ့ငွေ

လခထုတ်ရက်ဖြစ်၏။

သူငယ်ချင်းတစ်ယောက် ဒေါကန်ပြီးလဘက်ရည်ဆိုင်သို့ ထွက်လာသည်။

"ဘာဖြစ်လာတာလဲ"

"အဖေ့ကို ဒေါသထွက်လို့ပါကွာ"

"ဘာလို့လဲ ဆိုစမ်းပါဦး"

"မင်းပဲစဉ်းစားကြည့်လေ ငါလိမ်လိမ်မာမာနဲ့ အလုပ်လုပ်ပြန်တော့လည်း လခထုတ်တိုင်း လူမိုက်နဲ့ငွေအတူမနေ ဆိုပြီး ပိုက်ဆံတွေ သိမ်းသိမ်းသွားတယ်"

## ဖြတ်ဖို့ခက်တဲ့အရာ

"ငါကအရက်ကို ကွမ်းနဲ့ဖြတ်ခဲ့တယ်"

"အေးကောင်းတယ်"

"ကွမ်းကိုတော့ ဆေးလိပ်နဲ့ဖြတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်းကောင်းတာပါပဲ"

"ဆေးလိပ်ကို ရည်းစားကဖြတ်ခိုင်းလို့ လုံးဝမသောက်တော့ဘူး"

"မင်းကိုအားကျလိုက်တာ သူငယ်ချင်းရာ"

"နေဦး ငါ့စကားမဆုံးသေးဘူး၊ ရည်းစားကိုဘာနဲ့ ဖြတ်ရမလဲဆိုတာ မင်းစဉ်းစားပေးစမ်း"

## ရက်စက်မှု

ဆွီဒင်နိုင်ငံ ဂိုတက်ဘော်မြို့မှ ရေလုပ်သားတစ်ဦး တစ်ယောက်သည် သူ၏ဇနီးသည်အား ငရှဥ့်အရှင်နှင့် ရိုက်ရာ ငါးရှဥ့်သေဆုံးသွားသည်။

ဇနီးသည်က တရားစွဲ၏။

တရားသူကြီးက ငါးရှဥ့်အပေါ် ရက်စက်ရာရောက်သည်ဟု မှတ်ချက်ချကာ ဒဏ်ငွေ ၅ ဒေါ်လာရိုက်လိုက်လေသည်။

## ငွေစကားမပြောတဲ့ကိစ္စ

"အဲဒီမိန်းမက ငွေစကားလုံးဝ မပြောဘူး"

"ဟုတ်ရဲ့လားကွာ မိန်းမတိုင်း ငွေမက်ကြတာပဲ"



"ဟုတ်လို့ပြောတာပေါ့ကွာ သူ့နာမည်ကမငွေ၊ အကြွေးတွေကလည်းပိုင်းလို့ သူ့နာမည်ကိုထည့်ပြောရင် လူတွေသတိရ သွားမှာစိုးလို့ မေ့ထားတာ သိပြီလား"

## သူတို့မှ မကြည့်ဖူးတာ

"ဗီဒီယိုကြည့်တိုင်း မိန်းမတွေက မင်းသမီးဘာဝတ်တယ်ဆိုတာပဲ ကြည့်ပြီးအားကျနေတာတွေ မင်းသမီးက ဝတ်စုံတစ်စုံပြီးတစ်စုံ ချွတ်ပြနေတဲ့ ဇာတ်ကားကိုမှ မကြည့်ဘူးတာကွ"

## မျက်မှန်နက်တစ်လက်

"ကျွန်မမေရီကို ဈေးခကာအဖော်ခေါ်သွားမယ် စိတ်ချလက်ချ ထည့်လိုက်နော်"

"စိတ်ချပါတယ် အဲ ဒါပေမယ့် သူ့ကိုအဝတ်အစားတန်းဘက်ရောက်ရင် မျက်မှန်အနက်တစ်လက် တပ်ပေးလိုက်ဖို့ မမေ့နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



## အယ်သူနိုင်သလဲ

လင်မယားနှစ်ယောက် ပေါင်းသင်းလာခဲ့ပြီး တစ်နှစ်အကြာ တစ်နေ့ လျှာနှင့်သွားဆိုသလို ကိုက်မိကြသည်။

ကျွန်တော်က ဘွဲ့ယူစဉ်ရိုက်ထားသော ဓာတ်ပုံအား ပုံကြီးချဲ့၍ မှန်ဘောင်သွင်းကာ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိထားကြောင်း အသံတိတ်နည်းဖြင့် ဝံ့ကြွားလိုက်၏။

ဇနီးသည်က မီးဖိုချောင်မှ အိုးခွက်ပုဂံများကို ဆေးကြောသန့်စင်ပြီး ဘာမှမသိသလို အိပ်နေသည်။

ကျွန်တော်ဘာလုပ်ရမည်နည်း။

## စဉ်းစားနေတာ


"ငါ့သားကြီးရင် ဘာလုပ်မလဲ"

"အဲဒါကိုပဲသားနေ့တိုင်း စဉ်းစားလာခဲ့တာ ကိုးနှစ်ကျော်လာပါပြီ အခုထိအဖြေမရသေးပါဘူး ဖေဖေ"

"ဟေ"







## ကျိန်းသေပါတယ်

လူနာရှင်။ ။သေသေချာချာ စစ်ဆေးပါဦးဆရာရယ်၊ အရင်ဆရာဝန်တုန်းက ငှက်ဖျားဆိုပြီး ကျွန်မသားအကြီးလေး နမိုးနီးယားနဲ့ သေခဲ့ရတာ။

ဒေါက်တာ။ ။အခုခင်ဗျားသား အငယ်ကတော့ နမိုးနီးယားနဲ့ သေမှာသေချာပါတယ်။

## မျက်နှာပျက်ရအောင် မလုပ်ပါနဲ့

အလွန်ရှိုးလွန်းအလွန်းပြီး စိုးရိမ်လွန်ကဲတတ်သော စက်ချုပ်သမား မိန်းမကြီးထံသို့ အင်္ကျီအပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဖက်မယ့်ပုံစံမျိုးသာ ချုပ်ပေးပါဒေါ်ဒေါ်"

"ဒါတော့ မဖြစ်နိုင်ပါဘူးကွယ် မင်းမိဘတွေနဲ့ အဒေါ်မျက်နှာ မကြည့်ချင်လောက်အောင် ဖြစ်ရမယ့်အလုပ်မျိုးကို လုံးဝမလုပ် ပါရစေနဲ့"

## စကားပုံဟာသ

လင်တစ်ထမ်း မယားတစ်ရွက်ဆိုသကဲ့သို့ လင်မယားနှစ်ယောက် ဈေးရောင်းထွက်လာခဲ့သည်။

"ရော့. . . မင်းတစ်လှည့်ထမ်းဦး. . ထမင်းစားတာခြင်းအတူတူ. . မင်းက ပေါ့ပေါ့ပါးပါးလေးရွက်ပြီး ရေသာခိုချင်လို့ ဘယ်ဖြစ်မလဲ. . ရော့"

ထမ်းလာသော စဉ့်နီတုံးအား မိန်းမကိုထိုးအပ်၍ ဆကောများကို ခေါင်းပေါ်ရွက်ရန် တောင်းဆိုလိုက်လေသည်။

## လက်ထပ်ခြင်း အကျိုးအမြတ်

မိန်းမနှင့် ယောကျ်ားလက်ထပ်မင်္ဂလာဆောင်ပြီးသည်နှင့် ရရှိလာသော ဝင်ငွေ၏ဆယ်ပုံတစ်ပုံကိုသာ ခံစားခွင့်ရတော့မည်ဟု



ယောကျ်ားများ သိကြပါ . .

သင့်အမျိုးသမီးမှာ အကျိုးအမြတ် ငါးဆယ်ရာခိုင်နှုန်း ခံစားရပြီး ယောကျ်ားမှာ လေးဆယ်ရာခိုင်နှုန်း ရရှိနိုင်ပါသည်။



www.burmeseclassic.com